# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

အတွဲ (၅၄) အမှတ် (၁၅၁)

**Myanma Alinn Daily**

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်၊ စနေနေ့။


တိုင်းပြည်မှောက်မှားအောင် မတရားတာတွေကို လျှောက်ပြီးလုပ်နေမယ်၊ လူတွေကို အရမ်းမဲ့သားပုပ်လေလွင့် အကြည်ညိုပျက်အောင်၊ အသရေပျက်အောင် လုပ်မယ်ဆိုလို့ ရှိရင်တော့ဖြင့် ကျွန်တော်တို့သည်းခံပြီး မနေဘူးဆိုတာ တိတိလင်းလင်းပြောချင်တယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့ ပြောကြားခဲ့သော နှစ်သစ်ကူးမိန့်ခွန်းမှ ကောက်နုတ်ချက်)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိဘပြည်သူများသို့ ရေဒီယိုမှ မိန့်ခွန်းပြောကြားမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် ပြောကြားမည့် မိန့်ခွန်းအား မြန်မာ့အသံ၊ မန္တလေး FM၊ ပဥ္စဝတီ FM၊ ရွှေ FM၊ ချယ်ရီ FM၊ ပတ္တမြား FM၊ FM ပုဂံနှင့် သဇင်အသံလွှင့်ဌာနတို့မှ ၂၀၁၅ ခုနှစ် မတ်လ ၁ ရက်နှင့် ၂ ရက်နေ့တို့၌ နံနက် ၇ နာရီ၊ နံနက် ၁၁ နာရီ၊ ညနေ ၆ နာရီနှင့် ည ၈ နာရီတို့တွင် တစ်ရက်လျှင် (၄) ကြိမ်စီ ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

အဆိုပါ မိန့်ခွန်းအပြည့်အစုံကို မတ်လ ၁ ရက်နေ့ထုတ် သတင်းစာများတွင် ဖော်ပြသွားမည်ဖြစ်ပါသည်။ (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တိုက်ပွဲရှောင်ဒုက္ခသည်များအား တွေ့ဆုံအားပေးစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၇

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဦးစိုးသိန်း၊ ဦးလှထွန်း၊ ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဦးဉာဏ်ထွန်းအောင်၊ ဦးဝင်းမြင့်၊ ဦးရဲထွဋ်၊ ဒေါက်တာသန်းအောင်၊ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ ရှမ်းပြည်နယ် လားရှိုးမြို့သို့ ရောက်ရှိကြသည်။**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် လောက်ကိုင်ဒေသတိုက်ပွဲများ၌ နိုင်ငံတော်အတွက် ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင်ကာကွယ်ခဲ့ရာမှ ထိခိုက်ဒဏ်ရာ ရရှိခဲ့သော တပ်မတော်သားအရာရှိ စစ်သည်များနှင့် မိသားစုဝင်များအား လားရှိုး တပ်နယ် တပ်မတော်ဆေးရုံ၌ သွားရောက်တွေ့ဆုံပြီး တစ်ဦးချင်းစီ တွေ့ဆုံအားပေးကာ ဂုဏ်ပြုငွေကျပ်သိန်း ၁၀၀ နှင့် လက်ဆောင်ပစ္စည်း၊ စားသောက်ဖွယ်ရာများကို ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တပ်မတော်ဆေးရုံရှိ တပ်မှူးခန်းမ၌ ကျဆုံးစစ်သည်များ၏ မိသားစုဝင်များအား တွေ့ဆုံပြီး ထောက်ပံ့ငွေကျပ် ၁၅ သိန်းကို ပေးအပ်ကာ အားပေးစကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ကိုးကန့်သောင်းကျန်းသူများက အရပ်ဘက်ယာဉ်တန်းများအား ပစ်ခတ်တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည့် အရပ်သားများနှင့် ပညာရေးဝန်ထမ်းများအား ကြည့်ရှုအားပေးပြီး

*စာမျက်နှာ ၈ ကော်လံ ၁ ✻*



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်၌ တိုက်ပွဲရှောင်ဒုက္ခသည်များအား ရင်းနှီးနွေးထွေးစွာ အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

## အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ပတ်သက်၍ အမျိုး၊ ဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့ (ဗဟို)က အကြံပြုချက်များ ပေးပို့

စာမျက်နှာ-၃

## တက္ကသိုလ်ကျောင်းသား သမဂ္ဂရှင်းတမ်း

စာမျက်နှာ-၆

## အသေင်အကြမ်းဖက်မှုပြီးနောက် ဂျာမန်က ချေးငွေတိုးမြှင့်ရေးအစီအစဉ်ကို မဲခွဲဆုံးဖြတ်မည်

စာမျက်နှာ-၁၄




[illegible]

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ရင်ချင်းဆက်အမြွှာ ခွဲစိတ်မှုအောင်မြင်မှုမှတ်တိုင်သစ်

မြန်မာ့ဆေးပညာရှင်များ လောကတွင် အောင်မြင်စွာကုသနိုင်မှုတစ်ရပ်မှာ အမြွှာကလေးများ ခွဲစိတ်ပေးနိုင်မှုပင်ဖြစ်ပါသည်။ ရင်ချင်းဆက်၊ တင်ချင်းဆက်အမြွှာကလေးများကို အောင်မြင်စွာ ခွဲစိတ်ပေးလျက်ရှိပါသည်။ ဤသည်မှာ မြန်မာနိုင်ငံနှင့် မြန်မာ့ဆေးပညာရှင်များအတွက် ဂုဏ်ယူစရာပင်ဖြစ်ပါသည်။ ကလေးအမြွှာများကို ပြည်ပနိုင်ငံများသို့ သွားရောက်ခွဲစိတ်ကုသစရာမလိုဘဲ မြန်မာနိုင်ငံအတွင်း၌ပင် ခွဲစိတ်ကုသပေးနိုင်ခြင်းသည် မြန်မာ့ဆေးပညာလောက၏ တိုးတက်မှုသမိုင်းမှတ်တိုင်သစ်ပင်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ရန်ကုန်ကလေးဆေးရုံကြီး၌ ဖေဖော်ဝါရီ ၂၄ ရက်တွင် အသက် တစ်နှစ်နှင့် ခုနစ်လအရွယ်ရှိ (ဘောဘီမိုးသူဇာ ၁ နှင့် ၂)တို့ကို အောင်မြင်စွာခွဲစိတ်ကုသပေးနိုင်ခဲ့ပြီ ဖြစ်ပါသည်။ ရင်ချင်းဆက်အမြွှာညီအစ်မအား ရန်ကုန်ကလေးဆေးရုံကြီးမှ ခွဲစိတ်အထူးကုဆရာဝန် ပါမောက္ခ ဒေါက်တာဦးထူးဟန်၊ ရန်ကင်းကလေးဆေးရုံကြီးမှ ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါ်အေးအေး၊ ကလေးကျန်းမာရေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာဦးရဲမြင့်ကျော်၊ ရန်ကုန် ပြည်သူ့ဆေးရုံကြီးမှ မေ့ဆေးအထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါ်ကြည်ကြည်စိန်းနှင့် မေ့ဆေးအထူးကု ဆရာဝန်ကြီး ဒေါက်တာမြစိုးတို့ ဦးဆောင်သော ဆရာဝန် ဆရာမများက အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ခန္ဓာကိုယ်ချင်းဆက်အမြွှာခွဲစိတ်မှုကို ၁၉၇၁ ခုနှစ်က မနန်းစိုး၊ မနန်းစံ ရင်ချင်းဆက် အမြွှာအား ပထမဆုံးအကြိမ်အဖြစ် အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ပါသည်။ ထို့နောက် ၁၉၉၃ ခုနှစ်တွင် အေးအေးငြိမ်း၊ အိအိငြိမ်း ရင်ချင်းဆက်အမြွှာကို ရန်ကုန်ကလေးဆေးရုံကြီး၌ပင် အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ပါသည်။ ထို့အပြင် ၂၀၀၂ ခုနှစ်တွင် မိုးမမအောင်၊ မိုးပပအောင် တင်ချင်းဆက်အမြွှာကို မန္တလေးကလေးဆေးရုံကြီး၌ အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ပါသည်။

၂၀၀၉ ခုနှစ်တွင် စိုပြေလင်း၊ စိုပြေဝင်း ရင်ချင်းဆက်အမြွှာ၊ ၂၀၁၁ ခုနှစ်တွင် အင်ကြင်းခိုင်၊ အင်ကြင်းလှိုင် ရင်ချင်းဆက်အမြွှာနှင့် ရန်ကင်း၊ ရန်ရှင်း ရင်ချင်းဆက်အမြွှာ၊၂၀၁၂ ခုနှစ်တွင် ဘောဘီချို ချိုဝင်း ရင်ချင်းဆက်အမြွှာတို့ကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ရာ မြန်မာ့ဆေးလောက၏ ရင်ချင်းဆက်အမြွှာခွဲစိတ်မှု ကိုးကြိမ်ရှိသည့်အနက် ယခုခွဲစိတ်မှုသည် ရန်ကုန်ကလေးဆေးရုံကြီး၌ ခွဲစိတ်မှုသည် သတ္တမမြောက် ရင်ချင်းဆက်အမြွှာခွဲစိတ်မှုပင်ဖြစ်ပါသည်။

ဤသို့အားဖြင့် မြန်မာ့ဆေးပညာလောက၏ အောင်မြင်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ရမည် ဖြစ်ပါသည်။ မျိုးဆက်သစ်လူငယ်ဆရာဝန်များအား ခွဲစိတ်အတတ်ပညာများ ဖြန့်ဝေပေးနိုင်ရမည်ဖြစ်ပါသည်။ ဤကဲ့သို့ ရင်ချင်းဆက်အမြွှာ ခွဲစိတ်မှုသာမက အခြားအခြားသော ရောဂါများ၊ ခွဲစိတ်ကုသမှုများကိုလည်း ပြည်ပတိုင်းပြည်များသို့ သွားရောက်ကုသစရာမလိုဘဲ မြန်မာနိုင်ငံအတွင်း၌ အောင်မြင်စွာ ကုသနိုင်ရန် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပါသည်။ မြန်မာ့ဆေးပညာလောက တိုးတက် အဆင့်မြင့်မားလာသည်နှင့်အမျှ ပြည်သူများ၏ ကျန်းမာရေးပြုစုစောင့်ရှောက်မှုလုပ်ငန်းသည်လည်း တိုးတက်လာမည်ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# ဂျပန်တိုကျိုတက္ကသိုလ်နှင့် ရန်ကုန်နည်းပညာတက္ကသိုလ်တို့ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၁၀ နာရီခွဲတွင် JICA Myanmar Office မှ Senior Representative ဖြစ်သူ Mr. Kyosuke INADA နှင့် အဖွဲ့အား နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ်နှင့် ရန်ကုန်နည်းပညာတက္ကသိုလ်တို့ ပူးပေါင်းဆောင်ရွက်မည့် "Project for Development of a Comprehensive Disaster Resilience System and Collaboration Platform" နှင့် ပတ်သက်သည့် ကိစ္စရပ်များ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနသို့ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (Japan International Cooperation Agency-JICA) မှ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် စေလွှတ်မည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးသည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မည့်စီမံကိန်း၌ အဓိကအားဖြင့် လေပြင်းမြစ်ရေကြီးခြင်းနှင့် ဒီရေတို့ကြောင့် ဖြစ်ပေါ်လာမည့် သဘာဝဘေးအန္တရာယ်များ လျော့ပါးရေးဆိုင်ရာလုပ်ငန်းများကို ပဲခူးမြစ်ဝှမ်းဒေသနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် သုတေသနပြုလုပ်မည်ဖြစ်သည်။ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် တိုကျိုတက္ကသိုလ်တို့မှ စီမံကိန်းအသေးစိတ် အချက်အလက်များကို အခြေခံမူဘောင် (Project Design Matrix-PDM) အဖြစ် ညှိနှိုင်းရေးဆွဲထားရှိပြီး စီမံကိန်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ငါးသန်းဖြစ်သည်။ ဂျပန်နိုင်ငံအစိုးရ၏ Science and Technology Research Partnership for Sustainable Development (SATREPS) မှ Japan Science and Technology Agency (JST)-Japan International Cooperation Agency (JICA) Program အစီအစဉ်၏ အထောက်အပံ့ဖြင့် ဆောင်ရွက်မည့် စီမံကိန်းဖြစ်သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ JICA Myanmar Office မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ကိုယ်ဝန်ဆောင်မိခင်များအား အစားအစာများနှင့် လိုအပ်သည်များ ထောက်ပံ့



စွမ်းအင်ဝန်ကြီးဌာန မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့နာယက ပြည်ထောင်စုဝန်ကြီး၏ ဇနီးဒေါ်သူဇာဝေနှင့် အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်စဉ်။ (စွမ်းအင်)

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

စွမ်းအင်ဝန်ကြီးဌာန မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာ အဖွဲ့နာယက ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်သူဇာဝေဦးဆောင်သော အမှုဆောင်များနှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီက စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ဝန်ကြီးဌာနအတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် မီးဖွားပြီး မိခင်တို့အား တစ်ဦးလျှင် Obimin နှင့် Folic Acid၊ ကြက်ဥ၊ နို့မှုန့်၊ အာလူး၊ ကုလားပဲ၊ ဆပ်ပြာမွှေးဆီ၊ Overtine၊ Sunday ကွေကာ၊ အာဟာရမုန့်များစုစုပေါင်း တန်ဖိုးငွေကျပ် ၃၆၁၂၅၀ ရှိ ပစ္စည်းများကို ပေးအပ်ထောက်ပံ့ခဲ့ပြီး လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။

စွမ်းအင်ဝန်ကြီးဌာန မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့သည် ဝန်ကြီးဌာနအတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် မီးဖွားပြီးစမိခင်များကို တစ်ပိုင်တစ်နိုင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် အာဟာရဖြစ်စေမည့် ဆေးဝါး၊ အစားအစာနှင့် အသုံးအဆောင်ပစ္စည်းများကို ၂၀၁၄ ခုနှစ် မတ် ၂၁ ရက်မှ စတင်၍ လစဉ်ထောက်ပံ့ပေးလျက်ရှိရာ ယခုထောက်ပံ့ပေးအပ်မှုသည် (၁၂) ကြိမ်မြောက်ရှိပြီဖြစ်သည်။ ထို့အပြင် မီးဖွားပြီးစ မိခင်များသို့လည်း အနှီးပိတ်၊ စောင်နှင့် အာဟာရဖြစ်စေမည့် ဆေးဝါးနှင့် အစားအစာများကိုလည်း ပုံမှန်ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

**ပြည်သူ့အကျိုး ဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့**

# မောင်းနှင်ထိန်းသိမ်းမှု သင်တန်းဖွင့်

**ပေါက်ခေါင်း ဖေဖော်ဝါရီ ၂၇**

တောင်သူပညာပေး လယ်ယာသုံး စက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းကို ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် အမှတ် (၅၈) စက်မှုလယ်ယာစခန်း၌ ဖေဖော်ဝါရီ ၂၃ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် ထွန်စက်နှင့် ထွန်စက်ကိရိယာများ၏အခြေခံသဘောတရားများနှင့် ထွန်ယက်မှုဘာသာရပ် လက်တွန်းထွန်စက်များ၏ စက်မှုပိုင်းဆိုင်ရာ အချက်အလက်များ စပါးခြွေစက်အသုံးပြုနည်းနှင့် ထွန်စက်မောင်းနှင်ခြင်းလက်တွေ့ မောင်းနှင်ခြင်းပုံစံအဆင့်ဆင့်တို့ကို စာတွေ့လက်တွေ့ ပေါင်းစပ်သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**(၁၀၅)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၇-၂-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၃၃၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၃၅၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၆ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၇၅ |
| အောက်တိန်း၉၂ | တစ်လီတာ | ကျပ် ၆၃၀ |
| အောက်တိန်း၉၅ | တစ်လီတာ | ကျပ် ၈၈၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၀၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၃၆-၁၀၃၈ |
| ဥရောပ | တစ်ယူရို | ၁၂၀၀-၁၂၁၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၆-၇၈၀ |
| ထိုင်း | တစ်ဘတ် | ၃၁-၃၃.၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၅-၁၆ |
| တရုတ် | တစ်ယွမ် | ၁၆၃-၁၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၅ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် | တစ်အိတ် | ၁၈၀၀၀-၁၈၅၀၀ |
| မိုးဆန်သစ် (မနော်သုခ) | တစ်အိတ် | ၁၇၀၀၀-၁၇၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၇၀၀၀-၃၁၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၈၅ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၀၀-၃၇၅ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၃၅၀-၂၇၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၅၂၅ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၃၆၀-၆၇၀ |
| ရေတိရှည် (မိုးထောင်) | တစ်ပိဿာ | ၂၄၀၀-၂၆၅၀ |
| ရေတိပွ (စိမ်းစား) | တစ်ပိဿာ | ၅၀၀၀-၅၄၀၀ |
| သကြား | တစ်ပိဿာ | ၈၁၅-၈၅၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပြည်တွင်းသတင်း

# သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေး တတိယနေ့ကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေး တတိယနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် သာသနာရေးဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်းများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေး၏ ဩဝါဒါစရိယဆရာတော်ကြီးငါးပါးကို တင်မြှောက်တော်မူသည်။

ယင်းနောက် သတ္တမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေး၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဝိဇ္ဇောဒယ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)က သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဓမ္မပါလာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ထို့နောက် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တဓမ္မပါလာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)က သံဃာ့အဖွဲ့အစည်း လုပ်ထုံး လုပ်နည်းနှင့်အညီ နိုင်ငံတော်သံဃမဟာနာယက ရွေးချယ်တင်မြှောက်ခံပိုင်ခွင့် ရရှိရေးဆောင်ရွက်ပေးရန်ကိစ္စ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သောအစီရင်ခံစာအပေါ် ဝေဖန်ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းလျှောက်ထား၍ အတည်ပြုချက်ရယူသည်။ ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး နံနက်ပိုင်းအစည်းအဝေးကို ခေတ္တရပ်နားသည်။ မွန်းလွဲ ၁ နာရီတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့ဝင်ဆရာတော်များအား နိုင်ငံတော်ဝိနည်းဓိုရ် လက်မှတ်များ ဆက်ကပ်ပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေးတွင် ချမှတ်ခဲ့သည့် အစားထိုးရွေးချယ်ခဲ့မှုများ၊ ဆုံးဖြတ်ချက်များ၊ မှတ်တမ်းတင်ချက်များကို သာသနာ့သမိုင်းဝင် မှတ်တမ်းစာအုပ်ကြီး၌ ဩဝါဒါစရိယဆရာတော်ကြီး (၁၅) ပါး၊ ဥက္ကဋ္ဌဆရာတော်၊ အကျိုးတော်ဆောင်ဆရာတော်၊ ဂိုဏ်းအသီးသီးနှင့် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတို့မှ ကိုယ်စားလှယ်တစ်ပါးကျစီ လက်မှတ်ရေးထိုးတော်မူကြသည်။

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့အဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးထံမှ နိဂုံးချုပ်ဩဝါဒကထာကိုနာယူပြီး အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များအားလုံးက "ဇယန္တောဗောဓိယာမူလေ" အစချီသော နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီးနောက် "သာဓု" သုံးကြိမ်ခေါ်ဆိုလျက် သတ္တမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေး တတိယနေ့ကို မွန်းလွဲ ၂ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား အလှူ့ရှင်မဟာသရေစည်သူ (ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး-ငြိမ်း)ဇနီး ဒေါ်ခင်သန်းနွဲ့ မိသားစု၊ မဟာသရေစည်သူ (ဗိုလ်ချုပ်ကြီး စိုးဝင်း)ဇနီး ဒေါ်သန်းသန်းနွဲ့ မိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုဇနီး ဒေါ်ခင်လေးမြင့်မိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း (ငြိမ်း)ဇနီး ဒေါ်မာလာတင့်မိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး(ငြိမ်း)ဇနီး ဒေါ်ခင်နှင်းဝေ မိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း) ဇနီး ဒေါက်တာ ဒေါ်တင်လင်းမြင့်မိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း(ငြိမ်း) ဇနီး (ဒေါ်စန်းစန်းရီ) မိသားစုနှင့် မဟာသရေစည်သူ ဗိုလ်ချုပ်တင်ငွေ(ငြိမ်း) ဇနီး ဒေါ်နန်းခင်လှဝင်း မိသားစုတို့က တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပတ်သက်၍ အမျိုး၊ ဘာသာ သာသနာ စောင့်ရှောက်ရေးအဖွဲ့(ဗဟို)က အကြံပြုချက်များပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပတ်သက်၍ အမျိုး၊ ဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)က ၂၂-၂-၂၀၁၅ ရက်တွင် အကြံပြုချက်များ ပေးပို့ခဲ့ကြောင်း သိရှိရသည်။

အမျိုး၊ ဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)၏ အကြံပြုစာတွင် အကြံပြုချက်များ ပေးပို့ရခြင်းအကြောင်းရင်းကို ဖော်ပြရာ၌ ပညာရေးသည် လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေး စသည့် လွှမ်းမိုးမှုမဖြစ်သင့်ပါ၊ လွတ်လပ်သော ပညာရေးသာ ဖြစ်သင့်ပါသည်၊ ပညာရေးစီမံမှု စနစ်မကျလျှင် တိုင်းပြည်နှင့်လူမျိုးရော၊ အမျိုးသားရေးလက္ခဏာများရော၊ ယဉ်ကျေးမှုများရော ပျောက်သွားနိုင်သည်၊ လေးပွင့်ဆိုင်ဆွေးနွေးပွဲမှတင်ပြသော အမျိုးသားပညာရေး ဥပဒေကြမ်းသည် အမျိုးသားရေးအတွက်မဖြစ်ဘဲ လူမျိုးခြား၊ ဘာသာခြားအတွက်သာ ဖြစ်နေသည်ကို တွေ့ရသည်၊ ပညာရေး သပိတ်စစ်ကြောင်းရလဒ်များသည် လူတစ်စုကသာ ခြယ်လှယ်လုပ်ကိုင်သွားခြင်းကြောင့် တကယ့်တိုင်းရင်းသား ကျောင်းသူ၊ ကျောင်းသားလေးများ၏ တကယ့်ဆန္ဒကို ကိုယ်စားမပြုသည်ကို တွေ့ရသည်၊ တကယ့်ကျောင်းသားလေးအတွက် အငှားဗိုက်နှင့် ဓားထိုးခံသွားရသလို ဖြစ်နေသည်၊ ပညာရေးဥပဒေဆိုသော်လည်း ဘာသာရေးအတွက်၊ နိုင်ငံရေးအတွက် အမြတ်ထုတ်လို၍ ရည်ရွယ်ချက်ရှိရှိ လူတစ်စုရေးဆွဲထားသော ရေးဆွဲချက်သက်သက်ဖြစ်နေသည်ကို တွေ့ရသည်၊ ဤသို့ တိုင်းပြည်နှင့်လူမျိုးနစ်နာဆုံးရှုံးမှုများ မဖြစ်စေရန် ရည်သန်၍ အမျိုး၊ ဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့ကြီးက ဦးဆောင်၍ တစ်နိုင်ငံလုံးရှိ ရဟန်းရှင်လူပြည်သူအားလုံး၏ ကိုယ်စား အကြံပြုချက်များကို ပေးပို့အပ်ပါသည်ဟု ဖော်ပြထားသည်။

ယင်းအဖွဲ့၏ အကြံပြုချက်များတွင် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ပုဒ်မ ၄ ပုဒ်မခွဲ(ဌ)၌ပါရှိသည့် တက္ကသိုလ်ဝင်ခွင့်အတွက် သင်ယူလိုသည့်ဘာသာရပ်နှင့် တက္ကသိုလ်ကို ကျောင်းသား ကိုယ်တိုင်ဆုံးဖြတ်ရွေးချယ်ခွင့်ရှိရန်၊ တက္ကသိုလ်ဝင်ခွင့်သည် အခြေခံပညာအထက်တန်း စာမေးပွဲရမှတ်ဖြင့် ဆုံးဖြတ်ခြင်းမဟုတ်ဘဲ သင်ယူမည့်ဘာသာရပ်၏ လိုအပ်ချက်အရ ကျောင်းသားများ၏ လေ့လာသင်ယူထားရှိမှုအပေါ် အခြေခံရွေးချယ်ရန်၊ ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာ လိုအပ်ချက်များကို တက္ကသိုလ်က ဖြည့်ဆည်းပေးသည့်စနစ်ထားရှိရေးဟု ထည့်သွင်းထားမှုနှင့် ပတ်သက်၍ ကျောင်းသားများ စိတ်ကြိုက်တက္ကသိုလ်ရွေးချယ်ခွင့်ရှိသော်လည်း သက်ဆိုင်ရာတက္ကသိုလ်၏ အရည်အချင်းစစ် ဝင်ခွင့်စာမေးပွဲဖြင့်သာ လက်ခံရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဤပုဒ်မခွဲကို ပယ်ဖျက်သင့်ပါကြောင်း။

ပြင်ဆင်သည့် ဥပဒေကြမ်း အခန်း(၄)ပုဒ်မ ၅(က) ပုဒ်မခွဲ(ငင)ကျောင်းအုပ်ချုပ်ရေးအဖွဲ့တွင် ကျောင်းသားသမဂ္ဂမှ ကိုယ်စားလှယ်များ ပါဝင်ရမည်ဆိုခြင်းနှင့် ပတ်သက်ပြီး ကျောင်းအုပ်ချုပ်ရေးဖြစ်၍ ကျောင်းသားများနှင့် မဆိုင်ကြောင်း၊ အောင်မြင်သည့် ကမ္ဘာကျော်တက္ကသိုလ်ကြီးများ၌ပင် ကျောင်းသားများ ထင်ရာလုပ်ပိုင်ခွင့်မရှိကြောင်း၊ ထို့ကြောင့် ဤပုဒ်မခွဲကို ပယ်ဖျက်သင့်ပါကြောင်း။

ဥပဒေကြမ်း ပုဒ်မ ၅ (င)တွင်ပါရှိသည့် သင်ကြားရေးတွင် ဘာသာစကားသုံးမျိုးစနစ်ဖြစ်သော မိခင်ဘာသာစကား၊ မြန်မာဘာသာစကား၊ အင်္ဂလိပ်ဘာသာစကားတို့ကို အသုံးပြုသင်ကြားမည်ဟူသည့် အချက်နှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံအသီးသီးမှာပင် နိုင်ငံလုံးဆိုင်ရာ အများသုံးမိခင်ဘာသာစကားရှိသကဲ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အများသုံးမိခင်ဘာသာစကားသည်လည်း မြန်မာစာ မြန်မာစကားပင်ဖြစ်သောကြောင့် မိခင်ဘာသာဟူသည် မြန်မာနိုင်ငံအတွက် မြန်မာစာ မြန်မာစကားသာ ဖြစ်သင့်ကြောင်း၊ ကမ္ဘာသုံးအတွက် အင်္ဂလိပ်ဘာသာလည်း တွဲဖက်သင်ကြားသင့်ကြောင်း၊ မြန်မာ့တိုင်းရင်းသားများအတွက် သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကားသင်ကျောင်းများကို နိုင်ငံတော်မှ ဦးဆောင်စီစဉ်ပေးသင့်ပါကြောင်း အကြံပြုထားသည်။

ထို့အပြင် ဥပဒေကြမ်း အခန်း(၆) ပုဒ်မ ၃၄ ပုဒ်မခွဲ(ည) အခြားဘာသာရေးအဖွဲ့အစည်းများမှ ဖွင့်လှစ်ထားသော ပညာရေးကျောင်းများဟု အသစ်ဖြည့်စွက်ချက်မှာ ပညာရေးသည် ဘာသာရေး၊ လူမျိုးရေး၊ နိုင်ငံရေး စသည် လွှမ်းမိုးမှုကင်းရမည်ဖြစ်သောကြောင့် ဤပုဒ်မခွဲ(ည)ကို လုံးဝပယ်ဖျက်သင့်ကြောင်း။

ပုဒ်မ ၆၆ ပုဒ်မခွဲ(ခ) အသွင်ကူးပြောင်းရေးကာလတွင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့် နစ်နာဆုံးရှုံးမှုရှိသူတိုင်း ဘဝတစ်လျှောက်လုံးပညာသင်ယူခွင့်ရှိစေရမည်ဟူသည်မှာ အရွယ်လွန်သူများအတွက် သက်ကြီးတက္ကသိုလ်စသော စနစ်ဖြင့်သာ သင်ကြားသင့်ကြောင်း။

ဥပဒေကြမ်း ပုဒ်မ ၆၈ ပုဒ်မခွဲ(ခ)အား ပယ်ဖျက်ထားခြင်းနှင့် ပတ်သက်၍ မူလဥပဒေပုဒ်မ ၆၈(ခ)တွင် ဖော်ပြထားသည့် ပြည်တွင်းရှိ လူမှုရေး၊ ဘာသာရေး အသင်းအဖွဲ့များက ပုဒ်မ ၃၄ ပုဒ်မခွဲ(ဈ)တွင် အကျုံးဝင်သော ကျောင်းများကို ဖွင့်လှစ်လိုလျှင် ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့က ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်ဆိုသည့် အချက်မှာ ကောင်းမွန်သည့်အတွက် လုံးဝမဖျက်သင့်ကြောင်း စသည်ဖြင့် အကြံပြုထားကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

**ဥပဒေကြမ်း ပုဒ်မ ၆၈ ပုဒ်မခွဲ(ခ)အား ပယ်ဖျက်ထားခြင်းနှင့်ပတ်သက်၍ မူလဥပဒေပုဒ်မ ၆၈(ခ)တွင် ဖော်ပြထားသည့် ပြည်တွင်းရှိ လူမှုရေး၊ ဘာသာရေး၊ အသင်းအဖွဲ့များက ပုဒ်မ ၃၄ ပုဒ်မခွဲ(ဈ)တွင် အကျုံးဝင်သော ကျောင်းများကို ဖွင့်လှစ်လိုလျှင် ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့က ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်ဆိုသည့်အချက်မှာ ကောင်းမွန်သည့်အတွက် လုံးဝမဖျက်သင့်ကြောင်း စသည်ဖြင့် အကြံပြုထား**

# ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးအသိပညာသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ(၂)၌ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲအရာရှိများအား ပို့ချပေးလျက်ရှိသော ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး အသိပညာပေး သင်တန်းဆင်းပွဲကို ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်၊ ဒုတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းဗိုလ်၊ ခရိုင်ရဲတပ်ဖွဲ့မှူးများနှင့် သင်တန်းသားရဲအရာရှိများ တက်ရောက်ခဲ့ကြသည်။

သင်တန်းဆင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက သင်တန်းသားများအား ဥပဒေပြဋ္ဌာန်းချက်များ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။

အဆိုပါသင်တန်းအား ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ရဲအရာရှိ ၅၀ ကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



လွှတ်တော်ရေးရာ

# ပြည်ထောင်စုလွှတ်တော်နာယက သူရ ဦးရွှေမန်း လာအို၊ ဩစတြေးလျနိုင်ငံ သံအမတ်ကြီးတို့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ လိုင်ရင်း ဆိုင်ညဇန် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အလားတူ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဩစတြေးလျနိုင်ငံသံအမတ်ကြီး မစ္စတာ နီကိုးလတ် ကော့ပယ်လ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲများသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လိုင်ရင်း ဆိုင်ညဇန်အား လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ကောင်းမွန်မှန်ကန်သော တင်ဒါစနစ်ကို စနစ်တကျဆောင်ရွက်ခြင်းဖြင့် ဘဏ္ဍာငွေများ မှန်ကန်စွာအသုံးပြုနိုင်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ သွားရောက်ခဲ့သည့် ပြည်ပခရီးစဉ်များကို လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်သည်။

ထို့နောက် **၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ မူနှင့် အခြေခံသဘောအပါအဝင် စီမံကိန်းလုပ်ငန်းများနှင့်** စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြသည်။

**ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း**က ကျန်းမာရေးဘတ်ဂျက်များ ပိုမိုချထားပေးသည်နှင့်အမျှ ဆေးရုံ၊ ဆေးခန်း၊ ဌာနသစ်များရရှိလာပါကြောင်း၊ တိုးပွားလာသည့်ဌာနသစ်၊ အဆောက်အသစ်များနှင့်အတူ ဝန်ထမ်းများကိုလည်း စနစ်တကျစီမံကိန်းများရေးဆွဲပြီး တိုးချဲ့ခန့်အပ်ရမည်ဖြစ်ပါကြောင်း၊ ရှိပြီးသားဝန်ထမ်းများကိုလည်း သူ့နေရာနှင့်သူ ချထားပေးရန်လိုအပ်ပါကြောင်း၊ သို့မှသာ နိုင်ငံသားများသည် ကိုယ့်ဒေသ၊ ကိုယ့်မြို့နယ်တွင် ညီမျှသည့်ကျန်းမာရေးဝန်ဆောင်မှုများ ရရှိမည်ဖြစ်ပါကြောင်း၊ မြို့နယ်အလိုက်ရေးဆွဲထားသည့်စီမံချက်များအပေါ်တွင် အခြေခံပြီးရေးဆွဲမည်ဆိုပါက ကျန်းမာရေးလိုအပ်ချက်များ တစ်မြို့နယ်နှင့်တစ်မြို့နယ် မျှတလုံလောက်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။



ပြည်ထောင်စု လွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာ **ဆွေးနွေးစဉ်။** (သတင်းစဉ်)

**ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ**က လက်ရှိကျင့်သုံးနေသော ပညာရေးအခြေခံမူသဘောအရ အခြေခံပညာမူလတန်းကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်းများ တိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ခြင်းဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲရမည်။ မူလတန်းကျောင်းဆိုလျှင် ကျောင်းသားအင်အား ၁၀၀ ရှိရမည်။ အထက်တန်းကျောင်းဆိုလျှင် ကျောင်းသားအင်အား ၁၀၀၀ ရှိရမည်။ ကျောင်းဆောင်ရှိရမည်။ ပရိဘောဂရှိရမည်ဆိုသော အခြေခံမူများ သတ်မှတ်ဆောင်ရွက်လုပ်ကိုင်ခြင်းကြောင့် မူလတန်းကျောင်း(ခွဲ)များ တိုးချဲ့မှုလျော့နည်းခဲ့ပါကြောင်း၊ အလယ်တန်းကျောင်း(ခွဲ)နှင့် အထက်တန်းကျောင်း(ခွဲ) အဆင့်မြှင့်တင်မှုများလည်း နည်းခဲ့ပါကြောင်း၊ ထို့ကြောင့် ကျောင်းနေအရွယ်ကျောင်းသားများ ကျောင်းမတက်နိုင်ဘဲ ကျောင်းထွက်နှုန်းမြင့်မားပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် အလယ်တန်း၊ အထက်တန်းကူးပြောင်းနှုန်းများလည်း လျော့နည်းနေသည်ကို တွေ့ရှိရပါကြောင်းဖြင့် ဆွေးနွေးသည်။

**မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဇော်မြင့်ဖေ**က ဘဏ်များ၏ငွေပေးချေမှု စနစ်တိုးတက်ကောင်းမွန်အောင် ပြုပြင်အားပေးပြီး ပြည်သူများဘဏ်အသုံးချမှုတိုးပွားလာအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဌာနများ၏အသုံးစရိတ်ကို လုပ်ငန်းများထပ်မနေစေရန် စိစစ်သွားရမည်ဖြစ်ပါကြောင်း၊ သာမန်သုံးငွေနှင့် ငွေလုံးငွေရင်းအသုံးစရိတ်များကို တင်းကျပ်စွာထိန်းချုပ်သုံးစွဲသွားရမည်ဖြစ်ပါကြောင်း၊ ခေါင်းစဉ်ပြောင်းသုံးစွဲခြင်းမျိုး ကွယ်ပျောက်သွားရန် တိတိကျကျစနစ်ချပြီး စိစစ်ရမည်ဖြစ်ပြီး နိုင်ငံခြားချေးငွေများကို ယခုထက်ပိုမို၍ အဆင့်ဆင့်တင်းကြပ်စိစစ်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။



**ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ဆွေးနွေးစဉ်။** (သတင်းစဉ်)

**ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း**က အဓိကလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကဏ္ဍတွင် ဆရာဝန်၊ သူနာပြု၊ သားဖွားဆရာမ စသည့် လူသားအရင်းအမြစ်များကို ပိုမိုမွေးထုတ်ရန် လိုအပ်နေသည့်အတွက် လူသားအရင်းအမြစ်မွေးထုတ်ရေးစီမံကိန်းများကို ဦးစားပေးဆောင်ရွက်ပေးရန်အကြံပြုလိုပါကြောင်း၊ လုပ်ငန်းစီမံကိန်းများသတ်မှတ်ရာတွင် နေရာဒေသအကျယ်အဝန်း၊ လူဦးရေထူထပ်မှု၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုနှင့် ဝေးလံခေါင်းပါးမှုများကို အခြေမခံသင့်ပါကြောင်း၊ တူညီသောရည်မှန်းချက်ပန်းတိုင်ကို တည်ဆောက်သည့်နေရာတွင် ပြည်သူလူထု၏ယုံကြည်မှုရရှိရန် လိုအပ်ပါကြောင်း၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်သည့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ လူတိုင်း သက်တမ်းစေ့နေနိုင်ပြီး ရောဂါဘယကင်းဝေးရေးနှင့် ပြည်သူလူထု၏ ကျန်းမာရေးစနစ် ပိုမိုကောင်းမွန်စေရေးအတွက် ဆောင်ရွက်ကြရာတွင် ကောင်းမွန်သည့် မူဝါဒ၊ မျှတသည့်စီမံကိန်း၊ တာဝန်ယူ၊ တာဝန်ခံ၊ တာဝန်သိမှုတို့ဖြင့် အားလုံးပေါင်းစည်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး**က ဝန်ထမ်းဖွဲ့စည်းပုံများကို ကျစ်လျစ်စွာ ခန့်ထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ဝန်ထမ်းများကို တိကျသည့် လစာတစ်ရပ်တိုးမြှင့်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ကျစ်လစ်သည့် ဝန်ထမ်းဖွဲ့စည်းပုံဖြင့် သွားမှသာ ထိုက်တန်သည့် လုပ်ခလစာ (သို့မဟုတ်) မိမိဘာသာရပ်တည်နိုင်သည့် အနေအထားကိုပေးနိုင်မည် ဖြစ်ပါကြောင်း၊ ထိုက်တန်သည့်လစာပေးနိုင်မှသာ quality ကို ရရှိမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက** ဦးနန္ဒကျော်စွာက ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်သည့်အချိန်ကာလတွင် တင်ဒါစနစ်များကို စနစ်တကျစီမံခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် စစ်ဆေးခြင်းများ ဆောင်ရွက်နိုင်ပါက ပြည်သူ့ငွေများကို အလေအလွင့်မရှိ သုံးစွဲနိုင်မည် ဖြစ်သည့်အပြင် ဈေးကွက်အရလည်း ကောင်းမွန်သော ယှဉ်ပြိုင်မှုများကို ဖြစ်ထွန်းလာစေပြီး အရည်အသွေးပါ ပိုမိုမြင့်လာစေမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရက စီမံကိန်းလုပ်ငန်းများ ခွင့်ပြုဆောင်ရွက်ရာတွင် အမှန်တကယ် လိုအပ်၊ မလိုအပ်နှင့် အမှန်တကယ်လိုအပ်ခဲ့လျှင် အမှန်တကယ် သုံး၊ မသုံး စိစစ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ကောင်းမွန် မှန်ကန်သော တင်ဒါစနစ်ကို လက်တွေ့ကျကျ စနစ်တကျဆောင်ရွက်ခြင်းဖြင့် ပြည်သူနှင့်နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာငွေများကို မှန်ကန်စွာ အသုံးပြုနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းဥပဒေကြမ်း၏ မူနှင့်အခြေခံသဘောအပါအဝင် စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးခြင်းပြီးဆုံးကြောင်းနှင့် ကိုယ်စားလှယ်များ၏ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းကို မတ်လ ၅ ရက်နှင့် ၆ ရက်တွင် ဆက်လက်ဆောင်ရွက်ရန် လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

## အကြောအဆစ်နှင့် ကိုယ်အင်္ဂါ ပြန်လည်သန်စွမ်းရေး ဆေးပညာအဖွဲ့ ဉာဏ်သစ်လောင်းဆွေးနွေးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အကြောအဆစ်နှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာအဖွဲ့မှကြီးမှူးကျင်းပမည့် Refresher Course on Care Stablization ကို ၂၀၁၅ ခုနှစ် မတ် ၇ ရက်တွင် နံနက် ၈ နာရီမှ ၁၂နာရီခွဲအထိ အမှတ် ၂၄၉၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုပါက မတ် ၇ ရက် နံနက် ၈ နာရီမှ ၈ နာရီခွဲအတွင်း မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)တွင် လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



## လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အဖွဲ့ဝင် ၂၂၄ ဦး၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အဖွဲ့ဝင် ၁၆၈ ဦး၊ ပဲခူးတိုင်းဒေသကြီး(အနောက် ပိုင်း) ကြို့ပင်ကောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အဖွဲ့ဝင် ၁၁၄ ဦး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်မိသားစုဝင်များ ၁၈ ဦး စုစုပေါင်း ၅၂၄ ဦးတို့သည် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကျင်းပနေပုံနှင့် လွှတ်တော်အဆောက်အအုံများကို လာရောက်လေ့လာကြည့်ရှု၍**(ဓါတ်ပုံ)** ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ပြည်တွင်းသတင်း

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က The Daily ELEVEN နေ့စဉ်ထုတ်သတင်းစာတွင် မှားယွင်းရေးသားဖော်ပြမှုအတွက် ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန်

## မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)သို့ စာတစ်စောင်ရေးသားပေးပို့


Daily ELEVEN

အဂတိလိုက်စားမှုတိုက်ဖျက်ရေး အကောင်အထည်ဖော်ဆောင်ရွက်မှု ပြန်လည်သုံးသပ်ရေး အလုပ်ရုံဆွေးနွေး

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)သုတေသနဓာတ်ခွဲခန်းတစ်ခုအားတွေ့ရစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) သို့ The Daily ELEVEN နေ့စဉ်ထုတ်သတင်းစာ၌ မှားယွင်းရေးသားဖော်ပြမှုအတွက် ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် ယနေ့တွင် စာတစ်စောင်ရေးသားပေးပို့ခဲ့ကြောင်း သိရှိရသည်။

၂၅-၂-၂၀၁၅ ရက်နေ့ထုတ် The Daily ELEVEN နေ့စဉ်ထုတ်သတင်းစာ စာမျက်နှာ(၄) တွင် "အဂတိလိုက်စားမှုတိုက်ဖျက်ရေးအကောင်အထည်ဖော်ဆောင်ရွက်မှု ပြန်လည်သုံးသပ်ရေး အလုပ်ရုံဆွေးနွေး" ဟူသော သတင်းကိုရေးသားဖော်ပြရာ ဓာတ်ပုံအောက်တွင် ဖော်ပြသောပုံစာမှာ "ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)သုတေသနဓာတ်ခွဲခန်းတစ်ခုအားတွေ့ရစဉ်" ဟုဖော်ပြထားခြင်း၊ သတင်း၏စတုတ္ထပိုဒ်တွင် "မြန်မာနိုင်ငံ အဂတိလိုက်စားမှုကော်မရှင်ဥက္ကဋ္ဌ ဦးမြဝင်းက. . . . . ."ဟု ကော်မရှင်အမည် ပြည့်စုံမှန်ကန်စွာမဖော်ပြဘဲ မှားယွင်းဖော်ပြခဲ့ခြင်းတို့ကြောင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)က ဖြေရှင်းပေးရန် စာရေးသားရခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## စတုတ္ထအကြိမ် အကျဉ်းထောင်အဆောက်အအုံဆိုင်ရာ ဗိသုကာများနှင့်စီမံကိန်းရေးဆွဲသူများ အာရှဒေသဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

အကျဉ်းဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) တို့ပူးပေါင်း၍ စတုတ္ထအကြိမ်မြောက် အကျဉ်းထောင်အဆောက်အအုံဆိုင်ရာ ဗိသုကာများနှင့်စီမံကိန်းရေးဆွဲသူများ အာရှဒေသဆွေးနွေးပွဲ (4th Asian Conference of Correctional facilities Architects and Planners)ကို ရန်ကုန်မြို့ရှိ Chatrium ဟိုတယ်၌ ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပရာ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဌေး ဦးဆောင်သောအဖွဲ့ဝင် ၁၆ ဦး၊ ပြည်ပနိုင်ငံ ၁၀ နိုင်ငံမှ ကိုယ်စားလှယ် စုစုပေါင်း ၃၆ ဦး၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) မှ အဖွဲ့ဝင် ၂၃ ဦး၊ Thai Institute of Justice မှ ကိုယ်စားလှယ်သုံးဦး၊ UNAFEI မှ ကိုယ်စားလှယ်တစ်ဦး စုစုပေါင်း ၇၈ ဦးတက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးသန်းဌေးနှင့် ACCFA ၏ Coordinator Mr.Hiroyuki Nabana(Chief of Facilities Planning, Facilities Division, Minister's Secretariat, Ministry of Justice, Japan ) တို့က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ပါပူဝါနယူးဂီနီနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ သီရိလင်္ကာနိုင်ငံများရှိ အကျဉ်းဦးစီးဌာန ကိုယ်စားလှယ်တို့မှ "အကျဉ်းထောင်များ၏ လက်ရှိအခြေအနေနှင့် ကြုံတွေ့နေရသောအခက်အခဲများ" ခေါင်းစဉ်ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

အဆိုပါဆွေးနွေးပွဲ၌ ဒေသတွင်းနိုင်ငံများမှ အကျဉ်းဦးစီးဌာနအကြီးအကဲများ၊ ဗိသုကာပညာရှင်များနှင့် စီမံကိန်းရေးဆွဲသူများအနေဖြင့် အကျဉ်းထောင်များ၏ လက်ရှိအခြေအနေများ၊ ရင်ဆိုင်နေရသည့် အခက်အခဲများနှင့် အကျဉ်းထောင်အဆောက်အအုံပုံစံဆိုင်ရာ အကောင်းဆုံးဆောင်ရွက်နိုင်မှုများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးဖလှယ်ခွင့်ရရှိကြမည်ဖြစ်ပြီး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၇ ရက်အထိ ကျင်းပခဲ့သည်။ **(သတင်းစဉ်)**

## ဆေးရုံစာဖြေဌာန သုံးခုဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတို့၏ ကြိုတင်ညှိနှိုင်းထားချက်အရ ၂၀၁၅ ခုနှစ် မတ် ၁၁ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှု ခံယူနေကြရသော ကျောင်းသား ကျောင်းသူများ နစ်နာမှုမရှိစေရန်ရည်ရွယ်လျက် ဆေးရုံစာဖြေဌာနသုံးခုကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီးနှင့် ဝေဘာဂီအထူးဆေးရုံကြီးတို့၌ ဖွင့်လှစ်ပေးရန် စီစဉ်ထားသည်။

စာမေးပွဲဝင်ရောက်ဖြေဆိုလိုကြသည့် ကျောင်းသား ကျောင်းသူ(အတွင်းလူနာ)များသည် အဆိုပါဆေးရုံကြီးများရှိ ဆေးလူမှုဆက်ဆံရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်အကူအညီ တောင်းခံနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နေပြည်တော်၌ လောင်းကစားမှုများအား ဖမ်းဆီးဖော်ထုတ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၁ နာရီခွဲက ဒက္ခိဏသီရိမြို့နယ် ရွှေခဲအင်းကျေးရွာနေ ကိုဝင်းကြိုင်(၄၅ နှစ်)၏နေအိမ်၌ ချဲထီလောင်းကစားမှုပြုလုပ်နေကြောင်း သတင်းအရ လောင်းကစားဖမ်းဝရမ်းအမှတ်(၄/၂၀၁၅)ဖြင့် ဝင်ရောက်ရှာဖွေဖမ်းဆီးရာ လောင်းကြေးငွေစက္ကူရောရာ ၂၁၅၀၀ ကျပ်နှင့် လောင်းကစားရာတွင်အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ဒက္ခိဏသီရိ မြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ဩစတြေးလျနိုင်ငံသား မေ့ကျန်သည့် ကင်မရာ ပြန်လည်ပေးအပ်

**မန္တလေး ဖေဖော်ဝါရီ ၂၇**



မန္တလေးမှ ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၃ နာရီက ထွက်ခွာလာသည့် အမှတ်(၆)အစုန် မန္တလေး-ရန်ကုန် အမြန်ရထား အထက်တန်းတွဲ(၂) ခုံအမှတ် A-10 တွင် စီးနင်းလိုက်ပါလာသည့် နိုင်ငံခြားသားခရီးသည် အမျိုးသားတစ်ဦးသည် သာစည်ဘူတာသို့ ရထားဆိုက်ရောက်၍ ဆင်းသွားစဉ် (Tamrac) စာတန်းပါ (Olympus) အမျိုးအစား အနက်ရောင်ကင်မရာတစ်လုံး၊ (Olympus) အမျိုးအစားမှန်ဘီလူးတစ်ခု ကျန်နေခဲ့၍ လုံခြုံရေးရထားလိုက် ရဲဒုတပ်ကြပ်တင့်လွင်က သိမ်းဆည်းထားပြီး ပျဉ်းမနားတပ်စုတွင် အပ်နှံသွားမည်ဖြစ်ကြောင်း သာစည်ရထားရဲစခန်းမှူး ရဲအုပ်ဖော်ထွန်းထံ သတင်းပို့ခဲ့ကြောင်း သိရသည်။

စခန်းမှူး ရဲအုပ် ဖော်ထွန်းက ပိုင်ရှင် နိုင်ငံခြားသားခရီးသည်ကို စုံစမ်းခဲ့ရာ မြို့ပေါ်ရှိ မွန်းလိုက်တည်းခိုခန်း၌ တည်းခိုနေကြောင်း သတင်းရရှိ၍ သွားရောက်စုံစမ်းခဲ့ရာ ဩစတြေးလျနိုင်ငံသား အသက် (၅၅ နှစ်)ရှိ မစ္စတာပန်ကာရွှန်ဖြစ်ကြောင်း၊ ၎င်းသည် ဖေဖော်ဝါရီ ၂၃ရက်နံနက် ၇ နာရီတွင်ထွက်ခွာမည့် အမှတ် (၁၄၁)အဆန်သာစည်/ ရွှေညောင် ရထားဖြင့် ရွှေညောင်သို့ လိုက်ပါမည်ဖြစ်ကြောင်း သိရသည်။

ကျန်ရစ်ခဲ့သော ကင်မရာကို ရဲဒုတပ်ကြပ်တင့်လွင်က နေပြည်တော် ရထားရဲစခန်းမှူး ရဲအုပ် ခင်မောင်လွင်ထံ အပ်နှံပေးအပ်ထားပြီး ရဲအုပ် ခင်မောင်လွင်က အမှတ်(၅) အဆန်ရထားလိုက်လုံခြုံရေး၊ တပ်ခွဲ(၁၂) သယ်နိုင်းကျွန်းမှ ရဲဒုတပ်ကြပ် ရဲဝင်းအောင်ထံပေးအပ်လိုက်ပြီး ဖေဖော်ဝါရီ ၂၃ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ က အဆိုပါရထား သာစည်ဘူတာသို့ဆိုက်ရောက်စဉ် သာစည်ရထားရဲစခန်းမှ စခန်းမှူး ရဲအုပ်ဖော်ထွန်းကလက်ခံရယူပြီး ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၆ နာရီခွဲတွင် ဦးခင်မောင်လွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး(သာစည်အမှတ်(၂) ရပ်ကွက်၊ ဦးသိန်းစိုး (လက်မှတ်စစ်အုပ်၊ သာစည်ဘူတာ)၊ ဦးမျိုးထွန်း မွန်းလိုက်တည်းခိုခန်းပိုင်ရှင် စသည့် အသိသက်သေများရှေ့၌ ပိုင်ရှင်ဖြစ်သူ မစ္စတာပန်ကာရွှန်ထံ ပစ္စည်းများ ပြန်လည်ပေးအပ်လိုက်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



**ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ အသက် ၉ လမှ ၁၅ နှစ်အထိ ကလေးများအား ဝက်သက်နှင့်ဂျိုက်သိုးရောဂါ ကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၆ ရက်က အမှတ်(၄)ရပ်ကွက် ရှစ်မျက်နှာစေတီတော်ပရိဝုဏ်ရှိ တန်ဆောင်းအတွင်း၌ ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးများကို ကလေးများအား မြို့နယ်ကျန်းမာရေး ဆရာမများက ထိုးနှံပေးစဉ်။ ကိုကျော်(သုံးခွ)**

ဥပဒေရေးရာ

***National Network for Education Reform (NNER)*နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင်ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။***

# တက္ကသိုလ်ကျောင်းသားသမဂ္ဂ ရှင်းတမ်း

ဦးကျင်စီ

ကျောင်းသားသမဂ္ဂရှင်းတမ်းဆိုလို့ ရန်ကုန်တက္ကသိုလ်သမဂ္ဂသမိုင်း ရေးရန်မဟုတ်ပါ။ ကျောင်းသားသမဂ္ဂအကြောင်း ရေးချင်တာကတော့ စိန်ရတုခန်းမမှာ (၁-၂-၂၀၁၅) ရက်နေ့တွင် လေးပွင့်ဆိုင်ဆွေးနွေးပွဲမှာ ကျောင်းသားသမဂ္ဂဖြိုစဉ်အခါက ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂမှာ တာဝန်ယူခဲ့တဲ့ အန်ကယ်ကြီးတစ်ဦးကရှင်းပြခဲ့တာကို တက်ခဲ့သူတစ်ဦး (လေးပွင့်ဆိုင်ထဲမပါသူ)က အဲဒီညနေမှာ အသံသွင်းခဲ့တာကို နားထောင်ခဲ့စဉ်ကတည်းက ယခုရှင်းတမ်းကို ရေးချင်တာပါ။ ယခုတော့ **“အမျိုးသားပညာရေးကိုပြင်ဆင်သည့် ဥပဒေမူကြမ်း”** သတင်းစာမှာပါလာပြီး အကြံပြုနိုင်တယ်ဆိုတော့ ရေးဖြစ်သွားတာပါ။ စိန်ရတုမှာတုန်းက တံခါးဖွင့်ဆွေးနွေးပွဲပါ။ ကျောင်းသားတွေက သူတို့ ဆန္ဒတွေတင်ပြတဲ့အထိ ဘာမှမဖြစ်သေးပါ။ အစွဲကြီးစွာဖြင့် အဲဒီအန်ကယ်ကြီးက ပြောပါတယ်။ ရန်ကုန်တက္ကသိုလ်မှာ ကျောင်းသားအဖွဲ့အစည်းပေါင်း ၈၀ ကျော် ရှိပါတယ်။ သမဂ္ဂကိုယ်စားလှယ်ကသာ တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီမှာ ပါဝင်ခွင့်ရတဲ့အဖွဲ့အစည်းပါ။ တခြားအဖွဲ့အစည်းတွေနှင့်တန်းတူဖြစ်အောင် မနှိမ့်ချပါနဲ့၊ သမိုင်းအစဉ်အလာကြီးခဲ့တဲ့ ကျောင်းသားသမဂ္ဂကို မကြောက်ပါနဲ့၊ ရဲရဲဖွဲ့စည်းခွင့်ပေးလိုက်ပါတဲ့ အဲဒီပြောကြားချက်ကိုကြားပြီးကတည်းက ရှင်းလင်းတင်ပြချင်တာပါ။

စာရေးသူလေ့လာမိသလောက် ကျောင်းသားသမဂ္ဂ အဖွဲ့အစည်းဆိုတာ မြန်မာ့သမိုင်းမှာ အထင်အရှားရှိခဲ့ပါတယ်ဆိုတာကို လက်ခံပါတယ်။ အဲဒီအန်ကယ်ကြီးကို ပြန်ကြားလိုတာကတော့ **“ကျောင်းအုပ်ချုပ်ရေးအဖွဲ့မှာ ကိုယ်စားလှယ်အဖြစ်ပါဝင်ခွင့်ရတယ်”** ဆိုတာပါ။ ၁၉၂၀ ခုနှစ် ရန်ကုန်တက္ကသိုလ်အက်ဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ (k) မှာ ဖော်ပြထားတာလေးကို ဖော်ပြလိုပါတယ်။ **“(k) two graduates of atleast ten years' standing, not being members of the University staff or students in the University, elected by the students of the University”** လို့ ဖော်ပြထားပါတယ်။ **“တက္ကသိုလ်ကျောင်းသားများက တင်မြှောက်ထားသော လွန်ခဲ့သော အနည်းဆုံး ၁၀ နှစ်ခန့်က တက္ကသိုလ်ဝန်ထမ်းလည်း မဟုတ်၊ ကျောင်းသားလည်း မဟုတ်သော ဘွဲ့ရနှစ်ဦး”** လို့ နားလည်မိပါတယ်။ အဲဒီပုဒ်မခွဲ (k) အရဆိုရင် ဘွဲ့ရကိုယ်စားလှယ်နှစ်ဦးသည် (၁) လက်ရှိ ကျောင်းတက်နေသော ကျောင်းသားမဟုတ်ဘူးဆိုတာ ထင်ရှားပါတယ်။ (၂) ဒုတိယအနေဖြင့် ကျောင်းသားသမဂ္ဂအဖွဲ့ဝင်ကိုယ်စားလှယ်မဟုတ်သလို အဲဒီအဖွဲ့ချည်းသက်သက်က ရွေးချယ်တင်မြှောက်ထားသူများလည်း မဟုတ်ပါ။ တက္ကသိုလ်ကျောင်းသားထုက ရွေးချယ်တင်မြှောက်ထားသော ကိုယ်စားလှယ်ပါ။ (၃)အနည်းဆုံး ဆယ်နှစ်ခန့်က ဘွဲ့ရပြီးသူကိုသာ ကိုယ်စားလှယ်အဖြစ် ပါဝင်ခွင့်ပြုထားခြင်းကြောင့် ရင့်ကျက်သူဖြစ်နေပါပြီ။ တည်ငြိမ်ရင့်ကျက်သူကိုမှ တက္ကသိုလ်ရဲ့ပညာရေး စီမံခန့်ခွဲမှုထဲတွင် ပါဝင်ခွင့်ပေးခဲ့တာပါ။

ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂမှာထင်ရှားပြီး လွတ်လပ်ရေးဖခင်ကြီး ဖြစ်လာမည့် ကိုအောင်ဆန်းနှင့် ကိုနုတို့လက်ထက်မှာပင် တက္ကသိုလ်ကောင်စီတွင် ပါဝင်ခွင့်မရခဲ့ကြပါ။ (အကယ်၍ ပါဝင်ခဲ့ကြတယ်လို့ သိထားသူများရှိလျှင် ပြုပြင်ပေးကြပါ)။ အဲဒီတုန်းက ကျောင်းသားတွေဆိုတာ လွတ်လပ်ရေးခေါင်းဆောင် ပထမမျိုးဆက်ပါ။ အရည်အသွေးမြင့်သူတွေပါ။ ၁၉၅၇ ခုနှစ် မန္တလေးတက္ကသိုလ်အက်ဥပဒေ၏ ပုဒ်မ ၁၁ ပုဒ်မခွဲ(ဋ)တွင် **“မန္တလေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂ၏ အမှုဆောင်အဖွဲ့က အမည်တင်သွင်းသော တက္ကသိုလ်အရာထမ်း အမှုထမ်းလည်းမဟုတ်၊ တက္ကသိုလ်ကျောင်းသားလည်းမဟုတ်သော တက္ကသိုလ်ဘွဲ့ရသူတစ်ဦး”** ဟု ဖော်ပြထားပါတယ်။ ကျောင်းသားသမဂ္ဂထွန်းတောက်ခဲ့တဲ့ခေတ်ဆီက တက္ကသိုလ်ဥပဒေနှစ်ခုမှာတော့ ကျောင်းတက်နေတဲ့ ကျောင်းသားဆိုတာ ကောင်စီမှာ ပါဝင်နိုင်ခဲ့ခြင်းမရှိပါ။ အဲဒီသမိုင်းဝင်တက္ကသိုလ်ဥပဒေ(၂)ခုက ဖွင့်ဆိုထားတာကို ကြည့်မယ်ဆိုရင် မူဘောင်၊ မူဝါဒချမှတ်ခြင်းနှင့် ပညာရေးစီမံခန့်ခွဲမှုမှာ ကျောင်းသားသမဂ္ဂ ဘယ်အခန်းကဏ္ဍကမှ ပါဝင်ခဲ့တာမရှိပါ၊ ကျောင်းသားထုနှင့်အတူ ကိုယ်စားလှယ်ရွေးခွင့်သာရှိခဲ့တာပါ။ ယနေ့ပြည်သူ့ကိုယ်စားလှယ်တွေကိုရွေးပေးတဲ့ ပြည်သူ ပြည်သားအဆင့်ပါလို့ လေးပွင့်ဆိုင်ဆွေးနွေးပွဲမှာပါဝင်ခဲ့တဲ့ အန်ကယ်ကြီးကို တင်ပြတာပါ။

> **“တက္ကသိုလ်ကျောင်းသားများက တင်မြှောက်ထားသော လွန်ခဲ့သော အနည်းဆုံး ၁၀ နှစ်ခန့်က တက္ကသိုလ်ဝန်ထမ်းလည်းမဟုတ်၊ ကျောင်းသားလည်း မဟုတ်သော ဘွဲ့ရနှစ်ဦး” လို့ နားလည်မိပါတယ်။ အဲဒီ ပုဒ်မခွဲ(k) အရဆိုရင် ဘွဲ့ရကိုယ်စားလှယ်နှစ်ဦးသည် (၁) လက်ရှိ ကျောင်းတက်နေသော ကျောင်းသားမဟုတ်ဘူးဆိုတာ ထင်ရှားပါတယ်။**

စာရေးသူတို့မှတ်သားဖူးတာ တစ်ခုရှိပါတယ်၊ အဲဒီခေတ် ရန်ကုန်တက္ကသိုလ်နှင့်ဆက်နွှယ်ထားတဲ့ကောလိပ်တွေမှာ ကျောင်းအုပ်တာနှင့် ကျောင်းသားသမဂ္ဂကြေးတစ်ကျပ်မဖြစ်မနေပေးရတယ်ဆိုတာပါ။ စာရေးသူ စဉ်းစားမိပါတယ်၊ တက္ကသိုလ် ကျောင်းသား ကျောင်းသူတိုင်း ကျောင်းသားသမဂ္ဂအဖွဲ့ဝင်မဟုတ်တာသေချာပါတယ်၊ တကယ်ဆို ကျောင်းသားသမဂ္ဂအဖွဲ့ဝင်မဟုတ်သူတွေက တစ်ကျပ်စီမပေးမနေရပေးရတာလဲ၊ ကျောင်းသား အဖွဲ့အစည်းပါ၊ အစိုးရအဖွဲ့မဟုတ်ပါ။ ထို့အတူ နိုင်ငံရေးပါတီလည်း မဟုတ်ပါ။ အလှူခံရင်ခံပါ။ တစ်ကျပ်ထက်လည်း ပိုရချင်ရမှာပါ။ မှတ်ပုံတင်ကြေးနှင့်အတူ မဖြစ်မနေကောက်တာ မဖြစ်သင့်ပါလို့ မြင်မိပါတယ်။ (အမိန့်ပေးညွှန်ကြားထားသလိုဖြစ်နေလို့ပါ။) နောင်လာမည့် ကျောင်းဝင်ကြေးမှာတော့ ကျောင်းသားသမဂ္ဂကြေးကောက်ခံခြင်း မဖြစ်သင့်တော့ပါ။ ကိုယ့်ရန်ပုံငွေကိုယ်ရှာရမှာပါ။ မြန်မာ့သမိုင်းမှာ ကျောင်းသားသမဂ္ဂအဆောက်အအုံဆိုတာ တစ်ခုပဲရှိခဲ့ဖူးပါတယ်၊ အစိုးရငွေဖြင့် ဆောက်ခဲ့တာမဟုတ်ပါ၊ သူဌေးကြီး ဦးညို လှူဒါန်းခဲ့တာမို့ ကိုယ့်ရန်ပုံငွေကိုယ်ရှာပြီး ဆောက်သင့်ပါတယ်၊ ပြင်ဆင်သည့် ဥပဒေကြမ်း(၂၂)(က)ရဲ့ (ခခ) လိုမျိုး တက္ကသိုလ်ရန်ပုံငွေဖြင့် တည်ဆောက်ရမည်လို့တော့ မပြဋ္ဌာန်းသင့်ပါ။

၁၈-၂-၂၀၁၅ နေ့ နိုင်ငံပိုင်သတင်းစာတွေမှာပါလာတဲ့ အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းမှာ ကျောင်းသားသမဂ္ဂက ဘယ်လောက်လွှမ်းမိုးထားသလဲဆိုတာကိုကြည့်ရင် သိနိုင်ပါတယ်။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်း(၁)ပုဒ်မ ၁၀ တွင် **“တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီဆိုသည်မှာ တက္ကသိုလ်နှင့်ကောလိပ်များမှ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ်ကောလိပ်ဆရာသမဂ္ဂများ၏ ကိုယ်စားလှယ်များ၊ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များ၊ နိုင်ငံ့ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များနှင့် လွတ်လပ်သောပညာရှင်များပါဝင်သည့် ကောင်စီဖြစ်သည်”** လို့ဆိုထားတာဟာ အထက်ပါအန်ကယ်ကြီးရဲ့ လေသံအတိုင်းပါ၊ အနာဂတ်ခေါင်းဆောင်လောင်း လူငယ်တွေ အမြင်တိမ်းစောင်းအောင် မပြောသင့်ပါ၊ (၂) ပုဒ်မ ၁၃ **“(ဂ) ပညာရေးမူဝါဒများ၊ နည်းဥပဒေများ၊ ဆက်စပ်ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ ရေးဆွဲအတည်မပြုမီ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များ၊ ဆရာသမဂ္ဂကိုယ်စားလှယ်များ၊ မိဘများ၊ လွတ်လပ်သောပညာရှင်များ၊ ပညာရေးဆိုင်ရာတွင် အရပ်ဘက်အဖွဲ့အစည်းများ၏ အကြံပြုချက်များကို ရယူထည့်သွင်းရေး”** (၃) ယင်းအပိုဒ်(ဃ)တွင် **“ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများ လွတ်လပ်စွာ ဖွဲ့စည်းထူထောင်လှုပ်ရှားခွင့်ရှိရေး”** (၄) ပုဒ်မ ၂၂(က) ကျောင်းသားများသည် **“(ကက)ကျောင်းသားသမဂ္ဂများကို ကျောင်းသူ/သားများကိုယ်တိုင် လွတ်လပ်စွာ ဖွဲ့စည်းထူထောင်လှုပ်ရှားခွင့်ရှိရမည်”** (အဲဒီ(၂)ချက်ဟာ လွတ်လပ်စွာဆိုတော့ ဖွဲ့ချင်သလိုဖွဲ့သွားလို့မရပါ၊ တက္ကသိုလ်တွင်းဆိုရင် ပဋိညာဉ်အရသာဖွဲ့စည်းသင့်ပြီး ဥပမာ အထက်မြန်မာပြည်၊ မြေလတ်တို့လို တက္ကသိုလ်များသမဂ္ဂတို့ဆိုလျှင်တော့ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေအရသာဖြစ်သင့်ပါသည်) (၅) **“(cc) ကျောင်းအုပ်ချုပ်ရေးအဖွဲ့တွင် ကျောင်းသားသမဂ္ဂမှကိုယ်စားလှယ်များ ပါဝင်ခွင့်ရှိသည်”**၊ (၆) ပုဒ်မ ၂၂ (ဂ) **“(ကက) အမျိုးသားသင်ရိုးညွှန်းတမ်းရေးဆွဲရေးကော်မတီသည် ကျောင်းသားသမဂ္ဂ၊ ဆရာသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းများမှလက်ခံသည့် လွတ်လပ်သောပညာရှင်အနည်းဆုံး ပညာရှင်(၅)ဦး၊ လွှတ်တော်ကိုယ်စားလှယ်များမှရွေးချယ်သော ပညာရှင် (၂) ဦး၊ ပညာရေးဝန်ကြီးဌာနမှ ခန့်အပ်သော ပညာရှင်(၂)ဦးပါဝင်ဖွဲ့စည်းမည်”**၊ (၇) ပုဒ်မ ၂၂ (ဆ) **“(ခခ) တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီတွင် ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ စီမံခန့်ခွဲရေးနှင့်ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာသမဂ္ဂနှင့်ကျောင်းသားသမဂ္ဂမှ ကိုယ်စားလှယ်များ၊ လွတ်လပ်သောပညာရှင်များပါဝင်သည်”**၊ (၈) ပုဒ်မ ၄၃ (က) **“(ကက)ကျောင်းသားသမဂ္ဂ၊ ဆရာသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ အဆိုပြုထောက်ခံတင်ပြသည့် လွတ်လပ်သော ပညာရှင်အနည်းဆုံး(၅)ဦး”**၊ (၉)ပုဒ်မ ၅၈ “၅၅။ **(က) ပုဒ်မ ၅၄ ပါလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် အမျိုးသားပညာရည်အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီကို အောက်ပါအတိုင်း အနည်းဆုံး(၉)ဦးဖြင့် လွတ်လပ်သောအဖွဲ့အဖြစ်ဖွဲ့စည်းရမည်။ (ကက)ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများမှ အသိအမှတ်ပြုသော လွတ်လပ်သည့် ပညာရှင်များ၊ အနည်းဆုံး(၅)ဦး”** (၁၀) ပုဒ်မ ၆၂ (ခ)**“မဟာဗျူဟာများ၊ မူဝါဒများနှင့်ယင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မှု စီမံချက်၊ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်းများ၊ ပညာရေးနှင့် သက်ဆိုင်သည့် ဥပဒေနှင့် အခြားလုပ်ထုံးလုပ်နည်းများကို ရေးဆွဲရာတွင် ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များ၊ ဆရာသမဂ္ဂကိုယ်စားလှယ်များ၊ မိဘများ၊ လွတ်လပ်သောပညာရှင်များ၊ ပညာရေးဆိုင်ရာလူထုအဖွဲ့အစည်းများ၏ အကြံပြုချက်များကိုရယူပြီး ပြည်သူလူထုထံ ကျယ်ပြန့်စွာ သိရှိစေရန် ဆက်လက်ဆောင်ရွက်ခြင်း”**၊ (၁၁)ပုဒ်မ ၇၂ တွင် **“ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်ရာတွင် ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များ၊ ဆရာသမဂ္ဂကိုယ်စားလှယ်များ၊ မိဘများ၊ လွတ်လပ်သောပညာရှင်များ၊ ပညာရေးဆိုင်ရာအရပ်ဘက်အဖွဲ့အစည်းများ၏ အကြံပြုချက်များကို ရယူထည့်သွင်းရမည်”** ဆိုပြီး ကျောင်းသားသမဂ္ဂအဖွဲ့အစည်း တစ်ခုတည်းက နေရာ(၁၁)နေရာမှာ လုပ်ပိုင်ခွင့်ပေးထားတာပါရှိပါတယ်။

ရန်ကုန်တက္ကသိုလ်ရဲ့သမိုင်းမှာ ကျောင်းသားသမဂ္ဂဖွဲ့စည်းရတဲ့ ရည်ရွယ်ချက်ကတော့ **“ကျောင်းသားများ မိမိကိုယ်မိမိအားကိုး၍ လွတ်လပ်စွာ ဆောင်ရွက်လိုသောစိတ်ဓာတ်၊ တာဝန်ဝတ္တရားကို သိသော စိတ်ဓာတ် အပါအဝင် စာပေအသိဉာဏ် ဖွံ့ဖြိုးရေးနှင့် လူမှုဆက်ဆံရေးတို့တွင်လည်း တတ်သိနားလည်ရေးတို့အတွက် ဖြစ်သည်”** လို့ ဆိုထားပါတယ်။ နိုင်ငံရေး၊ စီမံခန့်ခွဲရေးတွေမှာ ဝင်ရောက်စွက်ဖက်ရန်မဟုတ်ခဲ့ပါ။ အထက်ပါ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေမှာပါဝင်တာတွေဟာ မူလရည်ရွယ်ချက်နှင့် ကွာချင်တိုင်းကွာနေပါပြီ။

အဲဒီလိုမြန်မာ့သမိုင်းနှင့် နိုင်ငံတကာမှာတောင် မူဝါဒ၊ စီမံခန့်ခွဲမှုနှင့် နည်းဥပဒေထုတ်ပြန်မှုတွေမှာ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်ဆိုတာ ပါဝင်ခွင့်မရှိခဲ့တာကို ယခုပြင်ဆင်သည့် ဥပဒေကြမ်းမှာ ထည့်သွင်းရခြင်းကို နားမလည်နိုင်ပါ။ တကယ်ဆို ရန်ကုန်တက္ကသိုလ်သမဂ္ဂစည်းမျဉ်းကို ကျောင်းသားတွေကိုယ်တိုင် ၁၉၃၀ ခုနှစ်က ရေးဆွဲခဲ့တာပါ။ အထက်ပါ ရည်ရွယ်ချက်ကိုသာ အကောင်အထည်ဖော်ရန်ဖြစ်ပြီး၊ နိုင်ငံရေးနှင့် ပညာရေးစီမံခန့်ခွဲမှုမှာ ဝင်စွက်ဖက်ရန်မပါခဲ့လို့သာ ကိုအောင်ဆန်းတို့၊ ကိုနုတို့ခေတ်မှာ ဝင်ရောက်စွက်ဖက်ခဲ့ခြင်းမရှိတာလို့ ဆိုနိုင်ပါတယ်။


ယခုပြဋ္ဌာန်းသည့် အမျိုးသားပညာရေးဥပဒေဆိုတာ ပင်မဥပဒေ(Mother Law) ပါ။ ပင်မဥပဒေဆိုတာ မူဘောင်ပေါ်လစီချမှတ်ပေးသည့် ဥပဒေပါ။ အကုန်အသေးစိတ်မပါနိုင်ပါ။ အသေးစိတ်ကို သက်ဆိုင်ရာဆက်စပ်ဥပဒေ (sectorial law)တွေမှာ ရေးဆွဲပြဋ္ဌာန်းရပါမယ်။ ဆရာတာဝန်၊ ဆရာ့အခွင့်အရေး၊ ဆရာအရည်အသွေး၊ ကျောင်းသားအခွင့်အရေး၊ ကျောင်းသားတာဝန်ဆိုတာတွေက တစ်ပြည်လုံးလိုက်နာကျင့်သုံးရမှာမို့ ထည့်သွင်းသင့်ပါတယ်။ တစ်တိုင်းတစ်ပြည်လုံးနှင့်ဆိုင်တဲ့မူဝါဒချမှတ်နိုင်တဲ့ အဖွဲ့အစည်းဆိုရင်တစ်မျိုးပါ။ အဲဒါကြောင့်မို့ တခြားနိုင်ငံတွေရဲ့ ပင်မအမျိုးသားပညာရေးဥပဒေတွေမှာ ကျောင်းသားသမဂ္ဂ(သို့) ကျောင်းသားအဖွဲ့အစည်းအမျိုးမျိုး ဖွဲ့စည်းတည်ထောင်ခွင့်နှင့်ပတ်သက်၍ လေ့လာမိပါတယ်။ အထူးသဖြင့် ဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံတွေမှာ ကျောင်းသားအဖွဲ့အစည်း ဖွဲ့စည်းခွင့်နှင့်ပတ်သက်၍ ပင်မဥပဒေမှာ ရေးဆွဲပြဋ္ဌာန်းခဲ့တာ မတွေ့ရပါဘူး။

| စဉ် | နိုင်ငံ | ပင်မဥပဒေအမည် | ကျောင်းသားသမဂ္ဂ ပါဝင်ပြဋ္ဌာန်းမှု |
|---|---|---|---|
| ၁။ | မလေးရှား | Malaysia Education Act, 1996 | မရှိ |
| ၂။ | အင်ဒိုနီးရှား | Indonesia National Education Act,2003 | မရှိ |
| ၃။ | ဖိလစ်ပိုင် | Education Act, 1982 | မရှိ |
| ၄။ | ထိုင်း | National Education Act, 1999 | မရှိ |
| ၅။ | ကမ္ဘောဒီးယား | National Education Law, 2007 | မရှိ |
| ၆။ | ဗီယက်နမ် | Education Law, 2005 | မရှိ |
| ၇။ | တရုတ် | Education Law of the people's Republic of China, 1995 | မရှိ |
| ၈။ | အိန္ဒိယ | Indian Education, 1972 | မရှိ |

ဒါဆိုရင် အဲဒီနိုင်ငံတွေမှာ ကျောင်းသားအဖွဲ့အစည်းတွေ မရှိတော့ဘူးလားလို့ မေးရင် ရှိကြပါတယ်။ ရှိတာမှဖွံ့ဖြိုးလို့ပါ။ သက်ဆိုင်ရာဥပဒေ အထူးသဖြင့် တက္ကသိုလ်အသီးသီးရဲ့ ကိုယ်ပိုင်ဥပဒေ (သို့) ချာတာတွေမှာသာ ထည့်သွင်းပြဋ္ဌာန်းထားပြီး လုပ်ဆောင်တာမို့ အဲဒီဆက်စပ်ဥပဒေတွေမှာသာ ထည့်သွင်းသင့်ပါတယ်။

အချုပ်အားဖြင့် တင်ပြလိုတာက (၁) ကျောင်းသားသမဂ္ဂအဖွဲ့အစည်းဟာ ရှိသင့်ပါတယ်။ ဒါပေမယ့် ဗိုလ်ချုပ်အောင်ဆန်းတို့ခေတ်မှာ ကျောင်းသားထုရဲ့ ပညာသင်ကြားရေး၊ အသိဉာဏ်ဖွံ့ဖြိုးရေးတွေမှာ ပူးပေါင်းဆောင်ရွက်ရန်၊ တိုးတက်ရန် လုပ်ဆောင်ဖို့အတွက်ဆိုတဲ့ ရည်ရွယ်ချက်နှင့် သူတို့

*စာမျက်နှာ ၈ သို့*



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဩစတြေးလျနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ဩစတြေးလျနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် နှစ်ပေါင်း ၆၀ ကျော် ကောင်းမွန်သော သံတမန်ဆက်ဆံရေးရှိခဲ့သည့်နိုင်ငံဖြစ်၍ မြန်မာနိုင်ငံ၊ မြန်မာတပ်မတော်အနေဖြင့် အလေးထားပါကြောင်း၊ ဩစတြေးလျနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် စစ်ဘက်သာမက နယ်ပယ်စုံတွင် ပူးပေါင်းဆောင်ရွက်ရန် အခွင့်အရေးများလည်း ရှိပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး မစ္စတာ နီကိုးလတ်ကော့ပယ်လ် အား လက်ခံတွေ့ဆုံရာတွင် ပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော် အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး မစ္စတာ နီကိုးလတ်ကော့ပယ်လ် နှင့် စစ်သံမှူး Captain Jonathan Dudley တို့တက်ရောက်ကြသည်။

ဧည့်သည်တော်သံအမတ်ကြီးက မိမိတို့နှစ်နိုင်ငံသည် နွေးထွေးသည့် ဆက်ဆံရေးရှိသည်သာမက နှစ်နိုင်ငံလုံးမှာ ဆက်ဆံရေးတိုးတက်အောင် ဆောင်ရွက်လိုကြပါကြောင်း၊ မြန်မာ့တပ်မတော်နှင့် ဆက်ဆံရေးတိုးမြှင့်ရန်လည်း စိတ်အားထက်သန်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးကိစ္စရပ်များအား အပြည့်အဝထောက်ခံပါကြောင်း၊ ကိုးကန့်ဒေသတွင် နိုင်ငံတော်အတွက် အသက်စွန့်သွားရသော တပ်မတော်သားများအတွက်လည်း ဝမ်းနည်းပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများ အောင်မြင်ပြီး တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်စေရန် ဆန္ဒပြုပါကြောင်း ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်သားများ နိုင်ငံတော်ကာကွယ်ရေးတွင် လိုအပ်လျှင် အသက်စွန့်လွှတ်ရပါကြောင်း၊ လျှောက်လှမ်းနေသည့် ဒီမိုကရေစီလမ်းကြောင်းကို မထိခိုက်စေရန် ကာကွယ်ခြင်းဖြစ်၍ လုပ်သင့်လုပ်ထိုက်သည့် အလုပ်ဟု ခံယူထားပါကြောင်း၊ ကိုးကန့်သောင်းကျန်းသူများက ၎င်းတို့သည် အစိုးရကို တိုက်ခိုက်ခြင်းမဟုတ်ဘဲ တပ်မတော်ကိုသာ တိုက်ခိုက်ခြင်းဖြစ်ကြောင်း ပြောဆိုနေသော်လည်း ကိုးကန့်ဒေသသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်၍ နိုင်ငံတော်အစိုးရ၏ တစ်စိတ်တစ်ဒေသပင်ဖြစ်ကြောင်း၊ လောက်ကိုင်ဒေသတွင် အစိုးရရုံး ဌာန အဆောက်အအုံ၊ လူပုဂ္ဂိုလ်၊ တပ်ဌာနချုပ်များကို တိုက်ခိုက်ခြင်းဖြစ်၍ တပ်မတော်အနေဖြင့် မဖြစ်မနေ ကာကွယ်ရမှာဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် တည်ငြိမ်မှု အမြန်ဆုံးရရှိနိုင်မည့် လမ်းကြောင်းမှာ စစ်အုပ်ချုပ်ရေးသာဖြစ်၍ ရွေးချယ် ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဩစတြေးလျနိုင်ငံ၏ အပြုသဘောဆောင်သည့် ကူညီလုပ်ဆောင်လိုမှုများကိုလည်း ကြိုဆိုပါကြောင်း ပြောကြားခဲ့သည်။ **(မြဝတီ)**

* *ကျောဖုံးမှ*

ကရာတေးဒို(ကုမိတဲ့)ပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားရုံ-A ၌ကျင်းပရာ အမျိုးသမီး ၅၀ ကီလိုနှင့်အောက် ပြိုင်ပွဲတွင် သဇင်အေး (ကယား)က ပထမ၊ အေးအေးခိုင် (နေပြည်တော်) က ဒုတိယ၊ မော်မော်နိုင်(တနင်္သာရီ) နှင့် စောနန္ဒာကျော်(ရခိုင်)က ပူးတွဲတတိယ၊ ၆၈ ကီလိုအထက်ပြိုင်ပွဲတွင် ဇုန်လဲကျန်န်(ချင်း)က ပထမ၊ နီလာဝင်း (ရခိုင်)က ဒုတိယ၊ ငြိမ်းငြိမ်းလှ(ကချင်)နှင့် ဝင်းသူဇာမင်း(ကယား) က တတိယ၊ အသင်းလိုက်ပြိုင်ပွဲတွင် ကယားက ပထမ၊ ရန်ကုန်က ဒုတိယ၊ နေပြည်တော်နှင့် ဧရာဝတီက ပူးတွဲတတိယ၊ အမျိုးသား ၅၅ကီလိုနှင့်အောက်ပြိုင်ပွဲတွင် စံတိုး(ရန်ကုန်) က ပထမ၊ ကိုကို(မွန်)က ဒုတိယ၊ စောပလဲရယ်ဂျော့(ကယား)နှင့် ဝင်းရန်ပိုင်(နေပြည်တော်)က ပူးတွဲတတိယ၊ ၆၀ကီလိုနှင့်အောက်ပြိုင်ပွဲတွင် အောင်ခင်စစ်(ကယား)က ပထမ၊ မြင့်မောင်မောင်ဟိန်း (ရန်ကုန်)က ဒုတိယ၊ ထက်အောင်(နေပြည်တော်) နှင့် ကျော်ဇင်ထက်(ဧရာဝတီ)က ပူးတွဲတတိယ၊ ၈၄ ကီလိုအထက်ပြိုင်ပွဲ တွင် မျိုးသူ(ရှမ်း)က ပထမ၊ ခင်ညွန့်(ကယား)က ဒုတိယ၊ အောင်ဇော်မင်း(မွန်)နှင့် အောင်သီဟ(ရန်ကုန်)က ပူးတွဲတတိယ ရရှိကြသည်။


အမျိုးသား ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲကို ဝဏ္ဏသိဒ္ဓိကွင်း၌ ကျင်းပရာ ပဲခူးက ချင်းကို ၂-၀ ဂိုးဖြင့် အနိုင်ရသည်။

အမျိုးသမီး ဖူဆယ်ပြိုင်ပွဲကို ဖူဆယ်အားကစားရုံ၌ ကျင်းပရာ တတိယနေရာ လုပွဲတွင် ဧရာဝတီက ရှမ်းကို ၃-၀ဂိုးဖြင့်အနိုင်ရပြီး ဗိုလ်လုပွဲတွင် မန္တလေးက ပဲခူးကို ၈-၄ ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

မြန်မာ့သိုင်းပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိ အားကစားရုံ-C၌ ကျင်းပရာ အမျိုးသမီးတစ်ကိုယ်တော်လှံသိုင်း စွမ်းရည်ပြပြိုင်ပွဲတွင် မိုးမိုးဇာ (နေပြည်တော်) က ပထမ၊ စုစုလှိုင် (နေပြည်တော်)က ဒုတိယ၊ သဇင်လှိုင် (မွန်)က တတိယ၊ အမျိုးသားတစ်ကိုယ်တော် လှံသိုင်းစွမ်းရည်ပြပြိုင်ပွဲ တွင် သိုက်မောင်မောင်ထွန်း (စစ်ကိုင်း)က ပထမ၊ နေလင်းဦး (တနင်္သာရီ)က ဒုတိယ၊ အောင်သူ(ပဲခူး)က တတိယရရှိပြီး အမျိုးသား/အမျိုးသမီး ဗန်တိုအတိုက်နှင့် ဓားသိုင်းအတိုက် ဗိုလ်လုပွဲများကို ကီလိုတန်းအလိုက် ယှဉ်ပြိုင်ကြသည်။

ဘတ်စကက်ဘောအကြိုဗိုလ်လုပွဲစဉ်များကို လေ့ကျင့်ရေးကွင်း၌ ကျင်းပရာ အမျိုးသမီးပွဲစဉ်တွင် စစ်ကိုင်းက ရှမ်းကို (၁၃၆-၃၂) မှတ်ဖြင့် လည်းကောင်း၊ ပဲခူးက ဧရာဝတီကို (၅၅-၃၁) မှတ်ဖြင့်လည်းကောင်း၊ အမျိုးသားပွဲစဉ်တွင် ရန်ကုန်က ကရင်ကို (၆၄-၄၁)မှတ်ဖြင့်လည်းကောင်း၊ ကချင်က ရှမ်းကို (၇၂-၄၅) မှတ်ဖြင့်လည်းကောင်း အနိုင်ရကာ ဗိုလ်လုပွဲ တက်ရောက်ကြသည်။

ပိုက်ကျော်ခြင်းပြိုင်ပွဲ နှစ်ယောက်တွဲအဖွဲ့လိုက်အကြိုဗိုလ်လုပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားရုံ-B ၌ကျင်းပရာ အမျိုးသမီးပွဲစဉ်တွင် ပဲခူးက ရှမ်းကိုလည်းကောင်း၊ မွန်က ဧရာဝတီကိုလည်းကောင်း၊ အမျိုးသားပွဲစဉ်တွင် ရခိုင်က တနင်္သာရီကိုလည်းကောင်း၊ စစ်ကိုင်းက ရန်ကုန်ကိုလည်းကောင်း အနိုင်ရကာ ဗိုလ်လုပွဲတက်ရောက်ကြသည်။




# စာရေးသူ ဘဘဦးလှမြိုင်(မောင်တက္ကသိုလ်)၏ ကျောင်းသားသမဂ္ဂဖွဲ့စည်းခြင်း၏ အကျိုးအပြစ်များစာအုပ်ထွက်ရှိ

ကျောင်းသား သမဂ္ဂဖွဲ့စည်းခြင်း၏ အကျိုးအပြစ်များ စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။


ယင်းစာအုပ်ကို စာရေးသူဘဘဦးလှမြိုင်(မောင်တက္ကသိုလ်)က ရေးသားထားခြင်းဖြစ်သည်။

စာရေးသူသည် ကျောင်းနေစဉ် အထက်တန်းကျောင်းသားများ သမဂ္ဂဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ မော်လမြိုင်အရှေ့ပိုင်း အားကစားမှူး မင်းတန်းရပ် သဟာယနှင့် စာဖတ်အသင်းဥက္ကဋ္ဌအဖြစ်လည်းကောင်း ထမ်းဆောင်ခဲ့သူဖြစ်သည်။ ထို့ပြင် အရှေ့ပိုင်းလူငယ်များ ဘောလုံးအသင်းခေါင်းဆောင် ပြေးခုန်ပစ်အားကစားနည်းမျိုးစုံကို ပါဝင်ကစားရာကိုက် ၁၀၀၊ ကိုက် ၂၀၀ လက်ဆင့်ကမ်း၊ ကိုက် ၈၀၀ ပြေးပွဲတိုင်း နှစ်စဉ်ဆုရရှိခဲ့ပြီး ၁၉၅၁ ခုနှစ်မှ နှစ်စဉ်သုံးနှစ်ဆက်တိုက် ရွှေမြိုင်မောင်ဘွဲ့နှင့် မောင်လူသန်ပထမဆုကို ရရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ် မောင်မယ်ရွေးပွဲတွင် မောင်တက္ကသိုလ်ဘွဲ့ (၅၇/၅၈)ကို ရရှိခဲ့ သူဖြစ်သည့်အတွက် စာရေးဆရာဘဝတွင် ကလောင်အမည်ကို မောင်တက္ကသိုလ်ဟုအမည်တပ်ခြင်းဖြစ်သည်။

စာရေးသူက ၎င်း၏စာအုပ်ကို **အာဏာရှင်စနစ်တစ်ကြော့တစ်ဖန် ပြန်လည်မပေါ်ပေါက်လာစေရန် အရေးတွင် ယခုလျှောက်လှမ်းနေပြီဖြစ်ကြသော ဒီမိုကရေစီခရီးကို လူတိုင်းကိုယ်စီစိတ်သဘောထားဖြူစင်စွာဖြင့် ဂုဏ်သိက္ခာရှိရှိ တာဝန်သိသိဖြင့် ရိုးသားစွာ ပါဝင်လျှောက်ကြစေရန် ရေးသားထားခြင်းဖြစ်ကြောင်း** ထည့်သွင်းဖော်ပြထားသည်။

ထို့အပြင် ယနေ့ခေတ်ထွန်းကားလာသောသတင်းစာများ၊ ဂျာနယ်မဂ္ဂဇင်းများ များပြားသလောက် ကျောင်းသား သမဂ္ဂဖြစ်စဉ်ကို အမှန်အတိုင်းရေးသားဖော်ပြခြင်း မတွေ့ရကြောင်းလည်း ဖော်ပြထားသည်။

စာရေးသူက ၎င်းတို့ခေတ်ကျောင်းသားသမဂ္ဂများ၏ အခြေအနေနှင့်ပတ်သက်၍ ရေးသားရာ၌ **"ကျောင်းသားသစ္စာဖောက် ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂ ကျောင်းသားတစ်ဦးအမည်ခံ ကွန်မြူနစ်ကျောင်းသားများနှင့် အာဏာရူးဆိုရှယ်လစ်ပါတီ၏ သားတပည့်ကျောင်းသားရဲခေါင်တို့ စည်းပျက်ကမ်းပျက် အပြိုင်အဆိုင် အလုအယက်ဟောပြောဆဲဆို ပုတ်ခတ်နေကြခြင်းကြောင့် ရန်ကုန်တက္ကသိုလ်သည် ပညာဆည်းပူးရာနယ်မြေနှင့် လုံးဝမတူသဖြင့် ဂုဏ်သိက္ခာအလျဉ်းကင်းမဲ့နေပေပြီ။ ကိုယ်တိုင်တွေ့မြင်နေရသော ကျောင်းသား ခေါင်းဆောင်တို့၏ အရည်အချင်းကင်းမဲ့လွန်းမှုကို ဗိုလ်ချုပ်အောင်ဆန်းတို့၊ ဦးနုတို့ကျောင်းသားဘဝက အရည်အချင်း၊ စေတနာ၊ စိတ်ဓာတ်ဖြူစင်ကြပုံများကို တွေးတောကြံဆမိကြောင်း။**




**လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ခေတ်အစဉ်အဆက်မှ သမိုင်း သင်ခန်းစာအရ အထူးသဖြင့် ရန်ကုန်တက္ကသိုလ်မှ ကွန်မြူနစ်ကျောင်းသားများ၏ တပ်ဦးကျောင်းသားများအမည်ခံ ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂနှင့် ဗမာပြည်ကွန်မြူနစ်ပါတီတို့ ပူးပေါင်းဆောင်ရွက်ကြသော အဖျက်လုပ်ငန်းများသည် ယနေ့တိုင်းပြည်၏ ကံကြမ္မာဆိုးများကို ဖန်တီးကြသူ များဖြစ်သည်ဟု ယုံကြည်သဖြင့် စာရေးသူအနေဖြင့် တက္ကသိုလ်ရောက်သော် ခပ်ပြတ်ပြတ်ရှင်းရှင်းပင် ကျောင်းသားသမဂ္ဂနှင့် အဆက်ဖြတ်နေထိုင်ခဲ့ကြောင်း** ဖော်ပြထားသည်။

ယင်းစာအုပ်တွင် ဗိုလ်ချုပ်အောင်ဆန်း၊ ဦးနုတို့ခေတ်က စတင်တည်ထောင်ခဲ့သော ကျောင်းသားသမဂ္ဂ၏ သမိုင်းကြောင်းနှင့် အစဉ်အလာများ၊ ဖြစ်စဉ်ဖြစ်ရပ်များ နောက်ပိုင်းတွင်အမှားအယွင်းများကြောင့် သမဂ္ဂနာမည်ပျက်ခဲ့ရပုံများကို ဖတ်ရှုရမည်ဖြစ်သည်။

အဆိုပါ စာအုပ်ကို ညီမေတ္တာ စာပေက တန်ဖိုး ၅၀၀ ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိပြီး ဖုန်း ၀၉-၅၀၁၆၆၃ နှင့် ဖုန်း-၀၁-၆၁၁၆၂၂၂ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

# နိုင်ငံရေးဘောဂဗေဒနှင့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲခြင်းစာအုပ်ထွက်ရှိ




MNTV နှင့် Yangon Media Group တို့ ပူးပေါင်းတင်ဆက်သည့် Political Dialogue အထူးအစီအစဉ်ဖြစ်သော နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်နှင့် ကိုကို(စက်မှုတက္ကသိုလ်)တို့ ဆွေးနွေးထားသော နိုင်ငံရေးဘောဂဗေဒနှင့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲခြင်းစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

ယခုစာအုပ်တွင် ဆရာဒေါက်တာ အောင်ထွန်းသက်က နိုင်ငံရေးဘောဂဗေဒအပိုင်းနှင့် စီးပွားရေးနှင့် နိုင်ငံရေးခွဲခြားမရဘဲ ယှဉ်တွဲစဉ်းစားသင့်ပုံကို အခြေခံပြီး ဆွေးနွေးထားသည်။ ပြုပြင်ပြောင်းလဲရေးတတိယလှိုင်းနှင့်ပါ ဆက်စပ်ဆွေးနွေးထားရာ ပထမစာအုပ်ဖတ်ရှုပြီးသွားသူတို့အတွက်လည်း ဒုတိယပိုင်းဟူ၍ပင် ပြောနိုင်သည်။

၎င်းစာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇)ပထမထပ်(ဝဲ) ၃၉ လမ်း အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ မှ တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့်ဖြန့်ချိထားသည်။

## ပြည်တွင်းသတင်း

* ရှေ့ဖုံးမှ

ထောက်ပံ့ငွေ၊ လက်ဆောင်ပစ္စည်း၊ စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ကြီး၌ တက်ရောက်ဆေးဝါးကုသမှု ခံယူနေသည့် ကြက်ခြေနီဝန်ထမ်းများ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် အရပ်သားများအား ထောက်ပံ့ငွေ၊

ပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တပုညနန္ဒနှင့်အတူ တိုက်ပွဲရှောင် ဒုက္ခသည်များအား တွေ့ဆုံ





နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လောက်ကိုင်ဒေသ တိုက်ပွဲတွင် နိုင်ငံတော်အတွက် တိုက်ပွဲဝင်ကာကွယ်ခဲ့သည့် ဒဏ်ရာရ အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များအား အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လောက်ကိုင်ဒေသ တိုက်ပွဲတွင် နိုင်ငံတော်အတွက် တိုက်ပွဲဝင်ကာကွယ်ခဲ့သည့် ဒဏ်ရာရ အရာရှိ၊ စစ်သည်များအား အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ရှိ ပြည်နယ် အထွေထွေဆေးရုံကြီးသို့ ရောက်ရှိကြပြီး ကိုးကန့်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုကြောင့် ဆေးရုံ လက်ဆောင်ပစ္စည်း၊ စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတိုက်သို့ရောက်ရှိ အားပေးစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မန်ဆူကျောင်း ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး တိုက်ပွဲရှောင် ဒုက္ခသည်များအတွက် အလှူငွေကျပ် ၃၂၅ သိန်း၊ ဆန်အိတ် ၁၀၀၊ ဆီပိဿာ ၁၀၀နှင့် ဆား၊ ငရုတ်၊ ကြက်သွန်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တိုက်ပွဲရှောင် ဒုက္ခသည်များအား ထောက်ပံ့ပစ္စည်းများကိုပေးအပ်ကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

*စာမျက်နှာ ၆ မှ*

ခေတ်မှာတောင် ပညာရေးစီမံခန့်ခွဲရေးမှာ ဝင်ရောက် စွက်ဖက်ခွင့်မရှိခဲ့ပါဆိုတာကိုတော့ အထူးသတိပြုရမှာပါ။ (၂) အဖွဲ့အစည်း ဖွဲ့စည်းခွင့်ကိုတော့ ယခုလိုပင်မပညာရေး ဥပဒေအစား ဆက်စပ်ဥပဒေများမှာ ပြဋ္ဌာန်းသင့်ကြောင်းနှင့် (၃)ကျောင်းသားသမဂ္ဂတစ်ဖွဲ့တည်းသာမဟုတ်ဘဲ ယင်းတို့နှင့်အဆင့်တူ အခြားကျောင်းသားအဖွဲ့အစည်းများပါ ပြဋ္ဌာန်းခွင့်ပေးသင့်ပါသည်။ ဘာကြောင့်လဲဆိုတော့ **“ကျောင်းဆိုတာ လူ့အဖွဲ့အစည်းရဲ့ပုံစံငယ်”** ပါ။ ယနေ့ကျွန်တော်တို့ မြန်မာ့လူ့အဖွဲ့အစည်း သွားနေတာက ပါတီစုံဒီမိုကရေစီ လူ့အဖွဲ့အစည်းပါ။ ဒါကြောင့် ကျောင်းတွေမှာ မတူကွဲပြားမှု (diversity) ကို လက်ခံအောင်၊ အဖွဲ့အစည်းအသီးသီးကို နားလည်အောင်လေ့ကျင့်ပေးရပါမယ်။ အထူးသဖြင့် အရွယ်ရောက်နေကြတဲ့ တက္ကသိုလ်အဆင့်မှာပါ။ သူတို့အဖွဲ့ကို ကိုယ့်အဖွဲ့က လေးစား၊ ကိုယ့်အဖွဲ့က အခြားအဖွဲ့ကို ယုံကြည် . . . စတဲ့ အပြန်အလှန်လေးစားမှုတွေ ယုံကြည်မှုတွေကို ကျောင်းကတည်းက ရသွားသင့်လို့ပါ။ ပြီးတော့ သမဂ္ဂတစ်ဖွဲ့တည်းသာ ဖွဲ့ခဲ့ရင် တစ်ပါတီ(အာဏာရှင်ဆန်) စိတ်ဓာတ်တွေဝင်သွားမှာကိုတော့ ကျောင်းတွေက စိုးရိမ်စိတ်ထားရပါမယ်။ ဒါကြောင့် မလေ့ကျင့်ပေးသင့်ပါ။ သို့ပါ၍ ပညာရေးဆက်စပ်ဥပဒေမှာ သမဂ္ဂတစ်ဖွဲ့တည်းသာ ထူထောင်ခွင့်ရှိတယ်ဆိုတဲ့ စကားရပ်မျိုးမပါသင့်ကြောင်း အကြံပြုပါရစေ။

သို့ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ တိုင်းရင်းသားမိဘပြည်သူများ၊ ဆရာများ၊ ဥပဒေပညာရှင်များအား ပန်ကြားလိုတာကတော့ **“ကျောင်းသားအဖွဲ့အစည်းများ ဥပဒေနှင့်အညီဖွဲ့စည်းခွင့်”** ပြုတဲ့အခါ **“ဒူးနေရာဒူး၊ တော်နေရာတော်”** ဆိုတဲ့အတိုင်း ဆက်စပ်ဥပဒေတွေမှာသာ ထည့်သွင်းစဉ်းစားသင့်ပါကြောင်း အကြံပြုလိုက်ပါတယ်ခင်ဗျာ။

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လာအိုနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မြန်မာ-လာအို နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ရှည်လျားသောသမိုင်းကြောင်းနှင့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးရှိခဲ့၍ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် အထောက်အပံ့ဖြစ်မည်ဟု ယုံကြည်ပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံအမတ်ကြီး မစ္စတာ လိုင်ရင်း ဆိုင်ညဇန်အား လက်ခံတွေ့ဆုံရာတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံအမတ်ကြီး မစ္စတာ လိုင်ရင်း ဆိုင်ညဇန်နှင့်အတူ စစ်သံမှူး Colonel Daokai Lertlivanh နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာ၊ လာအို၊ ထိုင်း သုံးနိုင်ငံနယ်နိမိတ်ဆက်စပ်ရာ ရွှေတြိဂံနယ်မြေအတွင်း မူးယစ်ဆေးဝါးပြဿနာအချို့ ရှိသဖြင့် ထုတ်လုပ်မှု၊ ရောင်းဝယ်မှုများနှင့် ပတ်သက်၍ အပြန်အလှန် ပူးပေါင်း တားဆီးကာကွယ်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးအတွက် နယ်စပ်ဒေသတိုင်းရင်းသားဓလေ့စရိုက် တူညီမှုများရှိသဖြင့် ပြည်သူများ အပြန်အလှန် လည်ပတ်နိုင်ရေး လမ်းဖွင့်ပေးစေလိုပါကြောင်း၊ နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ကုန်သွယ်ရေးကဏ္ဍမြှင့်တင်ဆောင်ရွက်ရေးနှင့် နယ်ပယ်စုံတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး အကြံပြုလိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဧည့်သည်တော်သံအမတ်ကြီးက မြန်မာ-လာအို သံတမန်ဆက်ဆံရေး နှစ် (၆၀) ပြည့် အထိမ်းအမှတ်အဖြစ် တပ်မတော် ယဉ်ကျေးမှုအဖွဲ့နှင့် ဘောလုံးအားကစားအဖွဲ့များကို စေလွှတ်သွားလိုပါကြောင်း၊ ရွှေတြိဂံဒေသ မူးယစ်ဆေးဝါးပြဿနာမှာ နှစ်နိုင်ငံလုံးအတွက် အရေးကြီး



သောကိစ္စဖြစ်၍ ပူးပေါင်းတိုက်ဖျက်သွားမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှု မြှင့်တင်ခြင်းဖြင့် ဆက်ဆံရေး တိုးတက်မှုသာမက နှစ်နိုင်ငံအတွက် အကျိုးအမြတ်များစွာ ရရှိနိုင်မည်ဖြစ်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

ထို့နောက် တပ်မတော်နှစ်ရပ်အကြား နှစ်နိုင်ငံဘာသာစကား အပြန်အလှန် စေလွှတ်သင်ကြားရေး၊ နယ်စပ်တည်ငြိမ် လုံခြုံရေးနှင့် ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား အပြန်အလှန် ဆွေးနွေးပြောကြားသည်။

မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် ၁၉၅၅ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့ပြီး ရန်ကုန်မြို့၌ လာအိုနိုင်ငံသံရုံးကို ၁၉၅၆ ခုနှစ် ဩဂုတ် ၉ ရက်တွင် စတင်ဖွင့်လှစ်ကာ မြန်မာသံရုံးကို လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ၁၉၆၇ ခုနှစ် ဧပြီ ၂၆ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။

**(မြဝတီ)**

# မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့လူ့အဖွဲ့အစည်းများအကြောင်း ဟောပြော

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ဒဂုံတက္ကသိုလ် (ဘွဲ့နှင်းသဘင်)ခန်းမ၌ ဖေဖော်ဝါရီ ၂၅ ရက်က မြန်မာ့ယဉ်ကျေးမှု Globalization နှင့် မြန်မာ့လူ့အဖွဲ့အစည်းများအကြောင်း အသိပညာပေး ဟောပြောပွဲကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ(အငြိမ်းစား) ဆရာမကြီး ဒေါက်တာ ဒေါ်ခင်ဆွေမြင့်က မြန်မာ့ယဉ်ကျေးမှု Globalization နှင့် မြန်မာ့လူ့အဖွဲ့အစည်းများအကြောင်း ယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင် ပြုမူပြောဆို နေထိုင်ကြရေး၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များအား ထိန်းသိမ်းစောင့်ရှောက်ကြရေးတို့ကို အသေးစိတ်ဟောပြောပို့ချခဲ့သည်။

ယင်းနောက် ဟောပြောပွဲသို့ တက်ရောက်လာသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းခဲ့ရာ ဆရာမကြီး ဒေါ်ခင်ဆွေမြင့်က ပြန်လည်ဖြေကြားခဲ့သည်။

အခမ်းအနားသို့ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလှငွေး၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း အင်အား ၁၀၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **မင်းသစ်**

## နိုင်ငံဘက်စုံတည်ဆောက်ဖို့ မှန်မှန်ကန်ကန်အခွန်ပေးစို့

## ပြည်တွင်းသတင်း

❒ *ကျောဖုံးမှ*

ထို့နောက် ဒုတိယသမ္မတနှင့် ပြည်နယ် အုပ်ချုပ်ရေးမှူးတို့သည် အဆိုပါဆေးရုံ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသည့် မြန်မာရွှေ့ပြောင်း အလုပ်သမားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ ထောက်ပံ့အားပေး စကား ပြောကြားခဲ့သည်။ **(ယာပုံ)**

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် Queen Sirikit Health Center (ခရိုင်ခွဲဆေးရုံ)သို့ ရောက်ရှိရာ ခရိုင်ခွဲဆေးရုံမှ တာဝန်ရှိသူများက ခရိုင်ခွဲဆေးရုံဆိုင်ရာ အချက်အလက်များနှင့် ရွှေ့ပြောင်းအလုပ်သမားများအား ဆေးဝါးကုသပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ခရိုင်ခွဲဆေးရုံအတွင်း ရောဂါအမျိုးအစားအလိုက် ဆေးဝါးကုသပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် အစည်းအဝေးခန်း၌ ခရိုင်ခွဲဆေးရုံမှ တာဝန်ရှိသူများက ဒေသခံပြည်သူများနှင့် ရွှေ့ပြောင်းအလုပ်သမားများအား ဆေးဝါးကုသပေးနေမှု၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာများ ဆောင်ရွက်ပေးနေမှုနှင့် Health Volunteers များ အခြေအနေကို ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် Samut Sakom ခရိုင် ပြည်နယ်အုပ်ချုပ်ရေးမှူး Acting Pol. Lt. Arthit Boonyasophat က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ရောက်ရှိပြီး အဆိုပါ ဝန်ကြီးဌာန ဧည့်ခန်းမ၌ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Gen. Tanasak Patimpragorn နှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့်အတူ အဖွဲ့ဝင်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကို နှစ်နိုင်ငံ နယ်စပ်ဒေသများတွင် သာမက ဗဟိုအဆင့်အထိ တိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုပိုမိုတိုးမြှင့်ရေးအတွက် ဗီဇာကင်းလွတ်ခွင့် ဆောင်ရွက်ရေးနှင့် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်း အလုပ်သမားများ အခွင့်အရေးကာကွယ်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် Wat Prayun Wong-sawat ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ညပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့သည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီး H.E. Gen. Tanasak Patimpragorn က Kenpinski Hotel ၌ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**



---

# "သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအနေနဲ့ နိုင်ငံတော်ဘဏ္ဍာငွေကို အရှုံးခံပြီးတော့မှ အများပြည်သူဝန်ဆောင်မှုမီဒီယာအဖြစ်ပြောင်းလဲခြင်းမဟုတ်" ဦးပိုက်ထွေး

# "ပြန်ကြားရေးဝန်ကြီးဌာနက တခြားကဏ္ဍမှာ လိုအပ်ချက်အရ စိုက်ပေးရပေမယ့် သတင်းစာမှာ အမြတ်ရရှိပါတယ်။ အဲဒီအတွက် ကြိုဆိုပါတယ်" ဦးဖုန်းမြင့်အောင်

အမေးအရေး-မင်းမင်းဇော်၊ ဟန်နီဝင်း(သတင်းစဉ်)
ဓာတ်ပုံ-ရွှေကိုလေး

၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ နိုင်ငံတော်အတွက် အမြတ်ငွေ ၄ ဘီလီယံကျော် ရရှိမည်ဟု ခန့်မှန်းထားသည်။ ပြီးခဲ့သည့် ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် အမြတ်ငွေ ၃ ဒသမ ၅ ဘီလီယံကျော်ရရှိခဲ့သည်ဟုလည်း သိရှိရသည်။ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေ အရအသုံးအခြေအနေအရ လိုငွေပြနေသည့် ၃၀ ဒသမ ၁၉၄ ဘီလီယံကျော်မှာ ဦးစီးဌာနများ၏ ရုံးအသုံးစရိတ်များဖြစ်သည်ဟု ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေ အရအသုံးအခြေအနေဆိုင်ရာ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားခဲ့ပြီးဖြစ်သည်။

နိုင်ငံပိုင်မီဒီယာများ အများပြည်သူ ဝန်ဆောင်မှုမီဒီယာအဖြစ် ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် အမျိုးသားစီမံကိန်း ဥပဒေကြမ်း၏ မူနှင့် အခြေခံသဘောအပါအဝင် စီမံကိန်းလုပ်ငန်းများတွင် လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးလျက်ရှိရာ ပြည်သူ့ကိုယ်စားလှယ်များ၏ သုံးသပ်ချက်အမြင်များနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့၏ စကားသံများကို ဖော်ပြလိုက်ပါသည်။



ဒုတိယဝန်ကြီးဦးပိုက်ထွေး



ဦးဖုန်းမြင့်အောင်

**ဒေါ်စန္ဒာမင်း**
**ဇမ္ဗူသီရိမြို့နယ်မဲဆန္ဒနယ်**

နိုင်ငံပိုင်မီဒီယာတွေ အများပြည်သူဝန်ဆောင်မှုမီဒီယာအဖြစ် ပြောင်းလဲတာကို ဝမ်းသာစွာကြိုဆိုပါတယ်။ တချို့နိုင်ငံတွေမှာလည်း အစိုးရကနေ ပြည်သူလူထုအတွက် ဖော်ပြချင်တဲ့ကိစ္စတွေ ပေါ်လစီတွေကိုတော့ အစိုးရကနေဦးစီးပြီး ထုတ်ဝေနေတဲ့ သတင်းစာတွေရှိပါတယ်။ ဒါမျိုးတွေလည်း ရှိသင့်သေးတယ်လို့လည်း ထင်ပါတယ်။ အခုအခါမှာ ပုဂ္ဂလိကပိုင်သတင်းစာတွေထွက်နေတာလည်း အများကြီးရှိပါတယ်။ သူတို့တွေအနေနဲ့ မီဒီယာလွတ်လပ်ခွင့် အပြည့်အဝနဲ့ ရေးသားနေတယ်လို့လည်း ထင်ပါတယ်။ ဒါပေမယ့် တချို့သတင်းတွေ မှားနေတယ်ဆိုတာလည်း ကျွန်မတို့သိပါတယ်။ အခုနိုင်ငံတော်က ဖော်ပြနေတဲ့ ပေါ်လစီတွေ နိုင်ငံတော်ရဲ့ ရပ်တည်ချက်မျိုးတွေကိုတော့ ပြောင်းလဲမသွားစေချင်ဘူးလို့ ပြောချင်ပါတယ်။

**ဦးဖုန်းမြင့်အောင်**
**ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)**

ကျွန်တော် လေ့လာကြည့်လိုက်တော့ ပြန်ကြားရေးဝန်ကြီးဌာနက သတင်းစာမှာ အမြတ်ရှိတာတွေ့ရပါတယ်။ အစိုးရပိုင်သတင်းစာ မထုတ်သင့်ဘူးလို့ ပြောနေကြတာတွေ ရှိပါတယ်။ ဒါပေမယ့် အစိုးရပိုင် သတင်းစာက မြတ်နေတယ်။ **ပြန်ကြားရေးဝန်ကြီးဌာနက တခြားကဏ္ဍမှာ လိုအပ်ချက်အရ စိုက်ပေးရပေမယ့် သတင်းစာမှာ အမြတ်ရရှိပါတယ်။ အဲဒီအတွက် ကြိုဆိုပါတယ်။** ငွေရေးကြေးရေးကဏ္ဍတွေ ကိစ္စတွေမှာ အစိုးရက လုပ်တာထက်စာရင် အများပြည်သူ ဝန်ဆောင်မှုအနေနဲ့ လုပ်တာပိုကောင်းပါတယ်။ စိတ်ဝင်စားတဲ့သူတွေအနေနဲ့လည်း ရှယ်ယာပါတာမျိုးလေး လုပ်လို့ရသွားတာပေါ့။ ခေတ်စနစ်တွေကလည်း ပြောင်းသွားပြီ။ မီဒီယာခေတ်ကို ရောက်နေပြီဆိုတော့ ဝန်ဆောင်မှုကို ပိုပြီးတော့ကောင်းအောင် လွတ်လွတ်လပ်လပ်လုပ်နိုင်အောင် အများပြည်သူ ဝန်ဆောင်မှုမီဒီယာအဖြစ် လုပ်တာ ခေတ်စနစ်နဲ့လည်း လျော်ညီပါတယ်။ အခုက ပုဂ္ဂလိကသတင်းစာတွေမှာ ရှုံးနေတာရှိတယ်။ ဒါပေမယ့် အစိုးရသတင်းစာက မြတ်နေတယ်။ နိုင်ငံတော်အတွက်လည်း ရရှိတဲ့အမြတ်ထဲကနေ နိုင်ငံတော်ကို ပြန်သွင်းနိုင်တယ်။ ဒါမျိုးလေးတွေကို ပြည်သူတွေသိရှိအောင် Hightlight လုပ်သင့်တယ်။ အစိုးရသတင်းစာက ရှုံးနေရင်တော့ ကျွန်တော်တို့က လည်း ထောက်ပြရမယ်။ ပြည်သူ့ဘဏ္ဍာငွေနဲ့ အရှုံးပြနေရင်တော့ ထောက်ပြရမှာပေါ့။

အစိုးရပေါ်လစီပါတဲ့ သတင်းကို သတင်းစာတစ်ခုက ထုတ်ပြန်ရမှာပါ။ အစိုးရသတင်းထုတ်ပြန်ချက်တွေကို ပုဂ္ဂလိကသတင်းစာကနေ ယူရတာကျတော့လည်း သိပ်ပြီး reliable မဖြစ်ဘူး။ ပြည်သူတွေအတွက် refer လုပ်မယ်ဆိုရင် အစိုးရပိုင်သတင်းစာကို refer လုပ်လို့ရတယ်။ အဲဒါတွေအတွက် သတင်းစာကထုတ်ပေးသင့်တယ်။ အကယ်၍ အစိုးရသတင်းစာတွေ ရှုံးနေမယ်ဆိုရင် ကြော်ငြာတွေ မထည့်ဘဲနဲ့ အစိုးရသတင်းသာ သီးသန့်ထုတ်သင့်တယ်။ ဒါပေမယ့် အစိုးရသတင်းစာက မြတ်နေတဲ့အတွက် ဒီအတိုင်းပဲဆက်သွားရမယ်။ မြန်မာနိုင်ငံမှာ digital media က ဒီလောက်မဖွံ့ဖြိုးသေးဘူး။ ဒီတော့ ပုံနှိပ်မီဒီယာကိုပဲ အားကိုးနေရဦးမှာပါ။ ဒါကြောင့် အစိုးရသတင်းတွေကို ထုတ်ပြန်ပေးမယ့် ပုံနှိပ်မီဒီယာက ရှိသင့်တယ်။

**ဒေါ်ခင်ဝိုင်းကြည်**
**ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)**

ကျွန်မတို့နိုင်ငံက ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ သွားတာဖြစ်တယ်။ နိုင်ငံတကာမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့သွားတယ်။ လိုအပ်သလို ဥပဒေတွေ ပြဋ္ဌာန်းပေးရမယ်လို့လည်း ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်းပါတယ်။ လက်ရှိမှာ မီဒီယာတွေရဲ့အခန်းကဏ္ဍက အရေးကြီးလာတယ်။ မီဒီယာတွေ အမျိုးမျိုးရှိတဲ့အထဲမှာ အများပြည်သူဝန်ဆောင်မှုမီဒီယာကိုလည်း ကြိုဆိုပါတယ်။ ပြည်သူအတွက်ရည်ရွယ်တဲ့ မီဒီယာတွေကို ကြိုဆိုပါတယ်။ မီဒီယာကို လက်ကိုင်တုတ်လုပ်ပြီး အသုံးချမယ်ဆိုရင်တော့ တစ်မျိုးပေါ့။ အဲလို မဟုတ်ဘဲ ပြည်သူလူထုအတွက် အသိပညာ၊ ဗဟုသုတ၊ capacity တိုးပွားအောင် ဆောင်ရွက်တာဆိုရင် ကြိုဆိုပါတယ်။ အများပြည်သူ ဝန်ဆောင်မှုမီဒီယာအဖြစ် ပြောင်းလဲရာမှာလည်း အားနည်းချက်တွေ အားသာချက်တွေရှိမှာပါ။ ဘယ်နေရာမှာဖြစ်ဖြစ် အားနည်းချက်၊ အားသာချက်ဆိုတာ ရှိပါတယ်။

**ဦးပိုက်ထွေး**
**ဒုတိယဝန်ကြီး**
**ပြန်ကြားရေးဝန်ကြီးဌာန**

ပြည်ထောင်စု လွှတ်တော်မှာ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းရဲ့ မူနဲ့ အခြေခံသဘောအပါအဝင် စီမံကိန်းလုပ်ငန်းတွေနဲ့ စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်တွေက မနေ့ကနဲ့ ဒီနေ့မှာဆွေးနွေးခဲ့ကြပါတယ်။ မနေ့က ဆွေးနွေးတဲ့အထဲမှာ အလုံ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခိုင်မောင်ရည်က ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ပတ်သက်ပြီး ဆွေးနွေးသွားတာ ရှိပါတယ်။ အဲဒါ ဘာလဲဆိုတော့ မြန်မာ့အလင်းနဲ့ ကြေးမုံသတင်းစာတွေကို အများပြည်သူဝန်ဆောင်မှုသတင်းစာအဖြစ် ပြောင်းလဲအကောင်အထည်ဖော်ရန်ဆိုတဲ့ အချက်ပါရှိတဲ့အကြောင်း၊ အများပြည်သူဝန်ဆောင်မှုသတင်းစာအဖြစ် ပြောင်းလဲအကောင်အထည်ဖော်တဲ့အခါ နိုင်ငံတော်က အရှုံးခံပြီး ပြောင်းလဲရမယ်ဆိုတဲ့အချက်ကို စဉ်းစားသင့်ကြောင်း ဆိုပြီး ဆွေးနွေးသွားတာတွေ့ရပါတယ်။ တကယ်တော့ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အလင်းနဲ့ ကြေးမုံသတင်းစာကို ထုတ်ဝေနေတဲ့ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းဟာ အရှုံးမရှိခဲ့ပါဘူး။ ဒီမိုကရေစီ အစိုးရသစ်လက်ထက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအနေနဲ့ နှစ်အလိုက် အကျိုးအမြတ်တွေရရှိခဲ့ပါတယ်။ ဒါတွေကို သိအောင် ချုပ်တင်ပြရမယ်ဆိုရင် **၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာ ဝင်ငွေခွန်နှင့် နိုင်ငံတော်ထည့်ဝင်ငွေမပါ အမြတ်ငွေ ကျပ် ၆၃၁၅ သန်း ရပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာဝင်ငွေခွန်နှင့် နိုင်ငံတော်ထည့်ဝင်ငွေမပါ အမြတ်ငွေ ကျပ် ၆၈၂၇ သန်း ရရှိပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ အမြတ်ငွေကျပ် ၆၅၄၄ သန်းနဲ့ ဝင်ငွေခွန်နှင့် နိုင်ငံတော်ထည့်ဝင်ငွေ နုတ်ပြီး ၃၅၀၀ သန်းကျော်၊ အခု ၂၀၁၄-၂၀၁၅ ဒီဇင်ဘာလကုန်ထိ အမြတ်ငွေ ကျပ်သန်း ၆ ထောင်ကျော်** ရရှိနေပြီး နှစ်ကုန်ပါက ဝင်ငွေခွန်နှင့် နိုင်ငံတော် ထည့်ဝင်ငွေနုတ်ပြီး အမြတ်ငွေ သန်း ၄၀၀၀ ကျော် ရမယ်လို့ ခန့်မှန်းထားပါတယ်။ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအနေနဲ့ အရှုံးမရှိတဲ့အကြောင်း ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်အနေနဲ့ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ရည်မှန်းချက်၊ လုပ်ငန်းစဉ်တွေ ပြည်ထောင်စုလွှတ်တော်မှာ လာရှင်းတဲ့အချိန်တုန်းကလည်း ရှင်းလင်းတင်ပြခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့လည်း ပြီးခဲ့တဲ့ လွှတ်တော်အစည်းအဝေးတစ်ခုမှာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အရှုံးမရှိကြောင်းကို ကျွန်တော် ကိန်းဂဏန်းတွေနဲ့တကွ ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ထို့အတူ သတင်းစာမှာလည်း အရှုံးမရှိကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ သို့သော်လည်း **ဦးခိုင်မောင်ရည်အနေနဲ့ ဘယ်ဌာန၊ ဘယ်အချက်အလက်တွေကနေ ကိုးကားပြီး ဆွေးနွေးတယ်ဆိုတာ မသိပါဘူး။ ကျွန်တော့်အနေနဲ့ တင်ပြချင်တာကတော့ ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေနဲ့ နိုင်ငံတော်ဘဏ္ဍာငွေကို အရှုံးခံပြီးတော့မှ အများပြည်သူ ဝန်ဆောင်မှုမီဒီယာအဖြစ် ပြောင်းလဲမှာ မဟုတ်ပါဘူး။** ကျွန်တော်တို့ ယနေ့ထုတ်နေတဲ့ သတင်းစာတွေဟာလည်း ရှုံးနေတာ မဟုတ်ဘဲ ခုနက ကျွန်တော်တင်ပြခဲ့သလို အမြတ်တွေရရှိနေတာဖြစ်တဲ့အကြောင်း ကျွန်တော် တင်ပြလိုပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအပေါ်မှာ စေတနာဖြင့်ထောက်ပြဆွေးနွေးတာကို ဝမ်းသာအားရလက်ခံကြိုဆိုပါတယ်။ ဒါပေမယ့် တချို့ဆွေးနွေးချက်တွေဟာ မှန်မှန်ကန်ကန်နဲ့ တိတိကျကျဖြစ်ဖို့ လိုပါတယ်။ နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ အကျိုးကိုရှေးရှုပြီး အပြုသဘောဆောင်သင့်တာပေါ့ဗျာ။ ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ကတော့ ပြည်ထောင်စုလွှတ်တော်က သတ်မှတ်ပေးတဲ့ အခုလာမယ့် မတ် ၅ ရက်နဲ့ ၆ ရက်မှာ ဦးခိုင်မောင်ရည် ဆွေးနွေးတာနဲ့ ပတ်သက်ပြီး ပြန်လည်ရှင်းလင်း တင်ပြသွားမှာ ဖြစ်တဲ့အကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ပြည်သူလူထုအတွက် ဆောင်ရွက်မယ့်စီမံကိန်းက မြန်မာ့အသံကို ပိုမိုကြည်လင်ပြီး ပြတ်သားစွာနားဆင်နိုင်ဖို့၊ ကျယ်ကျယ်ပြန့်ပြန့် ထိရောက်စွာရှိစေဖို့ အက်ဖ်အမ်တွေ တိုးချဲ့ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီဘတ်ဂျက်မှာ အက်ဖ်အမ် ၂၅ ရုံ တိုးချဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားမှာ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်တွေကို Analogue စနစ်ကနေ DVB -T2 စနစ်ကို ပြောင်းလဲဆောင်ရွက်နေတာ ရှိပါတယ်။ ဒီဘတ်ဂျက်မှာ



ဒေါ်စန္ဒာမင်း



ဒေါ်ခင်ဝိုင်းကြည်

တော့ DVB -T2 စက် မြို့ ၅၀ မှာ တိုးချဲ့ ဆောင်ရွက်သွားပါမယ်။ DVB-T2 တိုးချဲ့ ဆောင်ရွက်ပြီးသွားပြီဆိုရင် ပြည်သူလူထုအနေနဲ့ မြန်မာ့အသံမှာ ထုတ်လွှင့်နေတဲ့ ရုပ်သံလိုင်းအပြင် အခြား MRTV-4၊ Channel-7 အစရှိတဲ့ ရုပ်သံလိုင်း ၁၄၊ ၁၅ လိုင်းလောက်ကို အခမဲ့ကြည့်ရှုနိုင်တော့မှာ ဖြစ်ပါတယ်။ ထိုနည်းတူစွာ သတင်းစာတွေအနေနဲ့ ပြည်သူလူထုလက်ဝယ်ကို အချိန်မီရောက်ရှိဖို့နဲ့ ကျေးလက်ဒေသထိ သတင်းစာတွေဖြန့်ဝေနိုင်ဖို့အတွက် ဒီနှစ်မှာ ရခိုင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမှာ သတင်းစာတိုက်တွေ တည်ဆောက်ပါမယ်။ ပြည်သူလူထုအနေနဲ့ သတင်းစာတွေကို အချိန်မီဖတ်ရှုနိုင်ဖို့နဲ့ သတင်းစာအရည်အသွေးကောင်းမွန်စွာဖတ်ရှုနိုင်ဖို့ ဆောင်ရွက်မှာဖြစ်ပါတယ်။ စာကြည့်တိုက်အနေနဲ့ ဒီနှစ်မှာ တစ်နိုင်ငံလုံး စာကြည့်တိုက် ၂၀၀ အတွက် စာကြည့်တိုက် တစ်တိုက်ကို ကျပ်သိန်း ၂၀ နှုန်း ထောက်ပံ့ဆောင်ရွက်သွားဖို့ ရှိကြောင်း ပြောကြားလိုပါတယ်။

ပြည်တွင်းသတင်း

# ပျဉ်းမနားမြို့ လောကမာရဇိန်ဘုရား တပေါင်းပွဲတော်ကြီး စည်ကားစွာကျင်းပမည်



**ပျဉ်းမနား ဖေဖော်ဝါရီ ၂၇**

နေပြည်တော် ပျဉ်းမနားမြို့ မြို့ကျက်သရေဆောင် ဆုတောင်းပြည့် လောကမာရဇိန် စေတီတော်မြတ်ကြီး (၁၄၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ပွဲတော်ကြီး ဖွင့်ပွဲအခမ်းအနားကို စေတီတော်မြတ်ကြီး ရင်ပြင်တော်၌ ယနေ့ နံနက်ပိုင်းက ဖွင့်လှစ်သည်။

လောကမာရဇိန် ဘုရားပွဲတော်ကြီးကို ရှေးယခင်အဆက်ဆက်မှ ဒေသအစဉ်အလာ ရိုးရာအတိုင်း တပေါင်းလတွင် နှစ်စဉ်ကျင်းပလာခဲ့ရာ ယခု (၁၄၂)ကြိမ် ရောက်ရှိခဲ့ပြီး ပျဉ်းမနားမြို့၏ အစည်ကားဆုံး ဘုရားပွဲတော်ကြီးဖြစ်သည်။

ယခုနှစ် ဘုရားပွဲတော်ကြီးကို အထူးစည်ကားစွာ ကျင်းပမည်ဖြစ်ရာ ဈေးဆိုင်ခန်းများကို တိုးချဲ့ဆောက်လုပ်ပေးထားပြီး ဒေသအသီးသီးမှ ထွက်ကုန်ပစ္စည်း ရောင်းချမည့် ဆိုင်ခန်းများ၊ ကြွေထည်၊ မြေထည်၊ သောက်ရေအိုး၊ စဉ့်အိုးဆိုင်များ၊ အညာဒေသ ထွက်ကုန်ဆိုင်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော် ဖျာဆိုင်ကြီးများ၊ အဝတ်အထည်ဆိုင်များ၊ လက်မှုပစ္စည်း၊ လက်ယာသုံးပစ္စည်းဆိုင်များနှင့် မြန်မာ့ရိုးရာမုန့်ဆိုင်များ၊ (၁၂)ပွဲဈေးသည်များ စုံလင်စွာဖြင့် လာရောက်ရောင်းချကြမည်ဟု သိရသည်။

ဘုရားပွဲတော် ကျင်းပရာအနီးရှိ ကျေးရွာနေပြည်သူတစ်ဦးက ယခု ကျင်းပသည့် ပွဲတော်ကြီးသည် ပျဉ်းမနားမြို့၏ အစည်ကားဆုံးပွဲတော်ကြီးဖြစ်ပြီး ပျဉ်းမနားမြို့ ဒေသခံများ၊ မြို့အရှေ့ဘက် မိုင်ပေါင်း ၄၀ ကျော်ဝေးသော တောင်ပေါ်ကျေးရွာ များမှ ကျေးရွာသူ ကျေးရွာသားများနှင့် အနီးဝန်းကျင်မြို့များ၊ ကျေးရွာများမှ ပြည်သူများ စောင့်မျှော်အားထားကြသည့် ဘုရားပွဲဖြစ်ကြောင်း၊ ကျေးရွာနေပြည်သူများမှာ တစ်နှစ်တစ်ခါကျင်းပမြဲ ဘုရားပွဲတော်ကြီးရောက်မှ မိမိအိမ်တွင် လိုအပ်သောပစ္စည်းများကို ဝယ်ယူကြသည့်ဒေသ အစဉ်အလာဓလေ့ကို ယနေ့တိုင် ကျင့်သုံးနေကြောင်း၊ တောင်သူလယ်သမားမိသားစုများက လယ်ယာသုံးပစ္စည်းများကို ယခုလို ပွဲတော်ကြီး အချိန်ရောက်မှ သာလျှင် ဝယ်ယူလေ့ရှိကြောင်း ပြောကြားသည်။

လောကမာရဇိန် ဘုရားပွဲတော်ကြီးကို ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ တေးသရုပ်ဖော်ပွဲများ၊ မျက်လှည့်၊ ကလေးအားကစားကွင်း၊ ချားရဟတ်များ၊ ဇာတ်ပွဲများ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း၊ လောင်းကစားဝိုင်း၊ လောင်းကစားဆန်သော ကစားနည်းမျိုးစုံ၊ လောင်းကစားဟု ယူဆရသော ကစားနည်းမျိုးစုံနှင့် ဥပဒေအရ ခွင့်မပြုသော လုပ်ငန်းအားလုံးကို စေတီတော်ဝတ္တကမြေနှင့် ပွဲတော်ကွင်းနေရာအသီးသီး၌ ရောင်းချသုံးစွဲပြုလုပ်ခြင်း မပြုလုပ်ကြရန် တပေါင်းပွဲတော်ကျင်းပရေးကော်မတီက အထူးပင်တားမြစ်ထားကြောင်း သိရသည်။

**သတင်း-မျိုးဇေယျာ(ပျဉ်းမနား)**
**ဓာတ်ပုံ-စိုးမိုး(မူဆယ်)**

# ရွှေတိဂုံစေတီတော်တပေါင်းပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ၂၆၀၃ နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို တပေါင်းလဆန်း ၆ ရက် (ဖေဖော်ဝါရီ၂၃ ရက်၊ တနင်္လာနေ့)မှ စတင်၍ ဖွင့်ပွဲအခမ်းအနားကျင်းပပြီး တပေါင်းလပြည့်နေ့(မတ် ၄ ရက်နေ့အထိ) ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာတို့ဖြင့် ကျင်းပပူဇော်လျက်ရှိသည်။

သံဃာ့ပူဇာအနေဖြင့် တပေါင်းလဆန်း ၁၄ ရက်(မတ် ၃ ရက်၊ အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများ အမှူးပြုသော သံဃာတော် ၁၁၇ ပါးနှင့် သီလရှင် ၂၇ ပါး စုစုပေါင်း ၁၄၄ ပါးတို့အား စေတီတော်ရင်ပြင်၌ ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်သည်။ တပေါင်းလပြည့်(မတ် ၄ ရက်၊ ဗုဒ္ဓဟူးနေ့) နံနက် ၅ နာရီ၌ ရင်ပြင်တော် ရာဟုထောင့်ရှိ အောင်မြေ၌ ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီးဆွမ်း၊ ဆီမီးတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး ချမ်းသာကြီးတန်ဆောင်း၌ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေမည်ဖြစ်သည်။ ရပ်ဝေးရပ်နီးမှ အလှူရှင်များ၊ ဝေယျာဝစ္စ၊ ဝတ်အသင်းအဖွဲ့ဝင်များ ကြွရောက်ကြည်ညိုကုသိုလ်ယူနိုင်ကြောင်း သိရသည်။

**ကိုချစ်**

# ၁၄ ဘီးကုန်ကား လမ်းဘေးထိုးဆင်း တိမ်းမှောက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**


ဟင်္သာတမြို့နယ် ရှားခဲကျေးရွာနေ ဦးထွန်းလွင်ပိုင် ယာဉ်မောင်း ကိုဝင်းဌေး (၄၅ နှစ်)မောင်းနှင်လာသော ဝင်ရိုးငါးခု ၁၄ ဘီးကုန်တင်ယာဉ်သည် ဖေဖော်ဝါရီ ၂၄ ရက် ညပိုင်းတွင် ပလောပီနံ့မှုန့်အိတ် ၃၇၀ တင်ဆောင်လာပြီး ရန်ကုန်သို့ မောင်းနှင်လာစဉ် ရန်ကုန်တိုင်းဒေသကြီး နယ်စပ်သို့ ဝင်ရောက်ခါနီး လမ်းဘေးသို့ထိုးဆင်းသွားပြီး ပက်လက်လန်အနေအထားဖြင့် မြင်တွေ့ခဲ့ရသည်ဟု ပုသိမ်မှ ရန်ကုန်သို့ မောင်းနှင်လာသော ကုန်တင်ယာဉ်ငယ် ၁၀ ပေကား 5F/------ ယာဉ်မောင်း ကိုလှမျိုးက ဆိုသည်။

ဗိုလ်မြတ်ထွန်းတံတားအနီး ည ၁၀ နာရီခွဲဝန်းကျင်တွင် အဆိုပါ ၁၄ ဘီးကုန်ကားသည် ရပ်ထားသော မိမိတို့ကားငယ်ဘေးမှ ဖြတ်သွားသည်ကို မြင်တွေ့ခဲ့ရပြီးနောက် ည ၁၂ နာရီခန့် မိုင်တိုင် ၁၉/၂ နေရာတွင် အဆိုပါယာဉ် လမ်းဘေးတွင် ကျနေသည်ကို မြင်တွေ့ရသည်ဟု ကိုလှမျိုးက ပြောသည်။

ယာဉ်နောက်လိုက်ဖြစ်သူသာ ထိခိုက်ဒဏ်ရာရပြီး ပလောပီနံ့မှုန့်အိတ်ရေအနည်းငယ် ရေစိုပျက်စီးပြီး ကားခေါင်းပိုင်းသာပျက်စီးမှုများကြောင်း၊ ရန်ကုန်-ပုသိမ်ကားလမ်းပေါ်တွင် မကြာခဏ ညပိုင်းတွင် ယာဉ်မျိုးစုံ လမ်းဘေးထိုးကျခြင်း၊ လမ်းပေါ်ယာဉ်တိုက်မှု၊ သစ်ပင်တိုက်မှုများ ဖြစ်လေ့ရှိရာ သတိထားမောင်းနှင်သင့်ကြောင်း ယာဉ်ပိုင်ရှင်တစ်ဦးက ဆိုသည်။

ရန်ကုန်၌ ကုန်ချရာတွင် အမှတ်စဉ်ဦးရန် အပြိုင်မောင်းရာမှ လမ်းဘေးကျလေ့ရှိကြောင်း ပဲကုန်သည်တစ်ဦးက ဆိုသည်။

**ခင်ဆိုင်**





# ဒီမိုကရေစီရှင်သန်ရေးအတွက် တည်ငြိမ်အေးချမ်းမှုကိုလိုလားကြောင်း စုပေါင်းဆန္ဒဖော်ထုတ်

**သာစည် ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့တွင် ဒီမိုကရေစီရှင်သန်ရေးအတွက် တည်ငြိမ်အေးချမ်းမှုကို လိုလားကြောင်း ဒေသခံပြည်သူများက ခွင့်ပြုချက်ရယူကာ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၈ နာရီခွဲက အမှတ်(၄) ရပ်ကွက် ဘောလုံးကွင်းမှစတင်၍ သတ်မှတ် လမ်းကြောင်းအတိုင်း လမ်းလျှောက် ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

စုပေါင်းလမ်းလျှောက် ဆန္ဒဖော်ထုတ်ရာ လမ်းကြောင်းတစ်လျှောက်တွင် ဆန္ဒဖော်ထုတ်သူများက ဒီမိုကရေစီရှင်သန်ခိုင်မာရေး၊ နိုင်ငံတော် အေးချမ်းတည်ငြိမ်ရေး၊ အခြေခံ လူ့အခွင့်အရေးများ ရရှိရေး တည်ငြိမ်အေးချမ်းဖို့လိုသည်။ တိုင်းပြည် ဆူပူအောင်ဖန်တီးသူ ဒို့ရန်သူ၊ ၂၀၁၅ ခုနှစ် ငြိမ်းချမ်းမှုဖော်ဆောင်ရေး ကြွေးကြော်သံများ ကြွေးကြော်ခြင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပိုမိုခိုင်မြဲရန် တည်ငြိမ်အေးချမ်းဖို့လိုသည်။ ဖွံ့ဖြိုးတိုးတက်သည့် ခေတ်မီနိုင်ငံတော် တည်ဆောက်ရေး၊ မင်းမဲ့စရိုက်ဖန်တီးသူ ဒို့ရန်သူ စသည့်စာတန်းများ ပါဝင်သည့် ဆိုင်းဘုတ်များကိုင်ဆောင်၍ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ကြရာ မြို့နယ်ရဲတပ်ဖွဲ့ဝင်များက ဆန္ဒဖော်ထုတ်သူများ အေးချမ်းစွာ ဆန္ဒဖော်ထုတ်နိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကူညီကြသည်။

အဆိုပါ ဆန္ဒဖော်ထုတ်ပွဲတွင် မြို့ပေါ်ရပ်ကွက် ခုနစ်ရပ်ကွက်ပါ ကျေးရွာအုပ်စု ၄၄ အုပ်စုမှ ဒေသခံပြည်သူ ၁၁၀၀ ခန့်ပါဝင်ပြီး သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများထံ ခွင့်ပြုချက်တောင်းခံ၍ ဆန္ဒဖော်ထုတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**မိုးလေဝသ အခြေအနေ**

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင်** ယနေ့ သာယာမည်။ **မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ** တစ်ပြည်လုံးတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

# FED မှ မြန်မာရွှေ့ပြောင်းအလုပ်သမားကလေးများနှင့် အမေရိကန်ကျောင်းမှ ကျောင်းသားများအတွေ့အကြုံဖလှယ်

**ဖန်င ဖေဖော်ဝါရီ ၂၇**

ထိုင်းနိုင်ငံတောင်ပိုင်းအခြေစိုက် ပညာရေးဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း FED မှ ဖွင့်လှစ်ထားသော မြန်မာရွှေ့ပြောင်းအလုပ်သမား ကလေးများ ကျောင်းမှ ကျောင်းသား ကျောင်းသူကလေးများနှင့် နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ရှိ အမေရိကန်ကျောင်းမှ ကျောင်းသား ကျောင်းသူကလေးများ၏အတွေ့အကြုံ ဆွေးနွေးဖလှယ်ခြင်းအစီအစဉ်ကို ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၆ ရက်ထိ ထိုင်းနိုင်ငံတောင်ပိုင်းအခြေစိုက် ပညာရေးဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း FED (ULC) ကျောင်း၌ ပြုလုပ်ခဲ့ကြောင်း ထိုင်းနိုင်ငံတောင်ပိုင်း အခြေစိုက် ပညာရေးဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း FED မှ သိရသည်။

နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ရှိ အမေရိကန်ကျောင်းမှာ ထိုင်းနိုင်ငံတောင်ပိုင်းအခြေစိုက် ပညာရေးဖွံ့ဖြိုးရေးဖောင်ဒေးရှင်း FED မှ ဖွင့်လှစ်ထားသော မြန်မာရွှေ့ပြောင်းအလုပ်သမား ကလေးထိန်းကျောင်းအား ကူညီထောက်ပံ့ပေးနေခြင်းဖြစ်ပြီး ကျောင်းသား ကျောင်းသူများ၏ အတွေ့အကြုံဖလှယ် ဆွေးနွေးအစီအစဉ်၌ အဆိုပါ နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ရှိ အမေရိကန်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၉ ဦးအပါအဝင် ဆရာမသုံးဦးတို့မှ ထိုင်းနိုင်ငံတောင်ပိုင်း ခေါင်လတ်ကမ်းခြေရှိ တည်းခိုခန်း၌ တည်းခိုနေထိုင်ကာ ၎င်းတို့၏ အတွေ့အကြုံများအတွက် လာရောက်ဆွေးနွေးဖလှယ်ရယူကြခြင်းလည်း ဖြစ်သည်။

ထိုင်းနိုင်ငံတောင်ပိုင်းအခြေစိုက် ပညာရေးဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း FED မှ ဒါရိုက်တာ ဦးထူးချစ်က "ကမ္ဘာ့အဆင့်မီ ကျောင်းတစ်ကျောင်းက ကျောင်းသား ကျောင်းသူများနဲ့ အခုလို ရင်းနှီးတွေ့ဆုံခွင့်ရတာက ကျွန်တော်တို့ မြန်မာရွှေ့ပြောင်း ကလေးတွေအတွက် အများကြီး ဗဟုသုတရစေပါတယ်။ သူတို့အနေနဲ့ကတော့ ကျွန်တော်တို့အလုပ်သမားတွေရဲ့အခြေအနေ၊ လူ့အခွင့်အရေး အခြေအနေတွေ မေးခဲ့ပါတယ်။ အဓိကကတော့ သူတို့နိုင်ငံရဲ့ နိုင်ငံရေး၊ ပညာရေးစနစ်တွေနဲ့ တခြားအထွေထွေကိစ္စတွေကို ရှင်းပြသွားတာပေါ့နော်။ ကျွန်တော်တို့ ကလေးတွေကလည်း သိချင်တာ ရှိတာတွေ မေးတာပေါ့။ American School of the Hague က ကျောင်းသား ကျောင်းသူများနဲ့ အခုလို အတွေ့အကြုံဖလှယ်ပွဲလုပ်တာ အခုဆိုရင် တစ်နှစ်တစ်ကြိမ်နှုန်းနဲ့ ငါးနှစ်ဆက်တိုက်ရှိပါပြီ။ သူတို့ နိုင်ငံခြားက ကျောင်းသား ကျောင်းသူများအနေနဲ့လည်း ထိုင်းနိုင်ငံမှာ လာရောက်လုပ်ကိုင်စားသောက်နေတဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေရဲ့အခြေအနေကိုလည်း လေ့လာခွင့်ရခဲ့ကြတာပေါ့" ဟု ပြောသည်။



**စိုးဝင်း(SP)**

တွေ့ဆုံမေးမြန်း

# မွန်မြတ်သန့်စင် နှလုံးသားပိုင်ရှင်များ

အင်တာဗျူး-ညီညီထွန်း(သတင်းစဉ်)
ဓာတ်ပုံ-နေလင်း(ပြန်/ဆက်)

**ဖြူစင်နှလုံးသားပိုင်ရှင်များသည် ပြည်သူများအတွက် နိုင်ငံအတွက် အသက်ကိုစတေးပြီး မိသားစုများ၊ ဆွေမျိုးများစသည့် ချစ်ခင်သူများကို စွန့်ခွာသွားပါပြီ။ သူတို့၏ စွန့်လွှတ်အနစ်နာခံမှုများသည် နိုင်ငံအတွက် ပြည်သူအတွက် ကျေးဇူးအနန္တပင်ဖြစ်ပါသည်။ သူတို့၏ ဖြူစင်သော နှလုံးသားများကို တင်စားဂုဏ်ပြုရမည့်စကားလုံးများ ရှားပါးကုန်ပြီ ဖြစ်ပါသည်။ ဖြူစင်သောနှလုံးသားပိုင်ရှင်များ၏ ကျန်ရစ်သူမိသားစုများသည် ဝမ်းနည်းကြေကွဲသော်လည်း ဂုဏ်ယူမဆုံးရှိကြပြီး ဂုဏ်ယူအပြုံးဖြင့် ပြောကြားသည့် ရင်တွင်းစကားသံများကို ပြည်သူများက သိရှိဂုဏ်ပြုနိုင်ရန် စေ့ငုဖော်ပြလိုက်ပါသည်။**

**ဦးကျော်ဇောထူး**
**လောက်ကိုင်ခရိုင်ဦးစီးမှူး**
**ကြက်ခြေနီသူနာပြုတပ်ဖွဲ့**

ကျွန်တော်ကတော့ လောက်ကိုင်ခရိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဦးစီးမှူးပါ။ လောက်ကိုင်ခရိုင်ဒေသတစ်ခုလုံးမှာရှိတဲ့ တိုက်ပွဲသင့်ပြည်သူတွေအတွက် ကယ်ဆယ်ရေးလုပ်ငန်း



ဦးကျော်ဇောထူး



ဗိုလ်မှူး ကျော်ကျော်



ဒေါ်ခင်အေးနွယ်

တွေကို အများကြီးဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ဖြစ်တဲ့နေ့က ၂၁ ရက်နေ့ကပါ။ ၂၁ ရက် မွန်းလွဲ ၁ နာရီလောက်အချိန်မှာ လောက်ကိုင်မြို့ကနေ ထွက်ခွာလာခဲ့ပါတယ်။ ထွက်ခွာလာပြီး လမ်းမှာ ကြံခုတ်လုပ်သားအယောက်တစ်ရာလောက် လမ်းလျှောက်လာကြတာတွေ့တယ်။ အဲဒါတွေကို ကျွန်တော်တို့က ပြန်ကြပါ။ ရှေ့မှာအန္တရာယ်တွေ သိပ်များနေတယ်။ ကြက်ခြေနီရုံးမှာ ကယ်ဆယ်ရေးစခန်း ဖွင့်ထားပါတယ်။ သူတို့တွေကို ကယ်ဆယ်ရေးယာဉ်တန်းကားတွေ အပြန်ရရှိအောင် ကွမ်းလုံကြက်ခြေနီတွေနဲ့ ချိတ်ဆက်ပြီးတော့ ကျွန်တော်ကြိုးစားဆောင်ရွက်ပါမယ်။ ရှေ့ကနေ ကျွန်တော်ပို့ပြင့်ပြေးပြီးတော့ ကြိုးစားဆောင်ရွက်ပါ့မယ်လို့ ပြောပြပါတယ်။ ဒါပေမယ့် တချို့လူတွေကတော့ ကျွန်တော်တို့လျှောက်နိုင်သလောက် လျှောက်မယ်ဆိုပြီးတော့ လမ်းလျှောက်လာကြတယ်။ အဲဒီအချိန်မှာ လုံးဝလမ်းလျှောက်လို့ မရနိုင်တော့တဲ့လူတွေကိုတော့ ကျွန်တော့်ကားပေါ်မှာ အကုန်တင်လာခဲ့တယ်။ နောက်ထွက်လာတဲ့အချိန်မှာ ကျွန်တော်တို့ လုံထန်အောက်ရွာနဲ့ ခွေးတစ်မော့အတက်ကြား နောက်ဆုံးရွာလေးရောက်တဲ့အချိန်မှာ ကျွန်တော်တို့ကားကို တောင်ပေါ်ကနေ လက်နက်တွေနဲ့ တရစပ်ပစ်ခတ် တိုက်ခိုက်တာကို ခံခဲ့ရပါတယ်။ အဲဒီအချိန်မှာ ကျွန်တော့်လက်မောင်းကို ဖြတ်မှန်ပြီးတော့ မျက်နှာကို ကျော်ထွက်သွားပါတယ်၊ လက်မောင်းတစ်ခုလုံးပြုတ်ကျသွားသလိုမျိုးဖြစ်သွားပြီးတော့ ကျွန်တော်လုံးဝမလှုပ်ရှားနိုင်တော့ပါဘူး။ တိုက်ပွဲ ၁၅ မိနစ်လောက်ဖြစ်ပြီးတော့ ငြိမ်သွားပါတယ်။ ကျွန်တော်တို့ အဲဒီမှာ ကြက်ခြေနီအင်္ကျီကို သူတို့ဘက်ကို မြင်အောင်ပြပြီးတော့ အဲဒီကားဘေးနားမှာပဲမှောက်ပြီးနေလိုက်ပါတယ်။ အဲဒီအချိန်မှာသူတို့ ၁၅ မိနစ်လောက်ဆက်ပြီးပစ်ပါတယ်။ ဆက်ပစ်တဲ့အချိန်မှာ လက်နက်ကြီးတွေလည်း ကျပါတယ်။ လက်နက်ကြီးတွေကျတော့ ကျွန်တော့်ကားဆို ကားဘီးတွေရော ဆီတိုင်ကီတွေပါ အကုန်လုံးပွင့်ထွက်သွားပါတယ်။ အဲဒီအချိန်မှာ ကားပေါ်မှာ တိုက်ပွဲဒုက္ခသည်တွေပေါ့နော်။ အဲဒီအမျိုးသမီးတွေနဲ့ ကလေးတွေကတော့ နည်းနည်းပါးပါးပဲ ဒဏ်ရာရတယ်။ လုံးဝအသေအပျောက်တော့မရှိပါဘူး။ ကားပေါ်မှာ အားလုံး ၁၃ ဦးပါတဲ့အနက် ခြောက်ဦးဒဏ်ရာ ရရှိပါတယ်။ ခြောက်ဦး ဒဏ်ရာရရှိတဲ့အထဲမှာ သုံးဦးကတော့ သာမန်ဒဏ်ရာ အနေနဲ့ ဆေးဝါးကုသတယ်။ သုံးယောက်ကတော့ အပြင်းအထန်ဒဏ်ရာနဲ့ ဆေးကုသမှု ခံယူနေရပါတယ်။ အဲဒီထဲက တစ်ဦးကတော့ ကိုမြတ်သီဟမောင်လို့ခေါ်ပါတယ်။ MRTV-4 က တစ်ယောက်လည်း ပါပါတယ်။ ကျွန်တော့်သူငယ်ချင်း တစ်ယောက်လည်းရှိပါသေးတယ်။ ကျွန်တော်နဲ့သုံးဦးကတော့ အပြင်းအထန်ဒဏ်ရာရရှိခဲ့ပါတယ်။ အခုလို နိုင်ငံတော်သမ္မတကြီးကနေ ကျွန်တော်တို့ကို လာရောက်ပြီး အားပေးစကားချီးမြှင့်ပေးတဲ့အတွက် အများကြီးကျေးဇူးတင် ဝမ်းမြောက်ကြောင်း ဂုဏ်ယူပြောကြားလိုပါတယ်။

**သီရိရှင်းသန့်(မော်ဒယ်သရုပ်ဆောင်)**

တိုက်ပွဲဒုက္ခသည်တွေ၊ တိုက်ပွဲရှောင်ဒုက္ခသည်တွေကို ဒီမှာလာပြီးတော့ ကူညီပေးပါတယ်။ သူတို့လိုတဲ့ ပစ္စည်းတွေ၊ တတ်နိုင်တဲ့ဘက်က လုပ်အားဒါနတွေ လုပ်ပေးတယ်။ ပြီးတော့ ကိုယ်တတ်နိုင်သလောက်လည်း ကူညီပေးတာပေါ့။ ဆရာတော်ကြီးရဲ့ ညွှန်ကြားချက်အတိုင်း အမြဲတမ်းလာပြီး ကူညီပေးပါတယ်။ ဇာတိကတော့ လားရှိုးကပါ။ ဘယ်လိုသိတာလဲဆိုတော့ ဖေ့(စ်)ဘွတ်(ခ်)ကနေ သိပြီးတော့ ဒီမှာတိုက်ပွဲရှောင်တဲ့ တိုက်ပွဲဒုက္ခသည်တွေကို ကူညီထားတယ်ဆိုတာ သိခဲ့တယ်။ အဲဒီသတင်းကြားတဲ့အခါ ကိုယ်ကိုယ်တိုင်လည်း စိတ်ထဲမှာ အလွန်ဝမ်းနည်းတယ်။ နေ့တိုင်းမြင်နေရတဲ့ သတင်းကို ကြည့်ပြီးတော့ မျက်ရည်ကျမိတယ်။ ရင်ထဲမှာလည်း မကောင်းဘူး။ အဲဒါကြောင့်မို့လို့ ကိုယ့်ရဲ့လုပ်အားဒါနလေးပဲဖြစ်ဖြစ် ကူညီချင်တဲ့ စိတ်ရှိတဲ့အတွက်ကြောင့် ဒီကိုရောက်လာတာပါ။

ဆရာတော်ကြီးက တိုက်ပွဲဒုက္ခသည်တွေအကုန်လုံးကို ကူညီထားတယ်။ ပြီးတော့ ဒီမှာလိုအပ်တဲ့ ဆေးဝါးကုသခံယူသူတွေ၊ အစားအသောက်အနေအထား၊ သူတို့ရဲ့ မွေးရပ်ဇာတိမြေကိုလည်း ပို့ပေးတယ်ဆိုတာလည်း ကြားတယ်။ ဒီကျန်ရစ်ခဲ့တဲ့ မိသားစုတွေနဲ့အတူ စိတ်ထဲမှာ အလွန်ကို ဝမ်းနည်းမိပါတယ်။ တပ်မတော်ကိုလည်း စိတ်ထဲမှာ ဂုဏ်ယူတယ်။ ကျန်ရစ်ခဲ့တဲ့ မိသားစုတွေအတွက် စိတ်ဓာတ်ခွန်အားလေးတွေပေးချင်ပါတယ်။ အားမလျှော့ပါနဲ့လို့ အားလုံးဝိုင်းဝန်းပြီးတော့ ပြည်သူတွေကလည်း စောင့်ရှောက်မှာပါလို့ ပြောချင်ပါတယ်။

တချို့ဆိုရင် ငါးရက်လောက် လမ်းလျှောက်ပြီးတော့ လာရတာရှိတယ်။ တချို့ဆို သေနတ်မှန်ပြီးတော့ လာရတာရှိတယ်။ အဲ့ဒီအတွက်ကို ဒီမှာရှိတဲ့ဆရာတွေက ဆေးရုံတွေပို့ပေးတယ်။ ပြီးတော့ ဒီမှာရှိတဲ့ စေတနာ့ဝန်ထမ်း၊ သူနာပြုလေးတွေရယ်၊ တပ်မတော်က စစ်ဘက်ဆိုင်ရာက ဆရာဝန်တွေရဲ့ အကူအညီတွေယူပြီးတော့ တတ်နိုင်တဲ့ဘက်က ဆေးဝါးကုသမှုတွေ လုပ်ပေးနေပါတယ်။

နိုင်ငံတစ်နိုင်ငံမှာ သမ္မတဆိုတာ ကိုယ့်ရဲ့ ဖခင်ပါပဲ။ ဖခင်ဆိုတာ ကိုယ့်ရဲ့သားသမီးတွေ ဒုက္ခရောက်နေတာကို အခုလိုမျိုး လာပြီးတော့ ကြည့်တာ၊ ဖေးမကူညီတာ၊ စောင့်ရှောက်တာ ဝမ်းသာပါတယ်။ အလွန်လည်းကြိုဆိုပါတယ်။ စိတ်ထဲမှာလည်း အလွန်ပဲကြည်နူးမိပါတယ်။

**ကိုဇင်မင်းအောင်**
**ကြံခုတ်လုပ်သား(ကိုးကန့်သောင်းကျန်းသူအဖွဲ့ ဖမ်းဆီးခံရသူ)**

ကျွန်တော် လောက်ကိုင်ကို အလုပ်လုပ်ဖို့ တောင်ကုတ်ကနေ တက်သွားတာပါ၊ အဲဒီမှာ ကြံသွားခုတ်ရင်းနဲ့ တိုက်ပွဲတွေဖြစ်တဲ့အခါမှာ ကျွန်တော်တို့အလုပ်တွေ နားထားရပါတယ်။ အဲဒီလို နားထားရတဲ့ အချိန်မှာ အခန်းအောင်းနေရတယ်။ ကျွန်တော်တို့ ပြန်ချင်တဲ့အခါမှာ ကားတွေကမရ။ အဲ့ဒါနဲ့ ခြေကျင်လျှောက်ထွက်လာကြတယ်။ အဲ့ဒီလို ခြေကျင်လျှောက်ထွက်လာတဲ့အခါမှာ ကိုယ့်တပ်တွေလည်း ရှိတယ်လေ။ သူတို့ကို အကျိုးအကြောင်းပြောတော့ သူတို့ကမိုးတိတ်မှ ထည့်ပေးမယ်လို့ပြောတယ်။ ကျွန်တော်တို့က မိုးတိတ်တဲ့အထိမစောင့်ဘဲ ခွင့်ပြုချက်တောင်းပြီးတော့ လမ်းလျှောက်ထွက်လာခဲ့တယ်။ ချင်းရွှေဟော်တံတားအနီးမှာ အစိမ်းရောင်ဝတ်စုံနဲ့ လူငါးယောက်က ကျွန်တော်တို့ကို ဖမ်းတယ်။ မင်းတို့မြန်မာစစ်သားလားလို့မေးတယ်။ မဟုတ်ပါဘူးလို့ ပြောတာမရဘူး။ မင်းတို့လိုက်ခဲ့ဆိုပြီး တောထဲကိုခေါ်သွားတယ်။ တောထဲရောက်တော့ မျက်စိကို ပဝါစည်းပြီး သူတို့ခေါ်သွားတယ်။ သူတို့နေရာရောက်တာနဲ့ ကျွန်တော်တို့ကို ဟုတ်လား၊ မဟုတ်လား ထပ်မေးတယ်။ နောက်တစ်ယောက်ကိုကြတော့ ဓားပြားလေးနဲ့ လှမ်းပေါက်တာနားရွက်ပြတ်သွားတယ်။ နောက်တစ်ယောက်ကျတော့ စစ်ဖိနပ်နဲ့ ပိတ်ကန်ကြတယ်။ ကျွန်တော့်ကြတော့ စစ်သားမဟုတ်ပါဘူးလို့ ပြောတယ်မရဘူး။ ပြီးတော့ လက်ကို ပိတ်ကန်တယ်။ ကျွန်တော် လက်ကျိုးသွားတယ်။ ကျွန်တော်တို့က ရေသောက်ချင်တယ်ဆိုပြီး ရေတောင်းတယ်၊ ရေခပ်ဖို့အသွား ကျွန်တော်တို့ထွက်ပြေးကြတာ ဘယ်ပြေးလို့ ပြေးရမှန်းမသိ လမ်းဘေးမှာ ကားသံကြားတာနဲ့ ကားလမ်းဆိုပြီး ကားလမ်းကို



သီရိရှင်းသန့်



ကိုရန်ရင်းမျိုးလတ်



ကိုဇင်မင်းအောင်

ထွက်ပြေးတာ၊ ကားလမ်းရောက်တဲ့အခါ ကျွန်တော်တို့ နှစ်ယောက်ကွဲသွားတယ်။ ကျွန်တော်ထမင်းမစားဘဲနဲ့ ရှစ်ရက်ရှိပြီ လျှောက်လာခဲ့ရတာ။ လားရှိုးမြို့ ကယ်ဆယ်ရေးစခန်းအထိပေါ့။ အခုလို ကူညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နောက်နောင် ပြည်သူတွေ ဒီလိုမဖြစ်ဖို့အတွက် တိုင်းရင်းသားတွေအားလုံး ဝိုင်းဝန်းကူညီပေးကြပါလို့ ပြောချင်ပါတယ်။

**ဆရာမ ဒေါ်နုနုသန်း**
**အထက (တာရွှေထန်)**

ကျွန်မတို့ ၉ ရက်နေ့ တိုက်ပွဲစဖြစ်ပါတယ်။ ၁၄ ရက်နေ့အထိ ကျွန်မတို့ အဲဒီမှာ သေနတ်တွေကိုင်ပြီးတော့ နေရပါတယ်။ ၁၄ ရက်နေ့မှာ ကျွန်မတို့ တိုက်ပွဲရှောင်ဖို့အတွက် မော်တော်ယာဉ်တွေနဲ့ လိုက်လာတဲ့အချိန်မှာ ကားမှောက်သွားတာပါ။ ကားမှောက်သွားတဲ့အချိန်မှာ ကျွန်မသားလေး ခြောက်တန်းကျောင်းသားလေး တစ်ယောက်ဆုံးသွားပါတယ်။ ဆယ်တန်းဖြေဖို့သမီးလေးကတော့ ပြင်ဦးလွင်မှာ ခေါင်းခွဲစိတ်ထားပါတယ်။ ကျွန်မအင်မတန် ကြေကွဲဝမ်းနည်းရပါတယ်။။

**ကိုရန်ရင်းမျိုးလတ် (လောက်ကိုင်)**

လောက်ကိုင်က တာဝန်ရှိပြည်သူတစ်ယောက်အနေနဲ့ ကြက်ခြေနီကားကို မောင်းလာပါတယ်။ လောက်ကိုင်ကနေစထွက်လာတဲ့ ၁ နာရီ ၄၅ မိနစ်အချိန်မှာ လောက်ကိုင်ကျေးရွာမှာ ပစ်ခတ်မှုစတင်ဖြစ်ပွားပါတယ်။ သတင်းထောက်ငါးဦးနဲ့ ဒုက္ခသည်ငါးဦး၊ ကြက်ခြေနီတစ်ယောက်၊ သူ့ရဲ့တပည့်လည်းပါပါတယ်။ သူ့ရဲ့ကားကို မောင်းလာပြီး ရန်သူ့နယ်မြေထဲကနေ သူတို့ရဲ့အသက်ကို ကယ်ထုတ်နိုင်ခဲ့ပါတယ်။ သူတို့က ကြက်ခြေနီအလံကို မလဲမခြင်းပစ်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ စစ်ကြောင်းနဲ့ ၂ နာရီအကျော်မှာ ဆက်သွယ်ရပါတယ်။ စစ်ကြောင်းကလာကယ်မှသာ ကွမ်းလုံပြည်သူ့ဆေးရုံကို ရောက်ပါတယ်၊ ကွမ်းလုံပြည်သူ့ဆေးရုံမှာ တစ်ညအိပ်ပြီးတော့ ဒီဘက်စစ်ဆေးရုံကိုလွှဲပါတယ်၊ တော်တော်လေးတော့ ဒုက္ခခံခဲ့ရပါတယ်၊ ကိုးကန့်သောင်းကျန်းသူတွေက ကျွန်တော်တို့ ကြက်ခြေနီအလံပါတဲ့ဟာကို တကယ်ကို တော်တော်များများကို ပစ်ခတ်ခဲ့ပါတယ်၊ လက်နက်ကြီးတွေနဲ့လည်း ပစ်ပါတယ်၊ အခုလိုနိုင်ငံတော်သမ္မတကြီးနဲ့အဖွဲ့တွေအားလုံး လာရောက်အားပေးတဲ့အတွက် ပီတိဖြစ်မိပါတယ်။ ကျွန်တော်ကတော့ ဒုက္ခသည်တွေနဲ့ သတင်းထောက်တွေကို ကယ်နိုင်တဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူမိပါတယ်။

**ဒေါ်ခင်အေးနွယ် (ရဲမေ)**

ကျွန်မအမျိုးသား စစ်ဆင်ရေးကနေ စနေနေ့ဝင်လာတယ်၊ တနင်္ဂနွေနေ့ တစ်ရက်နားတယ်၊ ၉ ရက်နေ့မှာ လောက်ကိုင်ဆိုပြီး ထွက်သွားတယ်၊ လောက်ကိုင်ကိုမရောက်ဘဲနဲ့ လောက်ကိုင်နဲ့ကြားမှာ တိုက်ပွဲတွေဖြစ်တယ်။ ဖြစ်တော့ ကျွန်မတို့က ကင်းတွေစောင့်ရတယ်၊ ဒါပေမယ့် ရဲမေတွေကတော့ ဘာမှမဖြစ်ပါဘူး၊ ကျွန်မကတော့ ကိုယ်ဝန်နဲ့ဆိုတော့ ကင်းမစောင့်ရဘူး၊ ကလေးတွေနဲ့ပဲနေတာပါ၊ ကလေးတွေနဲ့နေတော့ တပ်ကရဲမေတွေက ပြောတာပေ့ါ၊ ဒီမှာမနေနဲ့ လားရှိုးကိုလိုက်သွားလိုက်ဆိုပြီး ဒီကိုလွှဲလိုက်ပါတယ်၊ လမ်းမှာတော့ ကြမ်းတာပေ့ါ၊ လမ်းကြမ်းရဲ့နဲ့ဒီကိုပြန်လာတော့ သေနတ်နဲ့ပစ်ခံရပါတယ်၊ ကျွန်မဘာမှတော့ ဒဏ်ရာဒဏ်ချက်မရဘူး၊ ကျေးဇူးအများကြီးတင်ပါတယ်၊ ကျွန်မတို့ ဒီလိုဒုက္ခရောက်နေတာ ကူညီတဲ့အတွက် သမ္မတကြီးကို ကျေးဇူးအများကြီးတင်ပါတယ်၊ အကုန်လုံးလည်း ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းပါတယ်။

**ဗိုလ်မှူး ကျော်ကျော်**
**အမှတ်(၉)တပ်မတော်စစ်ဆေးရုံ ခုတင်(၁၀၀)၊ လားရှိုး**

ကျွန်တော်တို့ လောက်ကိုင်အရေးအခင်း တိုက်ပွဲဖြစ်တဲ့အချိန်ကစပြီးတော့ ကျွန်တော်တို့ ရဟတ်ယာဉ်နဲ့သော်လည်းကောင်း၊ ယာဉ်တန်းဖြင့်သော်လည်းကောင်း ရောက်လာတဲ့စစ်ဆင်ရေး ထိခိုက်ဒဏ်ရာရ အရာရှိစစ်သည် အဆင့်အတန်းအားလုံး၊ တချို့ ကားအက်စီးဒင့်ဖြစ်တဲ့ ရဲမေအပါ၊ တခြားအရပ်သားတွေအားလုံးအပါအဝင် ကျွန်တော်တို့ ဆေးရုံအနေနဲ့ လက်ခံပြီးကုသပေးနေတာရှိပါတယ်။

ကုသမှုအပိုင်း အနေနဲ့ကတော့ အရေးကြီးလူနာဆိုရင် အနီရောင်အဆင့်သတ်မှတ်ပြီးတော့ ကုသရေးအဖွဲ့ကိုပို့ပါတယ်၊ ဒုတိယအရေးကြီးလူနာကို ကျွန်တော်တို့ အဝါရောင်သတ်မှတ်ပြီးတော့ ကျွန်တော်တို့ အဝါရောင်ခန်းကိုပို့ပါတယ်၊ သာမန်ထိခိုက်ဒဏ်ရာဆိုရင်တော့ အစိမ်းရောင်သတ်မှတ်ပြီးတော့ အစိမ်းခန်းကိုပို့ပြီးတော့ စနစ်တကျကုသပါတယ်၊ ဆေးရုံအတွက် လိုအပ်တဲ့ စက်ပစ္စည်းကိရိယာ၊ ဆေးဝါးတွေကိုလည်း အထက်အကြီးအကဲတွေ၊ ကျွန်တော်တို့ ကကဆေးအစရှိသဖြင့် အကုန်လုံးက ပံ့ပိုးထားတဲ့အတွက် ပြည့်စုံမှုရှိပါတယ်။ လူအင်အားအနေနဲ့လည်း ကျွန်တော်တို့ ပြည့်စုံမှုရှိပါတယ်၊ အဲ့ဒီအပြင် ကျွန်တော်တို့ ထိခိုက်ဒဏ်ရာရတဲ့ စစ်သည်တွေ အဆင့်အတန်းအားလုံးကို ကျွန်တော်တို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကရော၊ ဝန်ကြီးဌာနတွေကရော၊ အခုဆိုရင် နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်ကပါ လာရောက်ပြီးတော့ အားပေးကြည့်ရှုတဲ့အတွက် အင်မတန်ဘဲ ဂုဏ်ယူစရာကောင်းပါတယ်၊ ကျွန်တော်တို့ စစ်သည်များကိုလည်း ဒဏ်ရာသက်သာတာနဲ့ တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာကို ကာကွယ်တဲ့အနေနဲ့ ရှေ့တန်းကို ပြန်သွားပြီးတော့ ပြန်တိုက်မယ်လို့ ဒီဒဏ်ရာရ စစ်သည်တွေက ပြောပါတယ်၊ ဒါကလည်း အလွန်အင်မတန် ဂုဏ်ယူစရာကောင်းပါတယ်၊ ရှေ့တန်းမှာ ဆေးရုံမရောက်သော်လည်း တိုင်းပြည်အတွက် စွန့်လွှတ်စွန့်စားပြီး တိုက်နေတဲ့ စစ်သည်များကိုလည်း အားပေးကြပါလို့ ပြောကြားလိုပါတယ်။ ကျွန်တော်တို့ ဆေးရုံပိုင်းအနေနဲ့ကတော့ ဆေးကုသမှုအပိုင်းကို သာမန်ထက်ပိုပြီးတော့ ကြိုးစားပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြည်တွင်းသတင်း

# အငြင်းပွားမှုဖြစ်ပွားခဲ့သည့် အထည်ချုပ်စက်ရုံ အလုပ်သမားများလုပ်ငန်းခွင် ပြန်လည်ဝင်ရောက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နှင့် အင်းစိန်မြို့နယ်တို့တွင် အငြင်းပွားမှုဖြစ်ပွားခဲ့သည့် Red Stone အထည်ချုပ်စက်ရုံ၊ Costec အထည်ချုပ်စက်ရုံနှင့် Ford Glory အထည်ချုပ်စက်ရုံတို့မှ အလုပ်ရှင်နှင့်အလုပ်သမားများ ပြေလည်မှုရရှိစေရန် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့တို့မှ အကြိမ်ကြိမ် ညှိနှိုင်းပေးခဲ့သဖြင့် အလုပ်သမားများ လုပ်ငန်းခွင်သို့ အေးချမ်းစွာဝင်ရောက်အလုပ်လုပ်ကိုင်နေပြီ ဖြစ်ကြောင်း သိရသည်။

“အကုန်လုံးလုပ်ငန်းခွင်ပြန်ဝင်နေပါပြီ၊ လူကြီးတွေကလည်း အဆင်ပြေအောင် လုပ်ပေးတယ်။ ၁၇ ရက်နေ့က အလုပ်စဆင်းပါတယ်။ အလုပ်ရှင်က ဆန္ဒပြတဲ့ရက်တွေကိုလည်း လစာမဖြတ်ပါဘူး၊ လုပ်ငန်းခွင်မှာလည်း အဆင်ပြေပါတယ်။ လုပ်ခလစာ တိုးမြှင့်ရေးအတွက်ပဲ အေးအေးချမ်းချမ်းတောင်းဆိုခဲ့တာပါ။ တစ်နေ့ ၁၀၀၀ ကျပ်တောင်းတာ ၅၀၀ ကျပ်တိုးပေးတယ်။ ရက်မှန်ကြေး ၃၅၀၀ ကျပ်ကိုလည်း ၁၅၀၀ ကျပ်ထပ်တိုးပေးခဲ့ပါတယ်။ ကျေနပ်မှုရသွားကြပါပြီ။ အခုတော့အလုပ်ကိုကြိုးကြိုးစားစားလုပ်နေပါတယ်”ဟု လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်လုပ်ကိုင်နေသည့် ကျောက်နီအထည်ချုပ်စက်ရုံမှ မစုထွေးအောင်က ပြောသည်။



ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့၊ ရခိုင်တိုင်းရင်းသားရေးရာနှင့် အလုပ်သမားရေးရာဝန်ကြီး ဦးဇော်အေးမောင်က “ရန်ကုန်တိုင်းဒေသကြီး အလုပ်သမား ညှိနှိုင်းဖြေရှင်းရေးအဖွဲ့ကို ဖေဖော်ဝါရီ ၁၇ ရက်ကဖွဲ့လိုက်တယ်၊ ဖွဲ့ပြီးတဲ့ရက်ကစပြီး ယနေ့ထိအလုပ်ရှင်တွေကို တွန်းအားပေးပြီး လုပ်ခလစာတိုးပေးဖို့ တိုက်တွန်းနေပါတယ်၊ အတိုင်းအတာတစ်ခုထိလည်း အလုပ်ရှင်တွေဘက်က တိုးပေးထားပါတယ်၊ အလုပ်သမားတွေကိုလည်း မေတ္တာရပ်ခံချင်တာက အလုပ်ရှင်တွေတိုးပေးတဲ့အပေါ်မှာ အောက်ခြေကိုချပြပါတယ်။ ဒီလိုတိုးပေးထားတာ အလုပ်သမားတွေဆီကို တိတိကျကျမရောက်ရှိသေးဘူး၊ ဆန္ဒပြတဲ့လူငယ်တွေထဲမှာ ဘယ်လောက်တိုးပေးပြီ ဆိုတာမသိကြသေးဘူး၊ ကျွန်တော်တို့ကလည်း အဲ့ဒါကိုသိအောင် မက်ဆေ့ချ်တွေပေးနေတယ်၊ မက်ဆေ့ချ်ပေးတဲ့အတွက်ကြောင့်လည်း ကျောက်နီအထည်ချုပ်စက်ရုံဆို ၉၇ ရာခိုင်နှုန်းအလုပ်ဝင်နေပါပြီ၊ တခြားစက်ရုံတွေမှာလည်း အလုပ်သမားတွေ အလုပ်ဝင်နေပါပြီ။ အလုပ်လုပ်မှ လုပ်ငန်းလည်ပတ်မှ အလုပ်ရှင်ကလည်း လစာထပ်တိုးပေးနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ကလည်း အလုပ်လုပ်လို့လုပ်ငန်းတိုးတက်လာရင် လစာတိုးပေးဖို့အလုပ်ရှင်တွေကို မေတ္တာရပ်ခံထားပါတယ်” ဟု ပြောသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အနေဖြင့် အလုပ်သမားရေးရာ အငြင်းပွားမှုဖြစ်ပေါ်ခဲ့သည့် စက်ရုံ၊ အလုပ်ရုံများမှ နိုင်ငံခြားသားလုပ်ငန်းရှင်များအား ဖေဖော်ဝါရီ ၂၀ ရက်က သီးခြားစီ တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

ကျောက်နီအထည်ချုပ်စက်ရုံမှ အထွေထွေမန်နေဂျာကိုကျော်လင်းအောင်က “အလုပ်ရှင်ဆိုတာ တကယ်တော့ အလုပ်သမားကိုမှီရတာပါ။ စက်ရုံတစ်ရုံမှာ စက်တွေပဲရှိပြီး အလုပ်သမား မရှိရင် ဒီစက်ရုံလည်ပတ်လို့မရပါဘူး။ ဟိုတုန်းကတည်းက အလုပ်သမားတွေနဲ့ မိသားစုလိုအခက်အခဲရှိလည်း ပွင့်ပွင့်လင်းလင်းပြောဆိုနေကျပါ။ ဖြေရှင်းပေးနိုင်တာကို တတ်နိုင်သလောက်ဖြေရှင်းပေးပြီး မဖြေရှင်းနိုင်ရင်လည်း ညှိနှိုင်းဆောင်ရွက်သွားတာပါပဲ။ အခုဟာက ပြင်ပယောဂများပြီး တစ်ယောက်နဲ့တစ်ယောက် နားလည်မှုလွဲသွားတဲ့အခါကျတော့ ကြန့်ကြာမှုတွေဖြစ်သွားတာပါ။ နောက်ပိုင်းလည်း အလုပ်ရှင်ဘက်က လုပ်ပေးနိုင်တဲ့အပိုင်းက အတိုင်းအတာအထိလုပ်ပေးသွားမယ်ဆိုတာကို ကလေးတွေ နားလည်အောင်ရှင်းပြထားပါတယ်” ဟု ပြောသည်။

အငြင်းပွားမှု ဖြစ်ပွားခဲ့သည့် Red Stone အထည်ချုပ်စက်ရုံသည် ဖေဖော်ဝါရီ ၃ ရက်က စတင်ပြီးတောင်းဆိုဆန္ဒပြမှုဖြစ်ပွားခဲ့ရာ အလုပ်ရှင်၏ လိုက်လျောပေးမှုကို ရာနှုန်းပြည့်သဘောတူညီမှုရရှိ၍ ဖေဖော်ဝါရီ ၁၆ ရက်တွင် လုပ်ငန်းခွင်သို့ အလုပ်သမား ၉၀၃ ဦးရှိသည့် အနက် ၈၈၂ ဦး၊ လုပ်ငန်းခွင် ဝင်ရောက်ခဲ့ကြောင်း၊ Ford Glory အထည်ချုပ်စက်ရုံသည် ဖေဖော်ဝါရီ ၅ ရက်က စတင်၍တောင်းဆို ဆန္ဒပြမှုဖြစ်ပွားခဲ့ရာ အလုပ်ရှင်က လိုက်လျောပေး၍ အများသဘောတူညီမှုရရှိကာ ဖေဖော်ဝါရီ ၂၃ ရက်တွင် အလုပ်သမား ၆၁၁ ဦးရှိသည့် အနက် ၃၉၇ ဦး လုပ်ငန်းခွင် ဝင်ရောက်ခဲ့ကြောင်း၊ Costec အထည်ချုပ်စက်ရုံသည် ဇန်နဝါရီ ၂၈ ရက်က တောင်းဆိုမှုဖြစ်ပွားခဲ့ပြီး အလုပ်ရှင်၏ လိုက်လျောပေးမှုကြောင့် အများ သဘောတူညီမှုရကာ ဖေဖော်ဝါရီ ၂၃ ရက်တွင် အလုပ်သမား ၁၂၂၆ ဦးရှိသည့် အနက် ၈၆၃ ဦး လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး ကုန်ထုတ်လုပ်မှုများကို အေးချမ်းစွာလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**သတင်း-မင်းသစ်**
**ဓာတ်ပုံ-နေလင်း(သတင်းစဉ်)**

## နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် **ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရှမ်းပြည်နယ်၊ ရွာငံမြို့၊ ဈေးတန်း(တောင်ပိုင်း)ရပ်ကွက်၊ သစ္စာလမ်း၊ အိမ်အမှတ်(ဈ-၃၄၈)၊ ဦးတင်မောင်ဦးနေအိမ်တွင် ပါတီရုံးချုပ်တည်ရှိသော **ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၇-၂-၂၀၁၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ) အရအများသိစေရန် ကြေညာအပ်ပါသည်။

**ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ၏အလံပုံစံ**



**ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ၏တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## တရားမဝင်သယ်ရန် စုဆောင်းထားသော ကျွဲများဖမ်းမိ

**ပုသိမ် ဖေဖော်ဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီးတွင် ညနေ ၃နာရီက မော်လမြိုင်ကျွန်းမြို့ မြို့မရဲစခန်းမှရဲအုပ်ထွန်းမင်းလတ်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၄ရက်က မော်လမြိုင်ကျွန်းမြို့နယ် အောင်လှိုင်ကျေးရွာနေ အေးမြင့်(၅၅နှစ်)သည် ကျွဲများကို မှောင်ခိုသယ်ဆောင်ရန် ပြုလုပ်နေကြောင်းသတင်းအရ သွားရောက်ဖမ်းဆီးရာ အောင်လှိုင် ကျေးရွာကမ်းစပ်တွင် အေးမြင့်အား ကျွဲမခုနစ်ကောင်နှင့်အတူ တွေ့ရှိသဖြင့် ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ အခြားမြို့နယ်များသို့ တရားမဝင် မှောင်ခိုသယ်ဆောင်ရန် စုဆောင်းထားကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

## တရားမဝင်လာရောက် သဲထုတ်လုပ်နေသော တရုတ်နိုင်ငံသား ငါးဦးစစ်ဆေးတွေ့ရှိ

**ကျိုင်းတုံ ဖေဖော်ဝါရီ ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းလားမြို့နယ် တာပင်းကျေးရွာအုပ်စု တာပင်းကျေးရွာအနီး နမ့်လွေချောင်း၌ တရားမဝင်လာရောက်၍ သဲထုတ်လုပ်နေသော တရုတ်နိုင်ငံသားငါးဦးကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၄ နာရီတွင် အဆိုပါချောင်း၌ သဲထုတ်လုပ်နေကြောင်းသတင်းအရ ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ သွားရောက်စစ်ဆေးရာ တရုတ်နိုင်ငံ ဟိုနန်ပြည်နယ် လောရန်မြို့နေ ဝမ်းကျန့်ဝိန် (၄၁ နှစ်)၊ ယျိုယွီပေ့(၄၆ နှစ်)၊ယူနန်ပြည်နယ်၊ ကျင်းဟုန်းမြို့နေ ဝမ်ကျယ်(၂၉ နှစ်)၊ ချန်တိုဖန်(၃၃နှစ်)နှင့် စီချွန်ပြည်နယ်၊ ချန်သူမြို့နေ ရန်ကျူကျွင်း(၂၆ နှစ်)တို့ကိုတွေ့ရှိရပြီး ခိုင်လုံသောနိုင်ငံကူးလက်မှတ်(သို့မဟုတ်)အလားတူထုတ်ပေးထားသည့် ခွင့်ပြုချက်လက်မှတ်တစ်စုံတစ်ရာ မပါရှိကြောင်းစစ်ဆေးတွေ့ရှိရ၍ လူဝင်မှုကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်များ)အက်ဥပဒေ ၁၃(၁)အရ ကျိုင်းတုံမြို့မရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**မောင်မောင်နိုင်** (iprd)



ပြည်တွင်းနှင့်နိုင်ငံတကာသတင်း

# အင်တာနက်စာမျက်နှာပေါ် ပျံ့နှံ့နေသည့် မြန်မာအမျိုးသမီးအချို့၏ မတော်တရော်ပုံရိပ်များအား အတုခိုးမှားနိုင်၊ နောင်မျိုးဆက်သစ် မိန်းမပျိုငယ်များအတွက် အလွန်ရင်လေးမိသဖြင့် မတော်တရော်ရိုက်ကူးခံသည့်သူ၊ ရိုက်ကူးပေးသည့်သူများကို ထိထိရောက်ရောက်တားဆီးအရေးယူသင့်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ဖေဖော်ဝါရီ ၂၆ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်း၏ မူနှင့် အခြေခံသဘော အပါအဝင် စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

ဦးသိန်းထွန်းဦးက ယဉ်ကျေးမှုမူဝါဒ အပိုဒ်ခွဲငယ်(ဂဂ)တွင် တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်လာခြင်းကို တားဆီးရေးဆိုသည့်အချက်သည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အထူးလိုအပ်သည့် လွန်စွာကောင်းမွန်သော အချက်ဖြစ်ပါကြောင်း၊ သို့သော်လည်း အပိုဒ်ခွဲငယ်(ဂဂ)ကို ဆောင်ရွက်ရန် လုပ်ငန်းစဉ်ရေးဆွဲတင်ပြထားသည်ကို မတွေ့ရှိရပါကြောင်း၊ ယနေ့ခေတ်သည် အိုင်တီနည်းပညာများ တိုးတက်လာသည်နှင့်အမျှ တိုင်းတစ်ပါးယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်ခြင်းကြောင့် မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုများ တဖြည်းဖြည်းဆုံးရှုံးနစ်နာလျက်ရှိပါကြောင်း၊ တိုင်းတစ်ပါး၏ ဝတ်စားဆင်ယင်မှုများဖြစ်သည့် မောင်နှင့်နှမ၊ သားနှင့်အမိ မကြည့်ရဲလောက်သော ဝတ်စားဆင်ယင်မှုများသည် အင်တာနက်စာမျက်နှာများပေါ်တွင် ဆိုးရွားစွာ ပျံ့နှံ့နေပါကြောင်း၊ ပိုပြီး ဆိုးရွားစေသည်မှာ အင်တာနက်စာမျက်နှာပေါ် ပျံ့နှံ့နေသည့် မြန်မာအမျိုးသမီးအချို့၏ မတော်တရော်ပုံရိပ်များဖြစ်ပါကြောင်း၊ အတုမြင်အတတ်သင် ဖြစ်ကြသည့်အပေါ် မိမိတို့ မြန်မာနိုင်ငံသား နောင်မျိုးဆက်သစ်မိန်းမပျို အမျိုးသမီးငယ်များအတွက် အလွန်ရင်လေးမိသည့်အပြင် မတော်တရော်ရိုက်ကူးခံသည့်သူ၊ ရိုက်ကူးပေးသည့်သူများကို ထိထိရောက်ရောက်တားဆီးအရေးယူသင့်ပါကြောင်း၊ ထို့ကြောင့် ယဉ်ကျေးမှု မူဝါဒ(ဂဂ)ကို ထိထိရောက်ရောက် ပီပီပြင်ပြင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်သည့် လုပ်ငန်းစဉ်ကိုလည်း ထည့်သွင်းရေးဆွဲသင့်ပါကြောင်း ဖြင့် ဆွေးနွေးတင်ပြခဲ့သည်။

ထို့ပြင် ဦးသိန်းထွန်းဦးက ယဉ်ကျေးမှု အပိုဒ် ၁၊ မူဝါဒများမှာ အပိုဒ်ခွဲ (ကက)မှ (ငင) အထိ မူဝါဒငါးချက် ပါဝင်ပြီး အပိုဒ်ခွဲ(ကက)တွင် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များနှင့် အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ဆိုသည့်အချက်ပါဝင်ပါကြောင်း၊ အပိုဒ် ၂ ရည်မှန်းချက် အပိုဒ်ခွဲငယ်(ဃဃ) တွင် မြန်မာယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများနှင့် ရှေးဟောင်းပစ္စည်းများကို မြတ်နိုးတန်ဖိုးထား၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်နှင့် ရှေးဟောင်းသုတေသနနည်းပညာရပ်များ ကျယ်ပြန့်စွာ ခေတ်မီဖွံ့ဖြိုးတိုးတက်ရမည်ဟု ပါဝင်ပါကြောင်း၊ အပိုဒ်ခွဲငယ်(ဇဇ)တွင် ရှေးမြို့ဟောင်းများနှင့် ရှေးဟောင်းအဆောက်အအုံများ၊ ရှေးဟောင်းနေရာများအား ထိန်းသိမ်းရေးလုပ်ငန်းနှင့် ဒေသအသီးသီး ရှေးဟောင်းအဆောက်အအုံများ၊ ရှေးဟောင်းနေရာများအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည်ဟုလည်း အသီးသီးပါဝင်ပါကြောင်း၊ ယဉ်ကျေးမှု မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များသည် ကောင်းမွန်လှပါကြောင်း၊ သို့ပါသော်လည်း တိကျမြန်ဆန်ရန် လိုပါကြောင်းဖြင့်လည်း ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# အေသင်အကြွေးပြဿနာဖြေရှင်းမှုပြီးနောက် ဂျာမနီက ချေးငွေတိုးမြှင့်ရေးအစီအစဉ်ကို မဲခွဲဆုံးဖြတ်မည်

**အေသင် ဖေဖော်ဝါရီ ၂၇**




ဂျာမန်ပါလီမန်သည် ဂရိနိုင်ငံသို့ နောက်ထပ် လေးလကြာ ငွေကြေးအကူအညီတိုးမြှင့်ပေးမည့် အစီအစဉ်တစ်ခုကို မဲခွဲဆုံးဖြတ်ကြတော့မည်ဖြစ်သည်။

လွန်ခဲ့သောအပတ်က ဂရိအစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ချက်အနေဖြင့် ကြွေးရှင်များ သဘောတူခဲ့သော အဆိုပါ ငွေကြေးအကူအညီ တိုးမြှင့်ပေးမည့်အစီအစဉ်ကို ဥရောပဇုန်နိုင်ငံများက လက်မှတ်ထိုးအတည်ပြုရန် လိုအပ်သည်။

အချို့ ဂျာမန်ပါလီမန်အမတ်များက ယင်းအစီအစဉ်အပေါ် သံသယရှိနေကြသော်လည်း အလွယ်တကူ အဆင်ပြေ အောင်မြင်လိမ့်မည်ဟု ခန့်မှန်းထားသည်။ ကြာသပတေးနေ့က အေသင်မြို့၌ ရဲတပ်ဖွဲ့နှင့် ဆန္ဒပြသူများကြား ပဋိပက္ခများဖြစ်ပွားပြီးနောက် အဆိုပါငွေကြေးအကူအညီပေးမည့်အစီအစဉ် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ဂရိနိုင်ငံ၏ လက်ဝဲဆိုင်ရီဇာပါတီက အစိုးရအဖွဲ့အဖြစ် လွန်ခဲ့သော တစ်လက ကျမ်းသစ္စာဆိုပြီး ဤသို့တားဆီးနှောင့်ယှက်ခြင်းမှာ ပထမဆုံးဖြစ်သည်။ တက်ကြွလှုပ်ရှားသူများသည် ရဲတပ်ဖွဲ့ဝင်များကို ခါတ်ဆီပုံးများ၊ ကျောက်ခဲများဖြင့် ပစ်ပေါက်ကြပြီး ကားများကို မီးရှို့ခဲ့ကြသည်။ အဆိုပါ ချေးငွေတိုးမြှင့်ရေးအစီအစဉ်နှင့်ပတ်သက်ပြီး ဆိုင်ရီဇာပါတီတွင်း၌ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်နေသည်။

ဆိုင်ရီဇာပါတီသည် ဇန်နဝါရီလက နိုင်ငံကြွေးမြီကိစ္စနှင့် ဆင်းရဲကျပ်တည်းမှုကို ပြန်လည်ညှိနှိုင်း လုပ်ဆောင်ပေးမည်ဟုဆိုသောကြောင့် ရွေးကောက်ပွဲတွင် အနိုင်ရခဲ့ကြောင်း သိရသည်။ ဥရောပဇုန်ဘဏ္ဍာရေးဝန်ကြီးများက အင်္ဂါနေ့တွင် ဂရိအစိုးရ တင်သွင်းသော ပြုပြင်ပြောင်းလဲရေး အဆိုပြုချက်များကို သဘောတူခဲ့သည်။ **(ဘီဘီစီ)**

# ဆင်စွယ်တင်သွင်းမှု တရုတ် တစ်နှစ်ကြာပိတ်ပင်

**ပေကျင်း ဖေဖော်ဝါရီ ၂၇**

တရုတ်နိုင်ငံတွင် ဆင်စွယ်အသုံးပြုမှု များပြားလာသောကြောင့် အာဖရိက၌ အမဲလိုက်သတ်ဖြတ်မှုများ တိုးပွားလာသည်ဟု ဝေဖန်ပြောဆိုနေချိန် တရုတ်နိုင်ငံက ဆင်စွယ်တင်သွင်းခြင်းကို တစ်နှစ်တာပိတ်ပင်လိုက်သည်။

ယင်းကဲ့သို့ ပိတ်ပင်လိုက်ခြင်းဖြင့် တောရိုင်းတိရစ္ဆာန်များအား အမဲလိုက် သတ်ဖြတ်မှုမှ ကာကွယ်ပေးရေး ပထမအဆင့်ဖြစ်ရန် မျှော်လင့်ကြောင်း သစ်တောအုပ်ချုပ်ရေးအဖွဲ့က ထုတ်ပြန်ကြေညာသည်။ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းမရှိလျှင် လာမည့်နှစ်များအတွင်း အာဖရိက၌ တောရိုင်းဆင်များ မျိုးသုဉ်းပျောက်ကွယ်သွားနိုင်သည်ဟု တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က သတိပေးပြောကြားသည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးဆုံး ဆင်စွယ်မှောင်ခိုတင်သွင်းသည့် နိုင်ငံဖြစ်သည်။ သို့သော်လည်း အစိုးရက ယင်းပိတ်ပင်မှုသည် တရားမဝင် ကုန်သွယ်ရောင်းဝယ်မှုကို ဟန့်တားရန် ကြိုးပမ်းမှုတစ်ရပ်ဖြစ်သည်ဟု ဆိုသည်။

ကြာသပတေးနေ့မှ စတင်အသက်ဝင်ခဲ့သည့် အဆိုပါ ပိတ်ပင်မှုသည် ယာယီမျှသာဖြစ်လိမ့်မည်ဟု မျှော်လင့်ရသော်လည်း အာဖရိကဆင်စွယ်ဝယ်လိုအားကို လျှော့ချနိုင်လိမ့်မည်ဟု ဆိုသည်။ နိုင်ငံတကာက ဆင်စွယ်များ ရောင်းဝယ်ခြင်းကို ၁၉၈၉ ခုနှစ်ကတည်းက ပိတ်ပင်ထားသည်။ သို့သော်လည်း တရုတ်နိုင်ငံ၌ ပြည်တွင်းရောင်းဝယ်ရန် ဆိုင်ခန်းပေါင်း ၁၅၀ ခန်းကို ရောင်းဝယ်ခွင့်လိုင်စင်ထုတ်ပေးထားသည်။ **(ဘီဘီစီ)**

Y.E.S. Since 1994
English Language Centre
နွေရာသီကလေးများအတွက်
အင်္ဂလိပ်စကားပြော သင်တန်းများ
Level I G-5 & 6 Mon to Thurs : 8 - 10am
Level II G-7 & 8 Mon to Thurs : 8 - 10am
Level III G-9 & 10 Mon to Thurs : 8 - 10am
No.190, 2nd Flr, 29th St (Upper), Pabedan Tsp. Ph: 01 243950, 246910

ရောင်းမည်
Penthouse (၄၈ × ၇၃)ပေ၊ sqft 3504,
1MB, 1B, 2A/C, Lift
Contact : 09 5160778 , 09 5089945

## ပြည်ထဲရေးဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်သည့် တပ်ဖွဲ့ဝင်များအသုံးပြုရန် တူညီဝတ်စုံ ပိတ်စ(ခဲ/ဖြူ/နက်ပြာ)များ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(၂) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၃-၃-၂၀၁၅ရက်
(၃) **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၉-၃-၂၀၁၅ရက်
(၄) **ကုမ္ပဏီ၏အချက်အလက်တင်ပြရန် နောက်ဆုံးရက်** - ၁၁-၃-၂၀၁၅ရက်
(၅) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၂-၃-၂၀၁၅ရက် နံနက် ၁၀ နာရီ

(၆) တင်ဒါပုံစံများကို တစ်စောင်လျှင် ကျပ် ၁၀၀၀၀/-နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူးရုံး၊ ရုံးအမှတ် (၃၈)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၃၁၄၊ ၀၉-၄၁၀၀၁၆၈၁တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**ပြည်ထဲရေးဝန်ကြီးဌာန**

## စက်မှုဝန်ကြီးဌာန
## ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
## ပုဂေါ့ဓွန်းဆီအုန်းစက်ရုံနှင့်ပုဂေါ့ဓွန်းဆီအုန်းခြံ
## အဆောက်အအုံဟောင်း(၁၆)လုံးတို့အား
## ရောင်းချရန်လေလံခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းမှ ပုဂေါ့ဓွန်းဆီအုန်းစက်ရုံမှ စက်ရုံ အဆောက်အအုံဟောင်း (၂)လုံးနှင့် ပုဂေါ့ဓွန်းဆီအုန်းခြံမှ ဝန်ထမ်းအိမ်ရာ အဆောက်အအုံဟောင်း (၁၄)လုံးတို့အား မျက်မြင်အခြေအနေအတိုင်း ရောင်းချလိုပါသည်။

၂။ လေလံဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **လေလံပုံစံရောင်းချမည့်ရက်/နေရာ** - ၅-၃-၂၀၁၅ ရက် (ကြာသပတေးနေ့) ရုံးအမှတ် (၃၇)၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ အုပ်ချုပ်ရေးဌာန၊ နေပြည်တော်

(ခ) **လေလံပိတ်မည့်ရက်/အချိန်** - ၁၃-၃-၂၀၁၅ ရက် (သောကြာနေ့) ၁၆:၀၀ နာရီ

(ဂ) **လေလံဖွင့်မည့်ရက်/အချိန်၊နေရာ** - ၁၆-၃-၂၀၁၅ ရက် (တနင်္လာနေ့) ၁၅:၃၀ နာရီ ပုဂေါ့ဓွန်းဆီအုန်းစက်ရုံ

(ဃ) **လေလံတင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၇)၊ ဒုတိယဝန်ကြီး(၁)၊ ရုံးခန်း၊ နေပြည်တော်

၃။ အသေးစိတ်သိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါသည်-

**ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ အုပ်ချုပ်ရေးဌာန**
ဖုန်း-၀၆၇-၄၀၈၁၄၂၊ ၄၀၈၁၈၇

## ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၀၊ လူနေရပ်ကွက်အမှတ် ဟံသာရိပ်မွန်၊ မြေကွက်အမှတ် (၁/၂၅)၊ ဧရိယာ ၀ဒသမ၀၄၇၈ဧကရှိ နှစ် ၆၀မြေငှားစာချုပ် အမည်ပေါက်မှာ ဒေါ်ခင်မျိုးတင့်ဖြစ်ပါသည်။ အဆိုပါမြေနှင့်အဆောက်အအုံအား အမည်ပေါက်ထံမှာ ဝယ်ယူထားသူ ဒေါ်ခင်သန်းရင် ၁၂/ပဇတ(နိုင်)၀၁၃၂၃၀၊ ဒေါ်အေးအေးခိုင်၊ ဒေါ်ခင်ဝေဝေခိုင်၊ ဦးမျိုးနိုင်တို့မှ အရောင်းအဝယ်စာချုပ် (၁၀၈၀/၂၀၁၅) တင်ပြ၍ ဤဦးစီးဌာနသို့ အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၆၈/၁)၊ မြေကွက်အမှတ် (၁၅၄/က)၊ မြေကွက်ရရှိထားသူ ဒေါ်တင်တင်လှ ၁၂/သကတ(နိုင်) ၁၁၁၆၇၅၏ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၇)**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

သစ်မျှာ ဦးစအောင်စေသောင်း
ဖုန်း - 09 5192923 , 01 246108




## ရေးဖြေစာမေးပွဲရက်ကြော်ငြာခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ကြော်ငြာစာအမှတ်(၁/၂၀၁၅)ဖြင့် ခေါ်ယူခဲ့သောရာထူးများအတွက် ရေးဖြေစာမေးပွဲအား(၇-၃-၂၀၁၅)ရက်တွင် ရုံးအမှတ်(၅၂)၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ နေပြည်တော်(ရုံးချုပ်)၌ နံနက် ၁၀:၀၀ နာရီမှ ၁၃:၀၀ နာရီအထိ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ဖြေဆိုခွင့်ကတ်ပြားများအား ၆-၃-၂၀၁၅ ရက်တွင် မိမိလျှောက်ထားသည့် ရုံးအမှတ်(၃)၊ စီမံရေးရာဌာနခွဲ၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၌ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်အတူ ရုံးချိန်အတွင်း ထုတ်ယူရန်ဖြစ်ပါသည်။

ဥပဒေ

# ယှဉ်ပြိုင်မှု ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(ဂ) ကုန်စည်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းတို့ကို ထိန်းချုပ်ခြင်း၊ ဈေးကွက်ကိုကန့်သတ်ထားခြင်း၊ သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေခြင်းနှင့် စားသုံးသူများကို ထိခိုက်နစ်နာစေခြင်း၊

(ဃ) တရားမျှတမှုမရှိသော ယှဉ်ပြိုင်မှု ဖြစ်ပေါ်စေရန် အလို့ငှာ တူညီ သော ဈေးကွက်အတွင်းတစ်ပြေးညီ မဟုတ်သော ကူးသန်းရောင်း ဝယ်မှုဆိုင်ရာ စည်းကမ်းချက်များ ချမှတ်ခြင်း၊

(င) ကုန်စည်များ၊ ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ အရောင်းအဝယ် စာချုပ်များ ချုပ်ဆိုရာ၌ အခြားစီးပွားရေးလုပ်ငန်းများအပေါ် တရားမျှတမှုမရှိသော စည်းကမ်းချက်များ ချမှတ်ခြင်း သို့မဟုတ် ယင်းစာချုပ်များနှင့် တိုက်ရိုက်သက်ဆိုင်ခြင်းမရှိသော တာဝန်ဝတ္တရားများကို လက်ခံရန် အတင်းအကျပ်ပြုခြင်း၊

(စ) ဈေးကွက်အတွင်း ယှဉ်ပြိုင်သူအသစ်များ ဝင်ရောက်လာခြင်းကို မတရားသည့် နည်းလမ်းများဖြင့် တားဆီးခြင်း၊

(ဆ) ဈေးကွက်အတွင်း ယှဉ်ပြိုင်သူအသစ်များ ဝင်ရောက်လာခြင်းကို တားဆီးရန်အတွက် မိမိပိုင်ဆိုင်သည့် သို့မဟုတ် အသုံးပြုလျက်ရှိသည့် အဓိကကျသော အထောက်အကူပြုပစ္စည်းများ သို့မဟုတ် ရှားပါးအရင်းအမြစ်များအား အသုံးပြုခွင့်ကို ငြင်းပယ်ခြင်း သို့မဟုတ် ခွဲခြားခွင့်ပြုခြင်း။

၂၈။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှ အခြားစီးပွားရေးလုပ်ငန်းများနှင့် သဘောတူစာချုပ် ချုပ်ဆိုထားပြီးဖြစ်သော ပုဂ္ဂိုလ်သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ခုကို စာချုပ်သက်တမ်းမကုန်ဆုံးမီ စာချုပ်ဖောက်ဖျက်စေရန် သွေးဆောင်ဖြားယောင်းခြင်း သို့မဟုတ် ဆွဲဆောင်ခြင်းမပြုရ။

၂၉။မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှ ဈေးကွက်အတွင်း မျှတမှုမရှိသောနည်းလမ်းဖြင့် ကုန်စည်များကို တင်သွင်းခြင်း၊ ယင်းကုန်စည်များကို ဈေးကွက်ပေါက်ဈေးအောက်လျှော့၍ ရောင်းချခြင်းမပြုရ။

## အခန်း(၁၀)
## စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း

၃၀။ စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းတွင် အောက်ပါလုပ်ဆောင်ချက်များ ပါဝင်သည် -

(က) စီးပွားရေးလုပ်ငန်းများ ပေါင်းစည်းခြင်း၊

(ခ) စီးပွားရေးလုပ်ငန်းများ ပေါင်းစပ်ဖွဲ့စည်းခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်းတစ်ခုက အခြားစီးပွားရေးလုပ်ငန်းတစ်ခုကို ဝယ်ယူခြင်း၊ ရယူခြင်း၊

(ဃ) စီးပွားရေးလုပ်ငန်းများ ဖက်စပ်လုပ်ကိုင်ခြင်း၊

(င) ကော်မရှင်က သတ်မှတ်ထားသည့် စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အခြားနည်းလမ်းများဖြင့် ဆောင်ရွက်ခြင်း။

၃၁။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှပုဒ်မ ၃၀ ပါလုပ်ဆောင်ချက်များကို ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ အခြေအနေများ ဖြစ်ပေါ်စေနိုင်သည့် ပူးပေါင်းဆောင်ရွက်မှုကို မပြုရ-

(က) အချိန်ကာလတစ်ခုအတွင်း ဈေးကွက်လွှမ်းမိုးမှုကို အလွန်အမင်း မြင့်မားစေရန် ရည်ရွယ်သည့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) စီးပွားရေးလုပ်ငန်း တစ်ခုတည်း သို့မဟုတ် အနည်းစုသာရှိသော ဈေးကွက်ရရှိစေရန်အတွက် ယှဉ်ပြိုင်မှုကို ကျဆင်းစေသည့် ပူးပေါင်းဆောင်ရွက်ခြင်း။

၃၂။ စီးပွားရေးလုပ်ငန်း အချင်းချင်းပူးပေါင်းဆောင်ရွက်ရာတွင် ပါဝင်သည့် စီးပွားရေးလုပ်ငန်းများ၏ပေါင်းစပ်လိုက်သည့် ဈေးကွက်ဝေစုမှာ ကော်မရှင်က သတ်မှတ်ထားသည့် ဈေးကွက်ဝေစုကန့်သတ်ချက်ထက် ကျော်လွန်ပါက မည်သည့်စီးပွားရေးလုပ်ငန်း အချင်းချင်းပူးပေါင်းမှုကိုမျှ မပြုလုပ်ရ။

၃၃။ ပုဒ်မ ၃၁ အရ တားမြစ်ထားသည့် စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု သို့မဟုတ် တားမြစ်ချက်တစ်ခုခုကို အောက်ဖော်ပြပါ အခြေအနေများတွင် ကင်းလွတ်ခွင့်ပေးနိုင်သည် -

(က) ပုဒ်မ ၃၀ အရ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ပြီးသော်လည်း ထိုစီးပွားရေးလုပ်ငန်းသည် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ သတ်မှတ်ထားသော အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းအရွယ်အစားအတွင်း၌ပင် ရှိနေသေးသည့် အခြေအနေ၊

(ခ) ပူးပေါင်းဆောင်ရွက်မှုတွင် ပါဝင်သည့် စီးပွားရေးလုပ်ငန်းတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော စီးပွားရေးလုပ်ငန်းများသည် ပြိုလဲပျက်စီးနိုင်သည့်အခြေအနေ သို့မဟုတ် ဒေဝါလီခံရတော့မည့် အခြေအနေ၊

(ဂ) စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုသည် ပို့ကုန်တင်ပို့မှုမြှင့်တင်ရေးအပေါ် အကျိုးသက်ရောက်မှုရှိသော အခြေအနေ သို့မဟုတ် နည်းစနစ်နှင့် နည်းပညာတိုးတက်မှုကို အထောက်အပံ့ပေးသည့် အခြေအနေ သို့မဟုတ် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းများ တည်ထောင်သည့်အခြေအနေ။

## အခန်း(၁၁)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း

၃၄။ ကော်မတီသည် ဤဥပဒေအရ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူကို အောက်ပါအရေးယူမှုတစ်ရပ်ရပ်ဖြင့်ဖြစ်စေ၊ တစ်ရပ်ထက်ပိုသော အရေးယူမှုများဖြင့်ဖြစ်စေ ဆုံးဖြတ်ဆောင်ရွက်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသော ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ဂ) လုပ်ငန်းဆောင်ရွက်ခြင်းကို ယာယီ သို့မဟုတ် အမြဲတမ်းပိတ်သိမ်းရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

၃၅။ ကော်မတီကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို မကျေနပ်သူသည် အဆိုပါအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ အယူခံဝင်ရောက်ခွင့်ရှိသည်။

၃၆။ (က) ကော်မရှင်သည် ပုဒ်မ ၃၅ အရ အယူခံသည့်အခါ ကော်မတီ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ကော်မရှင်၏အဆုံးအဖြတ်သည် အပြီးအပြတ် အတည်ဖြစ်သည်။

၃၇။ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) ပါ သတ်မှတ်ထားသော ဒဏ်ကြေးငွေကို ပေးဆောင်ခြင်းမရှိပါက ဝင်ငွေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၃၈။ ဤဥပဒေအရ ချမှတ်ထားသော စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူမှုသည် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူခြင်းကို ပိတ်ပင်ခြင်းမရှိစေရ။

## အခန်း (၁၂)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၉။ မည်သူမဆို ပုဒ်မ ၁၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာ့ငါးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၀။ မည်သည့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမဆို ပုဒ်မ ၂၃၊ ပုဒ်မ ၂၄ သို့မဟုတ် ပုဒ်မ ၂၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာ့ငါးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၁။ မည်သူမဆို ပုဒ်မ ၁၅၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၂၊ ပုဒ်မ ၂၆၊ ပုဒ်မ ၂၇၊ ပုဒ်မ ၃၁ သို့မဟုတ် ပုဒ်မ ၃၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၂။ မည်သူမဆို ပုဒ်မ ၁၈၊ ပုဒ်မ ၂၀၊ ပုဒ်မ ၂၁၊ ပုဒ်မ ၂၅ သို့မဟုတ် ပုဒ်မ ၂၈ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၃။ မည်သူမဆို စုံစမ်းစစ်ဆေးရေးကော်မတီက ဤဥပဒေအရ စုံစမ်းစစ်ဆေးမှုပြုရန် သက်သေခံအထောက်အထား၊ စာရွက်စာတမ်း သို့မဟုတ် ငွေရေးကြေးရေး အထောက်အထားတစ်ခုခုကိုတောင်းယူရာတွင်ဖြစ်စေ၊ သက်သေအဖြစ် ခေါ်ယူမေးမြန်းရာတွင်ဖြစ်စေ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၄၄။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ယှဉ်ပြိုင်မှုနှင့်စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဤဥပဒေအရသာ ဆောင်ရွက်ရမည်။

## အခန်း (၁၃)
## အထွေထွေ

၄၅။ ကော်မရှင်သည် အစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။

၄၆။ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ကော်မရှင်အဖွဲ့ဝင် သို့မဟုတ် စုံစမ်းစစ်ဆေးရေးကော်မတီအဖွဲ့ဝင် တစ်ဦးဦးသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်စဉ်တွင် ယင်းတို့အား ရာဇသတ်ကြီး ပုဒ်မ ၂၁ တွင် ဖော်ပြထားသည့် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၄၇။ ဤဥပဒေအရ ပြစ်မှုတစ်ရပ်ရပ်ကို တရားစွဲဆိုရာတွင် ကော်မရှင်၏ ကြိုတင်ခွင့်ပြုမိန့် ရယူရမည်။

၄၈။ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ)ပါ သတ်မှတ်ထားသော ဒဏ်ကြေးငွေကို ကောက်ခံနိုင်ရန် ဝန်ကြီးဌာနသည် သင့်လျော်သော အရာရှိတစ်ဦးဦးကို ကော်လိပ်တော်အရာရှိအဖြစ် ခန့်အပ်တာဝန်ပေးနိုင်သည်။

၄၉။ ဤဥပဒေအရတရားစွဲဆိုခြင်းခံရသူသည် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းဖြစ်လျှင် ယင်းအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်ရာတွင် တာဝန်ရှိသူတစ်ဦးဦးသည် အဆိုပါပြစ်မှုကိုငြင်းမသိရှိဘဲ ကျူးလွန်ကြောင်း သို့မဟုတ် ပြစ်မှုကျူးလွန်ခြင်းကို တားဆီးရန် ထိုက်သင့်သော လုံ့လဝီရိယစိုက်ထုတ်၍ ဆောင်ရွက်ခဲ့ကြောင်း သက်သေပြနိုင်ခြင်းမရှိပါက အဆိုပါစီးပွားရေးလုပ်ငန်းအဖွဲ့အစည်းနှင့်အတူ ပူးတွဲစွဲဆိုခြင်းခံရမည်ဖြစ်ပြီး ယင်းစီးပွားရေးလုပ်ငန်းအဖွဲ့အစည်းကို ပြစ်ဒဏ်ချမှတ်လျှင် အဆိုပါ တာဝန်ရှိသူသည် ယင်းပြစ်မှုအတွက် ပူးတွဲ၍ အပြစ်ရှိသည်ဟု မှတ်ယူခြင်းခံရမည်။

၅၀။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၅၁။ ဤဥပဒေအရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူ တစ်ဦးဦးကို နစ်နာသူက မိမိ၏ နစ်နာမှုအတွက် တရားမကြောင်းအရလည်း တရားစွဲဆိုနိုင်သည်။

၅၂။ ဤဥပဒေပါ ပုဒ်မ ၁၃ ကို ချိုးဖောက်ရာတွင် မိမိကိုယ်တိုင် ပါဝင်ခဲ့ကြောင်း ထုတ်ဖော်သတင်းပေးသူအား ကော်မရှင်သည် ဤဥပဒေအရ ချမှတ်သည့် ပြစ်ဒဏ်များမှ ကင်းလွတ်သက်သာခွင့်ကို သက်ညှာမှုအဖြစ် ခံစားခွင့်ပြုနိုင်ရန် တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာ တရားရုံး၊ ဥပဒေရုံးတို့နှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၅၃။ သက်ဆိုင်ရာ တရားရုံးသည် သက်ညှာမှုပြုရာတွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးဦး လာရောက်ပူးပေါင်းဆောင်ရွက်သည့် အချိန်နှင့် ပူးပေါင်းပါဝင်မှု အနေအထားအပေါ်မူတည်၍ ကွဲပြားခြားနားသော သက်ညှာမှုပြုနိုင်သည်။

၅၄။ ဝန်ကြီးဌာနသည်ကော်မရှင်၊ ကော်မတီများနှင့်လုပ်ငန်းအဖွဲ့များ၏-

(က) ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(ခ) ကုန်ကျစရိတ်များကို ကျခံရမည်။

၅၅။ ဤဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ သဘောရိုးဖြင့်ဆောင်ရွက်ကြောင်း သက်သေအထောက်အထား ခိုင်လုံသည့် ကိစ္စတစ်ရပ်ရပ်အတွက် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးကို သော်လည်းကောင်း၊ စုံစမ်းစစ်ဆေးရေးကော်မတီဝင်တစ်ဦးဦးကိုသော်လည်းကောင်း၊ လုပ်ငန်းအဖွဲ့ဝင်တစ်ဦးဦးကိုသော်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းတစ်ဦးဦးကိုသော်လည်းကောင်း ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ အခြားနည်းလမ်းတစ်ရပ်ရပ်အရဖြစ်စေ အရေးယူဆောင်ရွက်ခြင်းမရှိစေရ။

၅၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကော်မရှင်သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လည်းကောင်း၊ ကော်မတီသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို လည်းကောင်း ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်



## ခိုလုံလီရှောတိုင်းရင်းသားရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးပွဲတော်ကျင်းပ

**နမ့်ခမ်း ဖေဖော်ဝါရီ ၂၇**

ခိုလုံလီရှောတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်၏ နှစ်သစ်ကူးပွဲတော်ကို ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲ ၁ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့ လီရှောတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်ရုံးရှိ ကွင်းပြင်၌ကျင်းပသည်။ **(ဓါတ်ပုံ)**

အခမ်းအနားတွင် ယဉ်ကျေးမှုဥက္ကဋ္ဌ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းက အမှာစကားပြောကြားသည်။ ယင်းနောက် နမ့်ခမ်းမြို့နယ် လီရှောတိုင်းရင်းသားရိုးရာယဉ်ကျေးမှု ရိုးရာအဆိုအကများ၊ ဖိတ်ကြားထားသောရှမ်း၊ ကချင် စသည့်တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ယခုကျင်းပသော ခိုလုံလီရှောနှစ်သစ်ကူးပွဲတော်မှာ (၂၅) နှစ်မြောက်ငွေရတုပွဲတော်ဖြစ်ပြီး တောင်ပေါ်ကျေးရွာဒေသများမှ ခိုလုံလီရှောတိုင်းရင်းသားများ စုပေါင်းဆင်နွှဲကာ အခမ်းအနားစတင်ကျင်းပသည့်နေ့မှ ဖေဖော်ဝါရီ ၂၄ ရက်အထိ ရိုးရာဝတ်စုံကို ဝတ်ဆင်ကြရာ ရိုးရာအကကို စုပေါင်းဝိုင်းဖွဲ့၍ကကြကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

ပြည်တွင်းသတင်း

# ကံ့ကော်တစ်ထောင်နှစ် (၁၀၀) ပြည့်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ



**ဘိုကလေး ဖေဖော်ဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ပေချောင်းကြီးရွာ ကံ့ကော်တစ်ထောင်တွင် ကံ့ကော်တစ်ထောင် သာသနာပြုဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေလာသ ဆရာတော်ဦးစီး၍ ဖေဖော်ဝါရီ ၁၈ ရက်မှ မတ် ၄ ရက်အထိ အနေကဇာတင်ပွဲကြီးကို ၁၅ ရက်တိုင်တိုင် ကျင်းပလျက်ရှိသည်။

နေ့စဉ်ပူဇော်ပွဲအဖြစ် တရားပွဲ၊ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် စတုဒိသာကျွေးမွေးလှူဒါန်းပွဲများကျင်းပပြီး ဖေဖော်ဝါရီ ၂၇ ရက်တွင် သက်ကြီးပူဇော်ပွဲ (အဘိုး)၊ ဖေဖော်ဝါရီ ၂၈ ရက်တွင် သက်ကြီးပူဇော်ပွဲ(အဘွား)၊ မတ် ၁ ရက်တွင် နှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲ၊ မတ် ၂ ရက်နှင့် ၃ ရက်တွင် ဒုလ္လဘရဟန်းခံပွဲ၊ ရှင် ၁၀၀ ပြုပွဲ၊ သီလရှင်ဝတ်ပွဲ၊ မတ် ၄ ရက်တွင် ပင့်သံဃာ ၁၀၀ တို့အား ရှင်ပြုရဟန်းခံ သိက္ခာထပ်ရေစက်ချပွဲများကျင်းပပြီး ဇာတ်ပွဲ၊ အငြိမ့်ပွဲ ဖျော်ဖြေပွဲများဖြင့် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော ဘုရားဖူးများကြောင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# တိုက်ပွဲဝင်တပ်မတော်သားများအတွက် အလှူငွေပေးအပ်

**အမရပူရ ဖေဖော်ဝါရီ ၂၇**

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် လောက်ကိုင် နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေး တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ အသက်ပေးလှူခဲ့ကြသော တပ်မတော်သားများနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော တပ်မတော်သားများအတွက် အလှူငွေပေးအပ်ခြင်း အခမ်းအနားကို အမရပူရမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၃ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး အလှူရှင် ဦးကျော်ခဲက လှူဒါန်းရခြင်းအကြောင်းရင်းကို ရှင်းလင်းပြောကြား၍ ဦးလှဆွေ-ဒေါ်ခင်လှိုင် SA အုတ်လုပ်ငန်းမှ အလှူငွေကျပ် ၁၀ သိန်း၊ လေးစုရပ်ကွက် ဦးကျော်ခဲနှင့် သူငယ်ချင်းများမှ ငွေကျပ် ရှစ်သိန်းတစ်သောင်း၊ မြို့နယ်ပညာရေး မိသားစုက အလှူငွေကျပ် ခြောက်သိန်းနှစ်သောင်းလေးထောင်တို့ကို ပေးအပ်လှူဒါန်းရာ ခရိုင်အုပ်ချုပ်ရေးမှူးက လက်ခံယူခဲ့သည်။

လှူဒါန်းပွဲကို ဆက်လက်ဆောင်ရွက်ရာ ငွေကျပ်သုံးသိန်း အလှူရှင် နှစ်ဦး၊ ငွေကျပ် နှစ်သိန်း အလှူရှင် လေးဦးနှင့်အတူ အလှူရှင်များက အလှူငွေကျပ် ရှစ်ဆယ့်သုံးသိန်းနှစ်သောင်းငါးထောင်ငါးရာကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများကလက်ခံယူခဲ့ပြီး ရတနာပုံ တက္ကသိုလ် စိတ်ပညာဌာနမိသားစုက ငွေကျပ် ခြောက်သိန်းတန်းဖိုးရှိ မျက်နှာသုတ်ပဝါ အထည် ၆၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။ အဆိုပါ လှူဒါန်းပွဲ၏ လှူဒါန်းငွေကျပ်စုစုပေါင်း တန်ဖိုးမှာ ငွေကျပ် ၈၉၂၅၅၀၀ ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

# မကျီးကွင်း အထက(ခွဲ) မြတ်ဆရာပူဇော်မည်

**လက်ပံတန်း ဖေဖော်ဝါရီ ၂၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် မကျီးကွင်းကျေးရွာ မကျီးကွင်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစား ဆရာ ဆရာမကြီးများနှင့် ကျောင်းမိသားစုဝင် ၂၈ ကျောင်းတွင် တာဝန်ထမ်းဆောင်သွားကြသည့် ဆရာ ဆရာမကြီးများအား သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို မတ် ၂၇ ရက်တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(၀၉၈)**

# ရေမြောင်းဖောက်လုပ်ရာတွင်ပါဝင်သော လယ်ယာမြေများအတွက် ဒုတိယအကြိမ် လျော်ကြေးငွေပေးအပ်

**အင်္ဂပူ ဖေဖော်ဝါရီ ၂၇**

အင်္ဂပူမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၂နာရီက ကညင်ဆည်ရေပေးမြောင်းဖောက်လုပ်ရာတွင် ပါဝင်သော လယ်ယာမြေများအတွက် တောင်သူများအား ဒုတိယအကြိမ်မြေယာလျော်ကြေးငွေပေးအပ်ပွဲ အခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန်က အမှာစကား ပြောကြားပြီးနောက် အင်္ဂပူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုနှစ်ခုမှ လယ်သမားများအား မြေယာလျော်ကြေးငွေကို လက်ထောက်အင်ဂျင်နီယာ ဦးတင်စိုးက တစ်ဦးချင်း ပေးအပ်ခဲ့သည်။

အဆိုပါ လယ်ယာမြေလျော်ကြေးငွေပေးအပ်ပွဲ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စိုက်/ တိုးမြှင့်အဖွဲ့များ၊ ရပ်/ကျေးလယ်/ ဆည်ကော်မတီများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ အင်္ဂပူမြို့အမှတ် (၁) ရပ်ကွက်နှင့် အောက်ရွာကြီး ကျေးရွာအုပ်စုမှ တောင်သူလယ်သမားများ တက်ရောက်ခဲ့ပြီး ကညင်ဆည် ရေပေးမြောင်းဖောက်လုပ်ရာတွင် အသုံးပြုခံရသော လယ်မြေ ဧက ၁၃ ဒသမ ၇၇ အတွက် လျော်ကြေးငွေကျပ် ၁၄၄ သိန်းကျော် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မန်းကျော်**

သတင်းတိုများ

## တိုက်ပွဲဝင်စစ်သည်များအတွက် ငွေလှူဒါန်း

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရှေ့တန်းရောက် တိုက်ပွဲဝင်စစ်သည်များနှင့် ရဲမေများအား ဂုဏ်ပြုငွေလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီး တင်မြင့်အောင်(ငြိမ်း)က လောက်ကိုင်တွင် ဖြစ်ပွားနေသော အခြေအနေများအား ရှင်းလင်းပြောကြားခဲ့ပြီး နတ်မောက်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ အလှူငွေကျပ် ၁၅၀၀၀၀၊ နတ်မောက်မြို့နယ် ထောက်ကူပြုအဖွဲ့မှ ငွေကျပ် ၁၅၀၀၀၀ တို့အား ရှေ့တန်းရောက်စစ်သည်များကို လှူဒါန်းခဲ့သည်။နတ် မောက်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့သည် တပ်မတော်၏ အရန်အင်အားအဖြစ် အမြဲတမ်းရပ်တည်ပြီး ကျရာတာဝန်များကို ထမ်းဆောင်သွားကြရန် တက်ရောက်လာသူများက ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## မိုးပွင့်အထူးစီမံချက် ကွင်းဆင်းဆောင်ရွက်

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ဇင်းကျိုက်မြို့ရှိ ရပ်ကွက်(၄) နေပြည်သူများအား ဖေဖော်ဝါရီ ၂၂ ရက်နှင့် ၂၃ ရက်တွင် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။ ကွင်းဆင်းဆောင်ရွက်ရာတွင် သထုံခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဦးကိုကိုမောင်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းအောင်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးလွင်နှင့် ဝန်ထမ်းများက ရပ်ကွက်နေပြည်သူ ၅၂၈ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## တပ်မတော်သားများအတွက် အလှူငွေများလှူဒါန်း

လောက်ကိုင်ဒေသတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းရွက်နေသော တပ်မတော်သားများကို ဂုဏ်ပြုသောအားဖြင့် မိတ္ထီလာခရိုင် သာစည်မြို့နယ်ရှိ သုခပံသုသတ္တုတူဖော်ရေးကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်မောင်ချိုဦးဆောင်၍ မြို့နယ်အတွင်းရှိ စုစုပေါင်း ကုမ္ပဏီ ၂၀ မှ လှူဒါန်းငွေကျပ်သိန်း ၈၀ ကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီက မြို့နယ် ထွေ/အုပ်ရုံးခန်းသို့ လာရောက်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်က လက်ခံခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြ

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့လေ့ကျင့်သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၅ နာရီက နတ်မောက်မြို့ရှိ မြို့မဈေးအတွင်း၌ ကျင်းပသည်။ အဆိုပါ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မဈေးမီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူ ဈေးသားများ တက်ရောက်ကြသည်။ ထို့နောက် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့မဈေးမီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ကားဖြင့် ဈေးအတွင်းရှိ ဈေးဆိုင်ခေါင်မိုးများပေါ်သို့ မီးသတ်ပိုက်ဖြင့် ရေများပက်ဖျန်း၍ လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

**လှဝင်း**



### ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)
### နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏ ဂုဏဝိသိဋ္ဌပူဇော်ပွဲနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရန်ကုန်ရောက် ကျောက်ပန်းတောင်းမြို့နယ်သူ မြို့နယ်သားများအားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၈-၃-၂၀၁၅ရက်(တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - မွန်းတည့် ၁၂နာရီ
**ကျင်းပမည့်နေရာ** - အကောက်ခွန်ဓမ္မာရုံ၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး

**(ကျောက်ပန်းတောင်းပလာတာဖြင့် ဧည့်ခံပါမည်။)**

**အလုပ်အမှုဆောင်အဖွဲ့**




### စံတော်ဝင် မြေဇင်းတောရ ဓမ္မရိပ်သာ(မိုးကုတ်မြို့)
### ကန္တီဥပနိဿယ ရက်(၆၀)တရားစခန်း
### ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့၊ လယ်ဦးအုပ်စု ရွှံ့ပန်းကြီး၊ ရွှံ့ပန်းလေးရပ်ရှိ စံတော်ဝင်မြေဇင်းတောရဓမ္မရိပ်သာတွင် ကမ္မဋ္ဌာနာစရိယဆရာတော် ဦးမဏ္ဍလမှ ရက်(၆၀)တရားစခန်းအား ၁၃၇၇ ခုနှစ် ကဆုန်လဆန်း ၁ရက်၊ ၁၈-၄-၂၀၁၅ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါ၍ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။ ရဟန်းသံဃာတော်များမှာ ဝါတော် (၅)ဝါ အနည်းဆုံးဖြစ်ရပါမည်။

မှတ်ချက် ။ ။ (နှစ်စဉ်တပို့တွဲလပြည့်ကျော် ၁ရက် အပတ်စဉ်နှင့် ကဆုန်လဆန်း ၁ရက် အပတ်စဉ်များတွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။)
သင်္ကြန်ကာလ ရုံးပိတ်ရက်များအတွင်း ၁၀ရက် တရားစခန်းရှိပါသည်။

**ဖုန်း-၀၉-၄၇၁၁၇၅၇၃၊ ၀၉-၄၀၂၇၈၁၇၉၂၊**
**ဦးသန်းနိုင်-ဒေါ်အေးအေးဝင်း (စံတော်ဝင်ကျောက်မျက်ရတနာကုမ္ပဏီ)**

### အမျိုးသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ အကွက်အမှတ် ၃၊ မြို့ဟောင်းကွက်၊ ဦးပိုင်အမှတ် ၁၃၉၊ ၃(ခ)လက်မှတ်ရပြီး မြေအမျိုးအစား၊ ဧရိယာ ၀ ဒသမ ၁၁၇ ဧကရှိ သန်လျင်မြို့၊ မြေစာရင်းဌာနတွင် ဒေါ်စန်းအမည်ဖြင့် တည်ရှိသော မြေကွက်ကို စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်ရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံအဆိုပြုသူ ဦးထိန်ဝင်း ၁၂/သလန(နိုင်)၀၁၃၈၉၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ယင်းမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက် အထားစာချုပ်စာတမ်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမျိုးသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသူရိန်မြင့်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၂၁)**
**အမှတ် ၁၊ ၆-ယာ၊ အင်ကြင်းလမ်း၊ သီတာရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၅၉၈၂၂**

### အမည်ပြောင်း

ဦးစန်းယု၏သား အမက (၂၆) တာမွေ၊ တတိယတန်းမှ မောင်လင်းဝဏ္ဏသိမ်းအား ယနေ့မှစ၍ မောင်မင်းဟိန်းသန့်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မင်းဟိန်းသန့်**

### ကန့်ကွက်နိုင်ပါကြောင်း

ကျောင်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်ရှိ ကျောင်းကုန်းမြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်တည်ရာ၊ မြေတိုင်းရပ်ကွက် (G) ရပ်ကွက်၊ ကျောင်းကုန်းမြို့မ ဦးပိုင်အမှတ် ၄၈၊ ဧရိယာ ၀ဒသမ၀၅၀ ဧကရှိ ဂရန်သက်တမ်းကုန်မြေအား ကျောင်းကုန်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်က ဌာနပိုင် ဂရန်အမည်ပေါက်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်ရ-**
**ဦးစိုးလွင်မော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၂၇)**
**ဗန္ဓုလလမ်း၊ (၂)ရပ်ကွက်၊**
**ကျောင်းကုန်းမြို့**
**ဖုန်း-၀၉-၈၅၇၂၅၁၂**

# နာမည်ကြီးတံဆိပ်လား ဈေးချိုတာလား

**သူရဖြိုး**

မြန်မာနိုင်ငံ မိုဘိုင်းဖုန်းဟန်းဆက်ဈေးကွက်သို့ ၂၀၁၄ နှစ်လယ်ခန့်မှစ၍ ယခုအချိန်အထိ ဈေးနှုန်းချိုသာသော မော်ဒယ်မြင့်စမတ်ဖုန်းဟန်းဆက်များ ဆက်တိုက်ဝင်ရောက်လာလျက်ရှိသည်။ ဈေးချိုသော တံဆိပ်သစ် ဟန်းဆက်များသည် နာမည်ကြီးပြီးသော အမှတ်တံဆိပ် မဟုတ်သည်မှလွဲ၍ နည်းပညာပိုင်းဆိုင်ရာများနှင့် လုပ်ဆောင်ချက်များတွင် တန်းတူလိုက်နိုင်ပြီး ရောင်းချပြီးနောက်ပိုင်း အာမခံပေးရာတွင်လည်း တစ်နှစ်ခန့်အထိ အာမခံများဖြင့် ရောင်းချနေကြသည်။

ဟန်းဆက်ဝယ်ယူသူ အများစုကလည်း ယခင်က နာမည်ကြီးတံဆိပ်ကို ဈေးကြီးပေး၍ ဝယ်သုံးကြသော်လည်း ယခုနောက်ပိုင်းတွင် အမှတ်တံဆိပ်ထက် တတ်နိုင်သည့် ဈေးနှုန်း၊ လိုချင်သည့် လုပ်ဆောင်ချက်များပါဝင်မှုနှင့် အာမခံပေးမှုအခြေအနေပေါ် မူတည်၍ ဟန်းဆက်များကို ရွေးချယ်ဝယ်ယူလာကြသဖြင့် နာမည်ကြီး အမှတ်တံဆိပ်များ၏ ဈေးကွက်ကို ခွဲဝေယူနိုင်လာကြောင်း ရန်ကုန်မြို့ရှိ ဖုန်းအရောင်းဆိုင်များမှ သိရသည်။

ယခင်က ပြည်တွင်းဈေးကွက်၌ လူအများစုကြိုက်သော ဟန်းဆက်အမျိုးအစားမှာ အနည်းငယ်သာရှိသည်။ အန်းဒရွိုက်ဖုန်း သုံးချင်သူများက ဟွာဝေး၊ ဆမ်ဆောင်း၊ ဆိုနီနှင့် HTC အမှတ်တံဆိပ်လေးမျိုးလောက်အတွင်းမှသာ ရွေးကြသည်။ အဆိုပါတံဆိပ်များမှလွဲ၍ အခြားရွေးစရာလည်းရှားပါးခဲ့ကာ အဆိုပါတံဆိပ်များမှာ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတွင်ပါ လူသုံးအများဆုံးဖြစ်ခဲ့သည်။ အန်းဒရွိုက်ဖုန်းကို မသုံးစွဲလိုသူများကမူ သီးခြားစက်လည်ပတ်မှုစနစ် iOS ပါဝင်သည့် အိုင်ဖုန်းကို သုံးကြသည်။

ယခုအခါတွင်မူ ကမ္ဘာ့ဈေးကွက်အတွင်း မိုဘိုင်းဖုန်းအမှတ်တံဆိပ်အသစ်များ တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာပြီး နာမည်ကြီးအမှတ်တံဆိပ်များကို အကြိတ်အနယ် ယှဉ်ပြိုင်နေကြပြီဖြစ်သည်။ ၂၀၁၃ ခုနှစ်က ဆမ်ဆောင်းသည် တရုတ်နိုင်ငံအတွင်း အများဆုံးရောင်းခဲ့ရသော အမှတ်တံဆိပ်ဖြစ်ခဲ့သည်။ သို့သော် ၂၀၁၃ ခုနှစ်က မထင်မရှားကုမ္ပဏီလေးသာဖြစ်သည့် ရှောင်မီ (Xiaomi) သည် ၂၀၁၄ ခုနှစ်အတွင်း ခုန်ပျံကျော်လွှား တက်လာပြီး ဆမ်ဆောင်းကို အပြတ်အသတ် အနိုင်ရခဲ့ကြောင်း နည်းပညာသုတေသန ကုမ္ပဏီဖြစ်သော IDC က ဖေဖော်ဝါရီ ၁၇ ရက်က သတင်းထုတ်ပြန်ခဲ့သည်။

တရုတ်အမှတ်တံဆိပ်ဖြစ်သော ရှောင်မီသည် တရုတ်နိုင်ငံဈေးကွက်တွင် တစ်နှစ်အတွင်း၌ ရောင်းအားနှစ်ဆနီးပါးမြင့်တက်ခဲ့ပြီး ဆမ်ဆောင်းမှာမူ မူလရောင်းအားထက် ငါးပုံတစ်ပုံခန့် လျော့ကျလာကာ ပထမနေရာကို အမှတ်တံဆိပ်သစ်ရှောင်မီထံ လွှဲပြောင်းပေးလိုက်ရကြောင်း သိရသည်။ ဆမ်ဆောင်းကိုသာမက ကမ္ဘာကျော် အမှတ်တံဆိပ်များဖြစ်သော လီနိုဗို၊ ဟွာဝေးနှင့် ကူးလ်ပက်(Coolpad) တို့ အားလုံးကို တစ်ပြိုင်တည်းကျော်တက်နိုင်ခဲ့ခြင်းမှာ တရုတ်နိုင်ငံအတွက် တရုတ်ကုမ္ပဏီထုတ်အမှတ်တံဆိပ် ဖြစ်နေခြင်းကြောင့် မဟုတ်ဘဲ ချိုသာသော ဈေးနှုန်း၊ မြင့်မားသော အရည်အသွေးနှင့် အကြမ်းခံခြင်းတို့က အဓိက အားသာချက်ဖြစ်ခဲ့သည်။ ထို့အပြင် တရုတ်နိုင်ငံတွင် သီးသန့်ဈေးကွက်နှင့် ရပ်တည်နေသော အိုင်ဖုန်းထက်လည်း နှာတစ်ဖျားအသာရခဲ့ကာ ကမ္ဘာ့ဈေးကွက်တွင်လည်း အိုင်ဖုန်းကို ယှဉ်ပြိုင်မည့် အမှတ်တံဆိပ်အဖြစ် သတ်မှတ်ခံရပြီး iPhone Killer ဟူသော နာမည်ပြောင်ကိုပင် ရနေပြီဖြစ်သည်။

ပြည်တွင်းမိုဘိုင်းဟန်းဆက် ဈေးကွက်၌လည်း ၂၀၁၄ ခုနှစ် နှစ်လယ်ခန့်မှစ၍ ဈေးနှုန်းချိုသာပြီး အရည်အသွေးကောင်းမွန်သော ဟန်းဆက်များ ဝင်ရောက်လာလျက်ရှိသည်။ Oppo, Coolpad စသည့် တံဆိပ်များသည် အစောဆုံးဝင်ရောက်လာပြီး ဟွာဝေးနှင့် ဆမ်ဆောင်းတို့ အဓိကရယူထားသော ဈေးကွက်ဝေစုကို ခွဲဝေရယူနိုင်ခဲ့ကြောင်းသိရသည်။ ရှောင်မီကလည်း ၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် မြန်မာ့ဈေးကွက်သို့ ထိုးဖောက်ခဲ့ပြီး ၎င်း၏ Redmi စမတ်ဖုန်းများဖြင့် လူကြိုက်များမှုကို ရယူနိုင်ခဲ့သည်။

နာမည်ကြီးပြီး ဈေးနှုန်းမြင့်မားသော ဟန်းဆက်အမှတ်တံဆိပ်များသည် ကောင်းမွန်သော အရည်အသွေးနှင့် မြင့်မားသောနည်းပညာများကြောင့် လူကြိုက်များသည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် ကမ္ဘာ့ဈေးကွက်အခြေအနေနှင့် မြန်မာနိုင်ငံဈေးကွက် အခြေအနေများအရ နာမည်ကြီးပြီး ဈေးနှုန်းမြင့်မားသော အမှတ်တံဆိပ်များမှ မော်ဒယ်နိမ့်သည့်ပစ္စည်းကို ဝယ်ယူခြင်းထက် မြန်မာလူမျိုးအများစုအနေဖြင့် မိမိတို့တတ်နိုင်သော၊ လိုချင်သည့်လုပ်ဆောင်ချက်များလည်း ရရှိနိုင်သော ဈေးနှုန်းချိုသာပြီး အရည်အသွေးကောင်းသည့် မော်ဒယ်မြင့်ဟန်းဆက်များကို ဝယ်ယူအသုံးပြုခြင်းဖြင့် မိမိတို့ဝင်ငွေနှင့်လည်း အဆင်ပြေပြီး နောက်ဆုံးပေါ် နည်းပညာများကိုလည်း အသုံးပြုနိုင်ကြမည်ဖြစ်ပါသည်။ ။



အချိန်တိုအတွင်း နာမည်ကြီးလာသော ရှောင်မီအမှတ်တံဆိပ် စမတ်ဖုန်းများ။

## အိုင်စီတီပြပွဲ ၂၀၁၅ ကျင်းပလျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာပညာရှင်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းကျင်းပသော ရန်ကုန်အိုင်စီတီပြပွဲ ၂၀၁၅ Yangon ICT Fair(Computer & Mobile) 2015 ကို ဖေဖော်ဝါရီ ၂၇ ရက်ကဖွင့်လှစ်ခဲ့ပြီး ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲကို ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပလျက်ရှိပြီး ပြပွဲတွင် ကွန်ပျူတာဆိုင်များနှင့် ကုမ္ပဏီများ၊ Rdk ဘိုင်းဖုန်းအရောင်းဆိုင်နှင့် ကုမ္ပဏီများ၊ ကွန်ပျူတာသုံးဆော့ဖ်ဝဲနှင့် ဝက်ဘ်ဆိုက်များရေးသားဝန်ဆောင်မှုပေးသည့် ကုမ္ပဏီများ၊ အီလက်ထရွန်နစ်ပစ္စည်းအရောင်းဆိုင်များ၊ ကွန်ပျူတာနှင့် မိုဘိုင်းဆိုင်ရာသင်တန်းများက နောက်ဆုံးပေါ် ကွန်ပျူတာနှင့် မိုဘိုင်းနည်းပညာဆိုင်ရာများကို ပြခန်းပေါင်း ၁၅၀ ကျော်ဖြင့် ပါဝင်ပြသလျက်ရှိသည်။ ပြပွဲတွင် အထူးလျှော့ဈေးအစီအစဉ်များ၊ လက်ဆောင်နှင့် ကံစမ်းမဲအစီအစဉ်များ၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ရောင်းချပေးလျက်ရှိပြီး ပြခန်းအတွင်း ဝိုင်ဖိုင်အခမဲ့အသုံးပြုနိုင်ရန်လည်း စီစဉ်ပေးထားသည်။ **သူရဖြိုး**

## ရန်ကုန်ဘူတာကြီးနှင့် ဗိုလ်ချုပ်ဈေးတွင် ဝိုင်ဖိုင်အခမဲ့သုံးနိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်ဘူတာကြီးနှင့် ဗိုလ်ချုပ်ဈေးတွင် ဝိုင်ဖိုင်မှတစ်ဆင့် အင်တာနက်အခမဲ့ အသုံးပြုနိုင်ရန် Redlink ကုမ္ပဏီက ဖေဖော်ဝါရီ ၉ ရက်က စတင်ဆောင်ရွက်ထားကြောင်း သိရသည်။

ဗိုလ်ချုပ်ဈေးမှ အလှကုန်ဆိုင်ရှင်တစ်ဦးက ဝိုင်ဖိုင်လွှင့်ပေးပြီးသော်လည်း အင်တာနက်သုံးရသည်မှာ လိုင်းမငြိမ်ကြောင်း၊ တစ်ခါတစ်ရံ လိုင်းကောင်းသော်လည်း တစ်ခါတစ်ရံ လုံးဝလိုင်းမမိကြောင်း ပြောသည်။ အင်တာနက်ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေသော Redlink ကုမ္ပဏီသည် အများပြည်သူ အခမဲ့အင်တာနက်အသုံးပြုနိုင်သည့် ဝိုင်ဖိုင်ဇရိယာများကို တည်ထောင်ပေးလျက်ရှိကာ ရန်ကုန်မြို့တွင် ရွှေတိဂုံစေတီတော်၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ကန်တော်ကြီး၊ နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် ဆေးတက္ကသိုလ်(၁)၊ မန္တလေးမြို့တွင် မဟာမုနိဘုရားကြီး၊ ပုဂံမြို့တွင် အာနန္ဒာ၊ သဗ္ဗညု၊ ရွှေစည်းခုံဘုရားနှင့် ပုဂံလေဆိပ်တို့၌ ဝိုင်ဖိုင်အခမဲ့ဇရိယာများ တည်ထောင်ပေးထားပြီးဖြစ်ကြောင်း သိရသည်။ **သူရဖြိုး**

## ကွန်ပျူတာပညာရှင်အသင်းက နည်းပညာသင်တန်းဖွင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ Professional Web Developer Course with PHP (+Project Training) အမှတ်စဉ်(၇) သင်တန်းကို မတ် ၁၀ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး တက်ရောက်လိုသူများ ကြိုတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

ပြည်တွင်းနှင့် နိုင်ငံတကာနည်းပညာကုမ္ပဏီများတွင် Web Developer အဖြစ်လုပ်ကိုင်လိုသူများ တက်ရောက်သင့်သောသင်တန်းဖြစ်ပြီး သင်တန်းကာလတွင် လက်တွေ့ပြုလုပ်ရမည့် ပရောဂျက်ကြီးတစ်ခုနှင့် အပတ်စဉ်ဆောင်ရွက်ရမည့် ပရောဂျက်ငယ်များပါဝင်ကြောင်းသိရသည်။ သင်တန်းတက်ရောက်လိုသူများအနေဖြင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံး ဖုန်း-၀၁-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **သူရဖြိုး**


### ဆောက်လုပ်ရေးသုံးပစ္စည်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မွန်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မော်လမြိုင်ခရိုင်၏၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်/ပြည်ထောင်စု ရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်ရန်လိုအပ်သော ဆောက်လုပ်ရေးပစ္စည်းများကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာရယူနိုင်သည့်ရက်** - ၂၇-၂-၂၀၁၅ရက်(သောကြာနေ့)
(ခ) **တင်ဒါလျှောက်လွှာရယူနိုင်သည့်နေရာ** - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မော်လမြိုင်မြို့
(ဂ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၉-၃-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီ
(ဃ) **တင်ဒါဖွင့်မည့်ရက်** - ၉-၃-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီ
(င) **တင်ဒါဖွင့်မည့်နေရာ** - ခရိုင်အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မော်လမြိုင်မြို့

**တင်ဒါစိစစ်ရေးကော်မတီ**
**ဖုန်း-၀၅၇-၂၄၇၅၉**

### (၁၃)ကြိမ်မြောက် ဗုဒ္ဓနည်းကျတရားရှုမှတ်နည်းသင်တန်း

ဓမ္မအလင်းရောင်ဗုဒ္ဓသာသနာ့ရိပ်သာ (ဖားအောက်တောရရိပ်သာခွဲ၊ ပေါင်မြို့နယ်)၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဓမ္မပတိမှ ရှင်တော်ဗုဒ္ဓဟောညွှန်ပြသည့် သမထ၊ဝိပဿနာတရားတော်ကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာလာရှိသည့်အတိုင်း မဂ္ဂင်ရှစ်ပါးစုံညီစွာဖြင့် ကိုယ်တိုင်ကျင့်ကြံအားထုတ်၍ လက်တွေ့သိမြင်နိုင်စေရန် ဟောကြားဆုံးမ တရားနည်းလမ်းပြသပေးမည်ဖြစ်၍ တရားတော်ကို လာရောက်နာကြား ကျင့်ကြံအားထုတ်နိုင်ကြပါရန် နိဗ္ဗာန်ရည်မှန်း၍ ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၉-၃-၂၀၁၅ရက်မှ ၂၄-၃-၂၀၁၅ရက်
**အချိန်** - နံနက် ၇း၃၀နာရီမှ ညနေ ၅နာရီအထိ
**နေရာ** - မြို့တော်စည်ပင်ဓမ္မာရုံ၊ ရွှေတိဂုံစေတီတောင်ဘက်မုခ်

**(ဒါယကာ)ရဲမှူးကြီးသူရတင်လှ(ငြိမ်း)၊ ဒေါ်မြမြလွင် မိသားစု**
**(နေ့ဆွမ်းကို မိမိအစီအစဉ်ဖြင့်သာ)**

**ဆက်သွယ်ရန်ဖုန်း-၀၉-၄၅၀၉၉၀၁၆၇၊ ၀၉-၆၄၅၁၅၁၇၊ ၀၉-၃၁၀၆၀၇၈၈၊ ၀၉-၅၁၄၉၉၉၅**




















ပြည်တွင်းသတင်း

# တီဘီရောဂါတိုက်ဖျက်ရေးစီမံချက်အဖြစ် တီဘီလူနာများပိုမိုရှာဖွေကုသမည်

**မလှိုင် ဖေဖော်ဝါရီ ၂၇**

မြန်မာနိုင်ငံတွင် တီဘီရောဂါတိုက်ဖျက်ရေးအတွက် မြို့နယ်များမှ တီဘီသံသယလူနာများ ရှာဖွေဖော်ထုတ်ပြီး လူနာများအား ဆေးဝါးကုသခြင်း၊ အာဟာရအထောက်အပံ့နှင့် သန့်ရှင်းရေးသုံးပစ္စည်းများပေးအပ်ခြင်းနှင့် ရောဂါပြန့်ပွားမှုထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းက ၂၀၁၅ ခုနှစ်တွင် ယခင်နှစ်ထက် တီဘီသံသယလူနာများ ပိုမိုရှာဖွေဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ကျန်းမာရေးမှူး အသင်းအနေဖြင့် ၂၀၁၄ ခုနှစ်တွင် မလှိုင်မြို့နယ်အတွင်း၌ တီဘီသံသယလူနာ ရှာဖွေညွှန်းပို့စစ်ဆေးကုသခြင်းများ ဆောင်ရွက်ခဲ့ရာ သံသယလူနာ ၁၈၇ ဦး၊ ညွှန်းပို့လူနာ ၃၈ ဦးနှင့် ပိုးတွေ့လူနာ ၂၈ ဦးရှိခဲ့ပြီး တီဘီလူနာများအား အာဟာရအထောက်အပံ့များနှင့် သန့်ရှင်းရေးသုံးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် တီဘီလူနာ ၈၂ ဦးအထိ ဖော်ထုတ်နိုင်ရန်အတွက် သံသယလူနာ ၃၄၀ ကို ရှာဖွေသွားမည်ဖြစ်ကြောင်း သိရသည်။

မလှိုင်မြို့ ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းက ကြီးမှူး၍ ၂၀၁၅ ခုနှစ် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းစီမံချက် အသိပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က ကျင်းပခဲ့သည်။ ဆွေးနွေးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာချမ်းမြေ့ကျော်နှင့် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းမှ တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးအုန်းမောင်၊ စီမံချက်အရာရှိ ဦးအောင်ဇော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာချမ်းမြေ့ကျော်က တီဘီရောဂါ ဖြစ်ပွားမှုအခြေအနေများကိုလည်းကောင်း၊ အသင်းကိုယ်စား တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးအုန်းမောင်က ကျန်းမာရေးမှူးအသင်း ဖွဲ့စည်းထားနိုင်မှု အခြေအနေနှင့် လုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် စီမံချက်အရာရှိ ဦးအောင်ဇော်ဝင်းက တီဘီရောဂါတိုက်ဖျက်ရေး စီမံချက်လုပ်ငန်းများအကြောင်းကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက စီမံချက်နှင့်ပတ်သက်၍ သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

**အောင်ငွေး(မလှိုင်)**

# ကျေးလက်ဒေသ လျှပ်စစ်ဝန်ဆောင်မှုအခြေခံသင်တန်းဖွင့်

**မြင်းခြံ ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်အတွင်းမှ ပြည်သူများအတွက် ကျေးလက်ဒေသလျှပ်စစ်ဝန်ဆောင်မှုလုပ်ငန်း အခြေခံသင်တန်း အမှတ်စဉ် (၅/၂၀၁၅)ဖွင့်ပွဲကို မြင်းခြံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၅ ရက်က ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကျေးလက်ဒေသလျှပ်စစ်ဝန်ဆောင်မှုလုပ်ငန်း အခြေခံသင်တန်း ခရိုင်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးထွန်းလင်းအောင်က သင်တန်းသား အရည်အချင်း သတ်မှတ်ချက်များနှင့် သင်တန်း၌ သင်ကြားပို့ချမည့် ဘာသာရပ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ မြင်းခြံမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၄၅ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ခြောက်ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲသို့ မြင်းခြံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထူး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**



ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့တွင် လာရောက်လည်ပတ်သော နိုင်ငံခြားသားဧည့်သည်များ၏ စိတ်ဝင်စားမှု ရရှိရန်အတွက် မြင်းလှည်းများဖြင့် မြို့တွင်းသို့လည်ပတ်နိုင်ရန်စီစဉ်ပေးထားရာ မြင်းလှည်းတန်းဖြင့် ဖေဖော်ဝါရီ ၂၄ ရက်က သန်လျင်မြို့တွင်း လှည့်လည်နေသော နိုင်ငံခြားသားခရီးသွားများ။ သက်ခိုင်(သန်လျင်)

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရွှေအများဆုံးထွက်ရှိရာ နမ့်တော၊ ဆယ်စင်းရွာများအထိ စက်လှေများတိုးချဲ့ပြေးဆွဲ

**ကလေးဝ ဖေဖော်ဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့မှ ဟုမ္မလင်းမြို့နယ် နမ့်တောကျေးရွာနှင့် ဆယ်စင်းကျေးရွာများအထိ ရွှေမျှောလုပ်ကိုင်သူများနှင့် ခရီးသွားများ သွားလာရလွယ်ကူစေရန် ကလေးဝ-နမ့်တော စက်လှေလိုင်းနှင့် ကလေးဝ-ဆယ်စင်း စက်လှေလိုင်းများ တိုးချဲ့ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

"စက်လှေအငယ်လေးတွေပြေးဆွဲနေပါတယ်။ ပြေးဆွဲနေတဲ့လိုင်းတွေကတော့ ချစ်ကြည်ရေးစက်လှေအသင်းနှင့် ဇမ္ဗူထွန်းစက်လှေအသင်းတွေပါ။ နံနက်ပိုင်းနဲ့ နေ့လယ်ပိုင်းတွေမှာ ပြေးဆွဲပေးပါတယ်။ နမ့်တောရွာကိုဆိုရင် နှစ်ညအိပ်ကြာပါတယ်။ ဆယ်စင်းရွာကိုဆိုရင် သုံးညအိပ်ကြာပါတယ်။ ဈေးနှုန်းက ဆယ်စင်းကိုဆိုရင် ငွေကျပ် ၂၅၀၀၀ ယူပြီး နမ့်တောကိုဆိုရင် ငွေကျပ် ၂၀၀၀၀ ယူပါတယ်။ စားစရိတ်ကတော့ ကိုယ့်အစီအစဉ်နဲ့ကိုယ်ပါ။ စက်လှေတစ်စင်းမှာ အနည်းဆုံး လူ ၂၀ ကနေ အများဆုံး ၃၀ အထိတင်ပါတယ်"ဟု စက်လှေပိုင်ရှင်တစ်ဦးဖြစ်သော ကိုတင်ထွန်းလွင်က ပြောသည်။

"နမ့်တောနဲ့ ဆယ်စင်းတို့ဆိုတာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာတော့ ရွှေအများဆုံးထွက်တဲ့နေရာတွေပါ။ ကလေးဘက်က သွားကြတာရှိတယ်။ တမူးဘက်က သွားကြတာလည်းရှိတယ်။ အများဆုံးသွားကြတာကတော့ ရွှေတူးဖို့ သွားကြတာပါပဲ။ အဲဒီဘက်မှာက ရွှေမျှောတွေကို ရေပိုက်နဲ့ထိုးပြီး ရွှေကျင်ကြတယ်။ တောထဲတွေမှာပဲ နေထိုင်ပြီး နံနက်မိုးလင်းတာနဲ့ ရွှေမျှောတိုက်၊ မိုးချုပ်အလုပ်သိမ်း၊ ပြီးရင်အိပ်၊ ဒါပဲနေ့စဉ်လုပ်နေရပါတယ်" ဟု ရွှေမျှောလုပ်ငန်းကို ကိုယ်တိုင်လုပ်ကိုင်ခဲ့ပြီးပြန်လာသူ ကိုနိုင်ဦးက ပြောသည်။

အဆိုပါ နမ့်တော-ဆယ်စင်း-နောင်ပိုအောင် ကျေးရွာများသို့ ကလေးဝ-မော်လိုက်ကားလမ်းမှလည်း သွားနိုင်ပြီး မုံရွာ-ရေဦး-တန့်ဆည်လမ်းမှတစ်ဆင့် မဟာမြိုင်တောအတွင်း ဗျူဟာလမ်းအတိုင်း သွားရောက်အလုပ်လုပ်ကြသူများလည်းရှိကြောင်း သိရသည်။

**သျှင်နေမင်း**

# ပြင်ဦးလွင်မြို့၌ ရှူဘီမတ်ဆိုင်သစ် ဖွင့်ပွဲကျင်းပ

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၇**

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၀) တပ်မတော်နည်းပညာတက္ကသိုလ်အနီး မန္တလေး-လားရှိုးလမ်းမကြီးပေါ်၌ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် ရွှေဂန္ဓမာအင်တာနေရှင်နယ် ထရေးဒင်းလီမိတက်တို့ ပူးပေါင်းဖွင့်လှစ်ခဲ့သည့် ရှူဘီမတ်(ပြင်ဦးလွင်)ဆိုင်သစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က ကျင်းပသည်။

ဆိုင်ဖွင့်ပွဲတွင် ပြင်ဦးလွင်တပ်နယ်မှူး စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်မြင့်မော်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အံ့ဇော်နှင့် ရွှေဂန္ဓမာအင်တာနေရှင်နယ် ထရေးဒင်းလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးနေဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဗိုလ်ချုပ်ဇာနည်ဝင်းက ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်သည်။ ရှူဘီမတ်(ပြင်ဦးလွင်)တွင် စားသောက်ခန်းမများ၊ အသင့်ထုပ်ပိုးထားသည့် စားဖွယ်စုံများ၊ အလှကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများစသည့် လူသုံး၊ အိမ်သုံးနှင့် အလှကုန်ပစ္စည်းများ ရောင်းချသွားမည်ဖြစ်ပြီး ဆိုင်ကိုပိတ်ရက်မရှိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ (၄၃၂)

**ကန့်ကွက်နိုင်ပါကြောင်း**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၉၊ မြေကွက်အမှတ်၁၁၃၉/ခ၊ မြေကွက်တည်နေရာအမှတ် ၁၁၃၉/ခ၊ ရတနာပုံ(၅)လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ်[(၁) ဦးဝင်းမောင်၊ (၂) ဒေါ်စန်းမြင့်]အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဦးဝင်းမောင်(ဖခင်)နှင့်ဒေါ်စန်းမြင့်(မိခင်)တို့ ကွယ်လွန်သဖြင့် သမီးများဖြစ်သော (၁) ဒေါ်စန်းယုမော် ၁၂/သကတ(နိုင်)၀၂၄၈၇၉၊(၂)ဒေါ်လွင်လွင်ခိုင် ၁၂/သကတ(နိုင်)၀၂၃၆၂၄၊ (၃) ဒေါ်နီနီဝင်း ၁၂/သကတ(နိုင်)၀၀၁၆၉၅၊ (၄) ဒေါ်ဖြူဖြူဝင်း ၁၂/သကတ(နိုင်)၁၂၂၆၇၅ တို့အနက် အမှတ်စဉ်(၂၊၃၊၄)ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၈၄၈၈/၂၀၁၄) ရသူ ဒေါ်စန်းယုမော်က သေစာရင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**





Starters,Movers,Flyers, KET,PET သင်တန်းများ
Essay,Letter, Grammar သင်တန်းများ
Speaking သီးသန့် (လူကြီး၊ ကလေး)သင်တန်းများ
၄ တန်း၊ ၈ တန်း၊ ၁၀ တန်း အင်္ဂလိပ်စာ အထူးသင်တန်းများ
ကျောင်းသင်ရိုးအင်္ဂလိပ်စာသင်တန်းများ
မတ်လ ၅ ရက်နေ့စတင်ပါမည်။
Teacher Sandar
**အမှတ် ၄၈၊ စိတ္တသုခလမ်း၊ ပထမထပ်၊ ကျောက်မြောင်း**
**ဖုန်း-၀၉-၃၁၆၉၀၀၀၅၊ ၀၉-၇၉၅၉၃၉၀၄၁**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ်၇၄၁၊ မြေကွက်တည်နေရာအမှတ်၇၄၁၊ စိန်ပဒေသာလမ်း၊ (၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒေါ်နုယဉ် KLO-၀၀၁၂၅၀ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်နုယဉ် KLO-၀၀၁၂၅၀ တရားရုံးကိုယ်စား ဘီလစ် ဒေါ်ရီရီလှ ၁၂/ဥကမ(နိုင်)၀၅၅၂၉၈က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တရားရုံး၏ တရားမကြီးမှုအမှတ် ၅၀/၂၀၁၄၏ ၂၂-၈-၂၀၁၄ရက်စွဲပါ စီရင်ချက်၊ တရားမဇာရီမှုအမှတ် ၃၁/၂၀၁၄၏တရားရုံးနေ့စဉ်မှတ်တမ်းနှင့် ၂၀-၁၀-၂၀၁၄ရက်ဖြင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး၏ဘီလစ်ခန့်အပ်ကြောင်း အကြောင်းကြားစာကိုတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

# ရေထွက်ပစ္စည်း ပို့ကုန်ပမာဏတိုးမြှင့်ထုတ်လုပ်နိုင်ရေးရည်ရွယ် မြန်မာ့ရေထွက်ပစ္စည်းပြခန်းနှင့် ဈေးပွဲတော်ခင်းကျင်းပြသမည်

**အမေး၊ အရေး - နဒီမောင်**

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

မြန်မာနိုင်ငံ၏ သွင်းကုန်ပမာဏနှင့် ပို့ကုန်ပမာဏတို့ ကွာဟမှုနည်းပါးစေရန် နိုင်ငံတော်၏ အမျိုးသား ပို့ကုန်ပမာဏကို တိုးမြှင့်ရမည်ဖြစ်သည်။ ယင်းသို့တိုးမြှင့်ရာတွင် အမျိုးသားပို့ကုန်၌ ရေထွက်ပစ္စည်းပို့ကုန်ကို နိုင်ငံတော်ကအဆင့် (၃)၌သတ်မှတ်ထားရာ ရေထွက်ပစ္စည်း ပို့ကုန်ပမာဏကို တိုးမြှင့်ထုတ်လုပ်သွားရမည်ဖြစ်သည်။

ယခုအခါ ပြည်ပဈေးကွက်များ ပွင့်လင်းလာပြီဖြစ်ရာ မိမိတို့၏ ရေ၊ မြေ သဘာဝနှင့် ကိုက်ညီသည့် ငါး၊ ပုစွန်များမွေးမြူဖမ်းဆီးပြီး တန်ဖိုးမြှင့်ပစ္စည်းများအနေဖြင့် ထုတ်လုပ်တင်ပို့ရောင်းချသွားရမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် သဘာဝသယံဇာတအခြေခံများကို ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာများ ပေါင်းစပ်ကာ ထွက်လာသောကုန်များကို ပွင့်လင်းလာသောဈေးကွက်များသို့ တင်ပို့ရောင်းချမည်ဆိုပါက မြန်မာနိုင်ငံ၏ အမျိုးသား ပို့ကုန်ပမာဏကို တိုးမြှင့်နိုင်မည်ဖြစ်သည်။

ယင်းသို့ဆောင်ရွက်ရာ၌ မြန်မာနိုင်ငံ၏ငါးလုပ်ငန်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် အဓိက ရည်ရွယ်ချက်ထားပြီး မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ကို ဖွဲ့စည်းခဲ့သည်မှာ (၁၆)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ မကြာမီ (၁၆) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာပေးပြခန်းများ ခင်းကျင်းပြသပွဲ၊ မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော်ကို ကျင်းပမည်ဖြစ်ရာ ယင်းကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဟန်ထွန်းနှင့် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်တို့အား တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး။ ။ အရင်က နှစ်ပတ်လည်ပွဲတွေကျင်းပခဲ့တာနဲ့ ပတ်သက်ပြီး သိလိုပါတယ်။**

ဦးဟန်ထွန်း ဖြေ။ ။ ၂၀၁၀ ပြည့်နှစ်မတိုင်မီက မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ကငါးနှစ်လောက် နှစ်ပတ်လည်ပွဲတွေ ကျင်းပပြီး မြန်မာ့ရေထွက်ပစ္စည်း ပညာပေးပြခန်း၊ မြန်မာ့ရေထွက် ပစ္စည်းဈေးပွဲတော်နဲ့ လူထုဖျော်ဖြေ ပွဲတွေကို ၃ ရက်က ၅ ရက်အထိ ကျင်းပခဲ့ပါတယ်။ နောက်ပိုင်း သာမန်နှစ်ပတ်လည်ပွဲတွေကိုသာ ကျင်းပခဲ့ပြီး အခုနှစ်မှာ (၁၆) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ ငါးလုပ်ငန်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ၊ ပညာပေးပြခန်းတွေ ခင်းကျင်းပြသပွဲနဲ့ မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော်ကို ကျင်းပသွားမှာဖြစ်ပါတယ်။

**မေး။ ။ ပြပွဲပြိုင်ပွဲ၊ ဈေးပွဲတော်နဲ့ပတ်သက်ပြီး ဘယ်လိုစီစဉ်မှုများရှိပါသလဲ။**

ဦးဟန်ထွန်း ဖြေ။ ။ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အောက်ထပ်မှာ ပညာပေးပြခန်း (၂၃) ခန်း ဖွင့်လှစ်ပြသသွားမှာ ဖြစ်ပါတယ်။ အဆောက်အအုံအပြင်ဘက်မှာ ရေထွက်ပစ္စည်းတွေဖြစ်တဲ့ ငါး၊ ကဏန်းပျော့၊ ပုစွန်တို့ကို ကင်ပြီး တစ်မျိုး၊ ကြော်ပြီးတစ်မျိုး ရောင်းချသွားမှာဖြစ်တဲ့ အပြင် ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငံပြာရည်၊ မျှင်ငါးပိစတဲ့ ရေထွက်ပစ္စည်းတွေကိုလည်း ရောင်းချသွားမှာ ဖြစ်ပါတယ်။

အခုနှစ် ထူးခြားတာက မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် နှစ်ပတ်လည်ပွဲမှာ အိမ်မွေးတိရစ္ဆာန်ချစ်သူများအသင်းက အိမ်မွေးတိရစ္ဆာန်ပြပွဲ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၈ရက်နဲ့ မတ် ၁ ရက်နေ့တို့မှာ ကျင်းပသွားမယ်။ နိုင်ငံခြားအမှတ်ပေးဒိုင်တွေက အမှတ်ပေးပြီး ဆုချီးမြှင့်သွားမှာဖြစ်တဲ့အပြင် အလှမွေးငါးပြခန်းမှာ အလှမွေးငါး ပြိုင်ပွဲနဲ့ တိုက်ငါးပြိုင်ပွဲများကျင်းပပြီး ဆုချီးမြှင့်သွားမှာဖြစ်ပါတယ်။

ပညာပေးပြခန်းမှာ ငါးလုပ်ငန်းဦးစီးဌာနပြခန်း၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဦးဆောင်မှုအောက်က အသင်း(၁၀)သင်းရဲ့ပြခန်းတွေ၊ ရေထွက်ပစ္စည်းတန်ဖိုးမြှင့် ထုတ်ကုန်တွေ၊ ရေအရည်အသွေး ပြုပြင်ထိန်းသိမ်းသည့် ဆေးဝါး၊ ဓာတုဗေဒပစ္စည်းတွေကို ပြသသွားမှာဖြစ်ပါတယ်။

**မေး။ ။ နှစ်ပတ်လည်အစည်းအဝေးပြပွဲ ပြိုင်ပွဲနဲ့ ဈေးရောင်းပွဲတော်ကို ဘယ်အချိန်မှာလုပ်မလဲဆိုတာ သိလိုပါတယ်။**

ဦးဝင်းကြိုင် ဖြေ။ ။ ပညာပေးပြခန်းနဲ့ ဈေးပွဲတော်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၁ နာရီခွဲ၊ ပညာပေးပြခန်းတွေခင်းကျင်းပြသပွဲနဲ့ ဈေးပွဲတော်ကို ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၂ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ည ၁၀ နာရီအထိနဲ့ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရဲ့ (၁၆) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို မတ် ၁ ရက် နံနက် ၈ နာရီခွဲ၊ ငါးလုပ်ငန်းဘက်စုံဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို မတ် ၂ ရက် နံနက် ၉ နာရီမှာ ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှာ ကျင်းပသွားမှာဖြစ်ပါတယ်။

# တနင်္သာရီတိုင်းဒေသကြီးအတွင်း ပြည်ထောင်စုလမ်းမကြီးလမ်းပိုင်းများဖောက်လုပ်မှု ကြည့်ရှုစစ်ဆေး



**ကော့သောင်း ဖေဖော်ဝါရီ ၂၇**

တနင်္သာရီတိုင်းဒေသကြီး ပြည်ထောင်စုလမ်းမကြီးလမ်းပိုင်းဖြစ်သည့် ပြည်ကြီးမဏ္ဍိုင်မြို့ ပွိုင့်(၁၀၂၀) စခန်း မိုင်တိုင်အမှတ်(၈၆/၅) မှ ဘုတ်ပြင်းမြို့နယ် မိုင်တိုင်အမှတ်(၁၄၇/၂) ကြားလမ်းပိုင်း ဖောက်လုပ်နေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၆ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းပိုင်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဖောက်လုပ်နေခြင်းဖြစ်ပြီး ကုန်းမြင့်များရှိ လမ်းပိုင်းများ မူလလမ်းမျက်နှာပြင်ထက် နှိမ့်ချခြင်း၊ ကျောက်ချောခင်းခြင်း၊ ချောင်းကူးတံတားများ တည်ဆောက်ပြီးစီးမှုနှင့် ကြံ့ခိုင်မှုအခြေအနေ၊ ကတ္တရာနှင့် ဆိုက်မျိုးစုံ လမ်းခင်းကျောက်များ စုဆောင်းထားရှိမှု၊ ကတ္တရာခင်းခြင်းလုပ်ငန်းပြီးစီးမှုနှင့် စက်ယန္တရားများအသုံးပြုဆောင်ရွက်နေမှုအခြေအနေများကို တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး၊ လေယာဉ်ကွင်းတည်ဆောက်ရေးအထူးအဖွဲ့(၆) မှ ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုလမ်းမကြီး၏ အခြားလမ်းပိုင်းတစ်ခုဖြစ်သည့် ဘုတ်ပြင်းမြို့နယ် မိုင်တိုင်အမှတ်(၁၄၇/၂)မှ ကော့သောင်းမြို့နယ် မိုင်တိုင်အမှတ် (၂၇၆/၂)ကြား လမ်းပိုင်း တစ်လျှောက် မြေသားလမ်းချဲ့ထွင်ဖောက်လုပ်နေမှု၊ ကျောက်ချောခင်းခြင်းဆောင်ရွက်ပြီးစီးမှု၊ လမ်းဘေးဝဲယာ ရေနုတ်မြောင်းဖောက်လုပ်ပြီးစီးမှုနှင့် ကတ္တရာခင်းခြင်းလုပ်ငန်းများကိုလည်း ဝန်ကြီးချုပ်နှင့်အဖွဲ့က ဆက်လက်ကြည့်ရှုခဲ့ပြီး ယခုနှစ် ပွင့်လင်းရာသီအတွင်း လုပ်ငန်းများပြီးစီး အောင်ဆောင်ရွက်ရန် မှာကြားခဲ့ ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## သတင်းတို

### တောင်တွင်းကြီး၌ စူဠဘွဲ့နှင်းသဘင်ကျင်းပ

တောင်တွင်းကြီးမြို့နယ်အတွင်းမှ ပထမကြီးတန်း၊ ပထမလတ်တန်းနှင့် ပထမငယ်တန်း ဖြေဆိုအောင်မြင်ကြသော သံဃာတော်များနှင့် သာမဏေများအား ဘွဲ့အပ်နှင်းသည့် စူဠဘွဲ့နှင်းသဘင်ကို မြို့သာသနာ့ဗိမာန်တော်ခန်းမ၌ ဖေဖော်ဝါရီ ၂၅ရက်က ကျင်းပခဲ့ရာ မြို့နယ်သံဃာ့နာယကအဖွဲ့ နာယကဆရာတော်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်းတို့ တက်ရောက်ခဲ့ပြီး ပထမကြီးတန်းအောင် သံဃာ သုံးပါး၊ ပထမလတ်တန်းအောင် ၁၀ ပါးနှင့်ပထမငယ်တန်းအောင် သာမဏေအပါး ၂၀ အား အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းခဲ့သည်။ **နိုင်ဝင်း**

ZMA
Residential Boarding School
Innsein, Yangon
Summer Camp Program



Subjects to be Trained
- English Grammar
- English Language/Literature
- Computer
- Art
- Music/Dance/Song
- Optional Language(Myanmar or Nepali or Hindi or Chinese)
- Projects on environment and health awareness
- Yoga and Exercises
- Sports and Games and more

Starts on 8th March 2015
Ends on 10th May 2015
Age Limitation 9yrs to 16 yrs old
Number of Participants Girls - 40
Boys - 60



ဆက်သွယ်ရန်။

Email : zambudeepaacademy@gmail.com
Facebook: www.facebook.com/zambudeepaacademy



**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

တာချီလိတ်မြို့၊ မိုင်းဖုန်း (ခ)၊ ဝှေလေလန်ရွာနေ ဦးနေလင်းထွန်း ၁၄/ပသရ(နိုင်)၀၈၂၁၈၁-ဒေါ်ဇာဏီမ(ခ)နီနီမာ ၁၂/ကတန(နိုင်)၀၈၁၇၇၃တို့၏သား မောင်ရန်နိုင်လင်း ၁၃/တခလ(နိုင်)၀၇၅၅၆၉သည် ခွင့်မလွှတ်နိုင်သော အပြုအမူများ ပြုလုပ်သွားပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးနေလင်းထွန်း-ဒေါ်နီနီမာ**

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

သထုံမြို့နယ်၊ တောင်စွန်းကျေးရွာ၊ မင်းလမ်းနေ (ဦးအောင်ငွေ) ၁၀/သထန(နိုင်)၀၃၈၁၂၄-ဒေါ်တင်ကြည် ၁၀/သထန(နိုင်)၀၁၄၆၄၄ တို့၏သား မောင်ဝင်းမြင့်နိုင် ၁၀/သထန(နိုင်)၀၀၁၆၃၄သည် မိဘမောင်နှမများအား ဂုဏ်သိက္ခာညှိုးနွမ်းပြီး စိတ်ဆင်းရဲအောင် မိမိဆန္ဒအတိုင်းပြုလုပ်သွားပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။ **ဒေါ်တင်ကြည်**

သတင်းဆောင်းပါး

# ညောင်ချောင်းသာအပန်းဖြေကမ်းခြေ မတ်လ ၂ ရက်တွင် စတင်ဖွင့်လှစ်မည်

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ ရန်ကင်းစံရာကျေးရွာအနီး ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံရာ နေရာရှိ ရန်ကင်းသာ(ညောင်ချောင်းသာ)ကမ်းခြေကို မတ် ၂ ရက်တွင် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် ကမ်းခြေကို မဖွင့်သေးသော်လည်း လာရောက်အပန်းဖြေသူများ ရောက်ရှိနေကြပြီဖြစ်ကြောင်း သိရသည်။

“ညောင်ချောင်းသာကမ်းခြေကို ၂၀၁၃ ခုနှစ်ကတည်းက စတင်ဖွင့်လှစ်ခဲ့ပြီး လာရောက်အပန်းဖြေသူတွေနဲ့ နှစ်စဉ် စည်ကားပါတယ်။ တစ်နှစ်ထက်တစ်နှစ် လာရောက်လည်ပတ်သူ ပိုမိုများပြားလာပြီး ဒီနှစ်မှာတော့ ကမ်းခြေကို လာရောက်အနားယူလည်ပတ်သူများရဲ့ ဘေးအန္တရာယ်ရှိနိုင်တဲ့နေရာတွေမှာ ရေစီးနဲ့မျောထွက်မသွားနိုင်အောင် ပိုက်ကွဲတွေနဲ့ ကာကွယ်ထားပြီး လုံခြုံရေးဂိတ်မျှော်စင်ကလည်း ဘေးကင်းလုံခြုံရေးအတွက် စပီကာနဲ့ အသိပေးကြေညာတာတွေလုပ်ပေးပြီး ဘေးကင်းလုံခြုံအောင်နဲ့ သက်သောင့်သက်သာ အနားယူနိုင်အောင် စီစဉ်ဆောင်ရွက်ထားပါတယ်”ဟု မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့မှ အတွင်းရေးမှူး ဦးခင်မောင်ညိုက ကမ်းခြေသို့ လာရောက်အပန်းဖြေသူများ အန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ထားသည့် အခြေအနေကို ရှင်းပြသည်။

ညောင်ချောင်းသာကမ်းခြေသည် နှစ်စဉ်နွေရာသီတွင် ဧရာဝတီမြစ်အတွင်း သဘာဝအလျောက်ပေါ်ပေါက်သော သဲသောင်ပြန့်ကမ်းခြေဖြစ်ကာ ယခုနှစ်တွင် သဘာဝသဲသောင်ပြန့်ကမ်းခြေပေါ်ထွန်းမှုမှာ ယခင်နှစ်များကထက် နည်းပါးကြောင်း သိရသည်။ ထို့ကြောင့် အနားယူသူများအဆင်ပြေစေရန်အတွက် ယခင်နှစ်ကထက် ဆိုင်ခန်းအရေအတွက်လျှော့ချကာ ဆိုင်ခန်းနေရာ ၄၀ ခန့်သာ စီစဉ်ဆောက်လုပ်ပေးထားကြောင်း သိရသည်။

ချောင်းသာနှင့် ငွေဆောင်ကမ်းခြေများကဲ့သို့ ခရီးစရိတ်နှင့် တည်းခိုစရိတ်အပါအဝင် ကုန်ကျစရိတ်မများဘဲ ရန်ကုန်မြို့မှ အချိန်တိုအတွင်း သွားရောက်အပန်းဖြေနိုင်သည့် ညောင်ချောင်းသာကမ်းခြေသို့ ညောင်တုန်းမြို့ပတ်ဝန်းကျင်ဒေသများမှပြည်သူများ၊ ရန်ကုန်မြို့နေပြည်သူများနှင့် နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များပါ နေ့စဉ်လာရောက်အပန်းဖြေလျက်ရှိသည်။ စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များတွင် လာရောက်လည်ပတ်သူ ပိုမိုများပြားသည်။

ညောင်ချောင်းသာကမ်းခြေသို့ရောက်လျှင် ဧရာဝတီမြစ်ပြင်မှ သန့်ရှင်းလတ်ဆတ်သော လေကောင်းလေသန့်ကို တိုက်ရိုက်ထိတွေ့ရှူရှိုက်ခွင့်ရရှိပြီး သဲသောင်ပြန့်ပေါ်တွင် ရေချိုးကူးခတ်ကစားနိုင်သလို ဘောကွင်းများစီး၍လည်း အပန်းဖြေအနားယူနိုင်သည်။ သန့်ရှင်းသော ဒေသထွက်သစ်သီးဝလံများဖြစ်သည့် ဖရဲသီး၊ အုန်းစိမ်းရည်၊ ထန်းရည်ချို၊ အစားအသောက်များနှင့် အအေးမျိုးစုံတို့ကိုလည်း မှာယူစားသောက်နိုင်သဖြင့် ယခုနှစ်တွင် ဒုတိယအကြိမ် ထပ်မံလာရောက်ခြင်းဖြစ်ကြောင်း မန္တလေးမြို့မှလာရောက်အပန်းဖြေသူတစ်ဦးက ပြောသည်။

ထို့အပြင် ညောင်ချောင်းသာကမ်းခြေမှတစ်ဆင့် ညောင်တုန်းမြို့ပေါ်နှင့် ပတ်ဝန်းကျင်ရှိ သမိုင်းဝင်ဆုတောင်းပြည့်စေတီဖြစ်သည့် အတုလမာရဇိန်သွန်းဘုရား၊ မိုးဟုတ်စေတီတော်၊ ဥသျှစ်သျှဘုရားနှင့် နိုင်ငံအေးဘုရားကြီး စသည့်တန်ခိုးကြီးဘုရားများသို့လည်း အလွယ်တကူသွားရောက်ဖူးမြော်နိုင်ကြောင်းနှင့် လည်ပတ်သူခရီးသည်များလည်း အများအပြားရှိကြောင်း မြို့နယ်စည်ပင်ကော်မတီမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းက ပြောသည်။

ရန်ကုန်မြို့မှ ခရီးအကွာအဝေး ၃၄ မိုင်သာရှိပြီး ၁ နာရီခန့်သာ ကားစီးရသဖြင့် နေ့ချင်းပြန်သွားရောက်လည်ပတ်နိုင်သည့် ညောင်ချောင်းသာမှအပြန်တွင် လတ်ဆတ်သော ဒေသထွက်သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များကိုလည်း အိမ်အပြန်လက်ဆောင်အဖြစ် ဝယ်ယူသွားနိုင်ပါသည်။

**ကိုထွန်းကျော်(ညောင်တုန်း)**

ထို့ကြောင့် အချိန်နှင့် ငွေကြေး ကုန်ကျမှုနည်းပါးစွာဖြင့် အပန်းဖြေနိုင်သည့် ကမ်းခြေတစ်ခုဖြစ်သော ညောင်ချောင်းသာသို့ လာရောက်အပန်းဖြေလည်ပတ်မည်ဆိုပါက လှိုင်သာယာ(ဒဂုံဧရာ)အဝေးပြေးဂိတ်မှတစ်ဆင့် လာရောက်လည်ပတ်နိုင်ကြပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ ။






### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ယ/၂၇၆၁၂ ယာဉ်လက်ဝယ်ရှိသူ ဦးမင်းကျော် ၅/ခဥတ(နိုင်)၀၀၀၈၈၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(မြစ်ကြီးနား)**

[illegible]

### အများသိစေရန်ကြေညာချက်

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ ကျိုက်သန်လန်ဘုရားလမ်း၊ အမှတ် ၈/အေ နေ ဦးစိုးလှိုင် ၁၂/တမန(နိုင်)၀၄၂၁၈၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်။

ဦးစိုးလှိုင်နှင့်တစ်အိမ်တည်းနေသူ သမီးဖြစ်သူ မစုစုလှိုင် ၁၀/မလမ(နိုင်)၁၂၀၁၂၄သည် ဖခင်ဖြစ်သူ၏ ဆိုဆုံးမစကားကို နာခံခြင်းမရှိဘဲ မိမိ၏သဘောဆန္ဒအလျောက် ၂၁-၂-၂၀၁၅ ရက်တွင် နေအိမ်မှဆင်းသွားပါသဖြင့် မစုစုလှိုင်အား ယနေ့မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်းနှင့် နောက်နောင်တွင် ၎င်း၏ကိစ္စအဝဝမှန်သမျှတွင် ဖခင်ဖြစ်သူမှ တာဝန်မရှိတော့ပါကြောင်းနှင့် မိသားစုနှင့်လည်း ပတ်သက်စရာလုံးဝမရှိတော့ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**(ဦးခင်မောင်မြင့် LL.B, H.G.P)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၂၄)**
**အမှတ် ၁၆၊ ကျိုက္ခမီလမ်း၊ ကွင်းရပ်၊ မော်လမြိုင်မြို့**
**ဖုန်း-၀၅၇-၂၃၃၈၆၊ ၀၉-၈၇၀၀၇၄၉**

### ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/သမိုင်း၊ မြေကွက်အမှတ်၈/က$^{၁၈-B}$၊ မြေကွက်တည်နေရာအမှတ် ၉၆၀/ခ၊ နဂါးရုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်(ဒေါ်ပရင့်စ်ရှိ့စ်)အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၄၃၆၈/၂၀၁၂(၃၁-၈-၂၀၁၂)ဖြင့် ဒေါ်ကြည်ကြည်ဝင်းကလည်းကောင်း၊ ဒေါ်ကြည်ကြည်ဝင်းထံမှအရောင်းအဝယ်စာချုပ်အမှတ် ၉၅၉၆/၂၀၁၄(၂၃-၁၂-၂၀၁၄)ဖြင့် ဒေါ်ခင်စန်းလွင်(ခ)မကြူ၁၂/ကမတ(နိုင်)၀၁၀၄၉၆ကပိုင်ဆိုင်လာပါသည်။ ဂရန်မူရင်းမှာ မူလအမည်ပေါက် ထံတွင်သာရှိသဖြင့် ဂရန်မူရင်းမတင်ပြနိုင်ခြင်းနှင့်ပတ်သက်၍ ကျမ်းကျိန်လွှာ ၁၀၅/၂၀၁၅(၂- ၁-၂၀၁၅)၊ (၅)ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ဂရန်ခွဲလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

[illegible] Today [illegible] Unity [illegible] Dynasty books [illegible]

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဝင်းလှိုင် (မောင်ရတနာ) LL.B** [illegible]

ကြော်ငြာ


THE
G•E•M•S
Garden Condominiums
GEMS TOWER
1 & 2
100% STRUCTURE
COMPLETED
Special Home Buyer's Plan*
SELLING PRICE FROM USD 209 PSF
For limited period only. Call today for exclusive deal
01 526146, 01 526148
01 526170
Email : sales.cdl@cdsg.com.mm
အရောင်းပြခန်းလိပ်စာ အမှတ် ၁၁၃ ၊ အင်းစိန်လမ်းမ ၊ လှိုင်မြို့နယ် ၊ ရန်ကုန်။
* Terms and conditions apply
PROUDLY DEVELOPED BY
CDL
CAPITAL DEVELOPMENT LIMITED
QUALITY . RELIABLE . RESPONSIBLE

ကြော်ငြာ

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရန်ကျောင်း
### လယ်ယာစီးပွားထူးချွန်ဆု(တတိယဆင့်)
### စပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်စံပြတောင်သူဆု (FAO)
### အသက်(၅၆)နှစ်

လားရှိုးမြို့၊ ရပ်ကွက်(၈)နေ မောင်နိုင်ဝင်း၊ မောင်မြင့်ဦး-မယုံယုံတို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ရန်ကျောင်းသည် ၂၁-၂-၂၀၁၅ရက် (စနေနေ့) ည ၉း၃၀နာရီတွင် လားရှိုးမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး)နှင့်ဇနီး ဒေါ်ခင်သန့်စင်**
**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ဦးညွန့်တင် (တိုက်ကြီး)
### (ဌာနေ နိုင်ငံခြားသတင်းထောက်၊ ဖူဂျီတီဗွီ)
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ၈လမ်း၊ အမှတ် ၁၃၃ နေ(ဦးပန်း-ဒေါ်စောမြ)တို့၏သား၊ (ဒေါ်အိအိဝင်း၊ အိရွှေစင်လက်ဖက်ရည်ဆိုင်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးတင်မောင်ဝင်း-ဒေါ်ဝင်းဝင်းအေး၊ ဒေါ်အိအိတင် (နိုင်ငံခြားသတင်းထောက်၊ ဖူဂျီတီဗွီ)-ဦးဇော်မိုးထွန်းတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မောင်ပြည့်မိုး @ Princeton ၏အဘိုးသည် ၂၆-၂-၂၀၁၅ရက် (ကြာသပတေးနေ့)ည ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂- ၂၀၁၅ ရက် (စနေနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၃-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးညွန့်တင်(တိုက်ကြီး) အသက်(၇၉)နှစ်
### (ဌာနေ နိုင်ငံခြားသတင်းထောက်၊ ဖူဂျီတီဗွီ)

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ၈လမ်း၊ အမှတ် ၁၃၃ နေ(ဦးပန်း-ဒေါ်စောမြ)တို့၏သား၊ (ဒေါ်အိအိဝင်း၊ အိရွှေစင်လက်ဖက်ရည်ဆိုင်)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးဘငြိမ်း-ဒေါ်တင်ကြည်)၊ (ဒေါ်ခင်ရီ)-ဦးအေး၊ ဒေါ်သန်းစိန်-(ဦးစိုးလှိုင်)၊ (ဒေါ်ခင်စောနွဲ့-ဦးစိန်ဖေ)၊ ဦးညွန့်ရှင်-Ann Nyunt Shin တို့၏ညီ/မောင်၊ ဦးတင်မောင်ဝင်း-ဒေါ်ဝင်းဝင်းအေး၊ ဒေါ်အိအိတင် (နိုင်ငံခြားသတင်းထောက်၊ ဖူဂျီတီဗီ)-ဦးဇော်မိုးထွန်းတို့၏ချစ်လှစွာသောဖခင်ကြီး၊ မောင်ပြည့်မိုး @ Princeton ၏အဘိုးသည် ၂၆-၂-၂၀၁၅ရက် (ကြာသပတေးနေ့)ည ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၂-၂၀၁၅ရက်(စနေနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍၄-၃-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးကျော်မင်းဦး
### (MD ASM Construction Ltd.)
### အသက်(၃၉)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ နဲ့ကြိုးကျေးရွာနေ (ဦးတင်အောင်) - ဒေါ်အေးသန်းတို့၏ သား၊ ဦးသန်းအောင် - ဒေါ်သန်းသန်းစိုး (ကိုတွတ်စတိုး၊ ဒေါ်ပုံ)တို့၏ သားသမက်၊ ဦးအောင်နိုင်ဦး-ဒေါ်နန်းချို၊ ဦးအေးကျော် - ဒေါ်ခင်ဆွေဦးတို့၏ ညီ/မောင်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကျီစုရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ အမှတ် ၈၆နေ ဒေါ်အိအိဖြူ၏ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်ဆက်မင်း [Grade-7 (C)၊ အထက-၅၊ဗိုလ်တထောင်]၏ချစ်လှစွာသောဖခင်သည် ၂၆-၂-၂၀၁၅ရက် (ကြာသပတေးနေ့) ည ၈း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၅ ရက် နံနက် ၁၁နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၃-၂၀၁၅ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ကျီစုရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ အမှတ် ၈၆ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ကိုသူရိန်ကျော်
### (D.S.A-၃၇)
### အသက်(၄၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၃ရပ်ကွက်၊ သုမနလမ်း၊ အမှတ် ၄၆၆(ခ)နေ ဒုတိယရဲမှူးကြီးကျော်ရင်(ငြိမ်း) - ဒေါ်ညွန့်ညွန့်သန်းတို့၏သားကြီး၊ ကိုပြည့်ဖြိုးကျော်၊ မမြတ်ဇင်ထက်၊ မဖြူစင်ထက်တို့၏အစ်ကိုကြီးသည် ၂၇-၂-၂၀၁၅ ရက် (သောကြာနေ့) နံနက် ၉း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၅ရက်(တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ကိုအောင်ထွန်းမြင့်
### အသက်(၃၄)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊နွယ်သာကီလမ်း၊ အမှတ် ၁၅နေ (ဦးသောင်း-ဒေါ်မြရှိန်)၊ (ဦးခင်အောင်)-ဒေါ်တင်ရွှေတို့၏မြေး၊ ဦးမြင့်ဝေ-ဒေါ်တင်တင်လင်း (ရုံးအုပ်၊ ဥက္ကဌရုံး၊ YESB)တို့၏ သားကြီး၊ မအေးမွန်မြင့်(SAE, YESB)၊ မောင်ဝင်းထွန်းမြင့်၊ မောင်ကျော်မြင့်ထွန်းတို့၏အစ်ကိုသည် ၂၇-၂-၂၀၁၅ရက် (သောကြာနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၅ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူး မျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကျင်နု (ဓနုဖြူ)
### အသက်(၉၆)နှစ်

ဓနုဖြူမြို့နေ (ဦးစိန်ခို-ဒေါ်ပန်းရီ)တို့၏ဒုတိယသမီး၊ (ဦးဖိုးစိန်-ဒေါ်ယဉ်တီ)တို့၏သမီးချွေးမ၊ (ဦးကြည်အေး)၏ဇနီး၊ (ဦးစင်းမန်း-ဒေါ်ကျင်လွမ်)၊ (ဦးကျင်ဟိုကာ-ဒေါ်ကျင်လှ)၊ (ဒေါ်ကျင်ဥ)၊ (ဒေါ်အုန်းကြင်)၊ ဦးမွန်ယုံ၊ ဦးမွန်ဟုတ်-(ဒေါ်မြမြ)၊ (ဦးမွန်ဆိုင်း)-ဒေါ်ကျင်ယဉ်၊ (ဒေါ်ကျင်ဝမ်)၊ (ဒေါ်ကျင်ငွေး)၊ (ဦးအုန်းသိမ်း-ဒေါ်ဥ)တို့၏အစ်မ၊ ဒေါ်တင်တင်အေး၊ ဦးသိန်းနွယ်-ဒေါ်စန်းစန်းမြင့်၊ ဒေါ်ခင်ခင်ပြုံး(Lucky ဆေးဆိုင်)၊ ဦးခင်မောင်ဝမ်း-ဒေါ်လှိုင်လှိုင်မြင့်(လှိုင် Plastic ရောင်းဝယ်ရေး၊ မန္တလေး)၊ ဦးကျော်ကျော်အောင်-ဒေါ်သင်းနုလှိုင်တို့၏မိခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၆-၂-၂၀၁၅ရက်(ကြာသပတေးနေ့)ညနေ ၆း၃၀နာရီတွင် လမ်းမတော်မြို့နယ်၊ လှည်းတန်းလမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၅ရက် (စနေနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း၊ လမ်း၊ တံတား၊ ဆေးပေးခန်း ဒါယိကာမကြီး
## ဒေါ်စီ (ပဲခူး)
### အသက်(၉၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ပိုင်ကျုံကျေးရွာနေ (ဦးမောင်ထင်-ဒေါ်စိန်မေ)တို့၏သမီး၊ (ဦးသိန်းအောင်)၏ဇနီး၊ ရန်ကုန်မြို့နေ ဦးအောင်ထွေး-ဒေါ်သောင်းကြည်တို့၏အစ်မ၊ ပဲခူးမြို့နေ ဦးအောင်မြင့်-ဒေါ်အေးအေး(ငါးပိငံပြာရည်လုပ်ငန်း)၊ ရန်ကုန်မြို့နေ ဦးကျော်တင့်-ဒေါ်ခင်လှိုင်း (နေခြည်ဝင်းစားသောက်ကုန်လုပ်ငန်း)၊ ပဲခူးမြို့နေ ဦးမြင့်သိန်း-ဒေါ်ခင်ပိုသွင်(ငရုတ်သီးမှုန့်လုပ်ငန်း)တို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘွားသည် ၂၅-၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၂-၂၀၁၅ရက် (သောကြာနေ့)မွန်းတည့် ၁၂နာရီတွင် ပဲခူးမြို့၊ ဥသာမြို့သစ်၊ (၈)ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်း၊ အမှတ် ၃၉၂နေ ဦးအောင်မြင့်-ဒေါ်အေးအေးတို့၏နေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်လှရီ (ပုလောမြို့)
### အသင်းဝင်အမှတ်-၁၂၅၈
### အသက်(၇၆)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၄)ရပ်ကွက်၊ ဆေးရုံလမ်းနေ (ဦးသောင်းညွန့်)၏ဇနီးသည် ၂၆-၂-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၅ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ အမှုဆောင်အဖွဲ့

### ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
## ဦးခင်ဖေ (ဆက်သွယ်ရေး)
### အသက်(၇၉)နှစ်

မိတ္ထီလာဆည်မြောင်းဝင်း၊ ရိပ်သာရပ်၊ ပေါက်ချောင်း ၂နေ ဒေါ်သင်းသင်းညွန့်၏ခင်ပွန်း ဦးခင်ဖေ (အသင်းဝင်အမှတ်-၇၀၁) သက်ကြီးကန်တော့ခံသည် ၂၆-၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၅ရက်တွင် မိတ္ထီလာ မြင်တော်ကန်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သိန်းသိန်းနု
### (မိုးကုတ်ယောဂီ၊ ရွှေဂုံတိုင်)
### အသက်(၆၉)နှစ်

ရန်ကုန်မြို့နေ (ဦးရွှေတင်-ဒေါ်အုန်းနု)တို့၏သမီးကြီး၊(ဦးထွန်းမောင်-ဒေါ်သန်း)တို့၏သမီးချွေးမ၊ [ဦးမြတ်စိုး(ခ)ဦးမာကြီး]၏ ချစ်လှစွာသောဇနီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃) ရပ်ကွက်၊ ခွာညိုလမ်း၊ အမှတ် ၇/၂နေ ဦးဝင်းအောင်(E/E PCL Co.,Ltd.)-ဒေါ်နှင်းပပအေး၊ ဦးဝင်းနိုင်တို့၏မိခင်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ အမှတ် ၂၊ အခန်း ၄၀ နေသူသည် ၂၇-၂-၂၀၁၅ရက်(သောကြာနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။(ဗဟန်းမြို့နယ်၊ ရွှေဂုံရိပ်မွန်အိမ်ရာနှင့် တောင်ဥက္ကလာပမြို့နယ်၊ ခွာညိုလမ်းနေအိမ်တို့မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
## ဦးရွှေ (ရေမှတ်စောင့်)
### အသက်(၇၅)နှစ်

ကျောက်တန်းမြို့၊ စံချိန်မီ(၂)ရပ်ကွက်၊ စိမ့်စမ်းလမ်း၊ အမှတ် ၈၅နေ ဒေါ်စိုး၏ခင်ပွန်း ဦးရွှေ (အသင်းဝင်အမှတ်-၃၁၉၁)သည် ၂၇-၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၅ ရက်တွင် ကျောက်တန်းသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

### ရဟန်းဒါယကာ
## အရာခံဗိုလ်တင်အုန်း
### (တပ်မတော်-ရေ)(ငြိမ်း)
### တိုက်ကြီးမြို့နယ်အသင်းဝင်
### အသက်(၇၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဈေးရပ်ကွက်၊ မေတ္တာလမ်း၊ တိုက်ကြီးမြို့နေ (ဦးပွေး - ဒေါ်အေးတင်)တို့၏ သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေဂုံတိုင်ရပ်ကွက်နေ (ဦးထွန်းကြည်-ဒေါ်ခင်မြ)တို့၏သားသမက်၊ တိုက်ကြီးမြို့၊ ဝန်ထမ်းကွက်သစ်၊မင်းရဲကျော်စွာလမ်းနေ ဒေါ်ဖြူဖြူထွေး(ခ)ဒေါ်ဖြူလုံး၏ခင်ပွန်းသည် ၂၇-၂-၂၀၁၅ရက် (သောကြာနေ့)နံနက် ၀၀း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၃-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် နေအိမ်မှ တိုက်ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ဝင်း (ရွှေဘို)
### အသက်(၅၅)နှစ်

ရွှေဘိုမြို့၊မေတ္တာကန်ရပ်နေ ဦးသန်းညွန့်(ခ)ဦးထွန်းဝင်း-ဒေါ်ခင်နှင်းတို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် ၁၁၃၊ ဌာနလမ်းနေ [ဦးသောင်းရှိန်(ခ)ဗိုလ်ညို-ဒေါ်စိန်မှီ]တို့၏သားသမက်၊ ရွှေဘိုမြို့နေ ဦးအောင်ထွန်း-ဒေါ်ခင်မေထွန်းတို့၏မောင်၊ အမှတ် ၆၁၊ နေပြည်တော်နေ ဦးအောင်နိုင်-ဒေါ်လဲ့လဲ့ဝင်း၊ ဒေါ်ရီရီဝင်း (ရွှေဘို)တို့၏ အစ်ကို၊ မရည်လဲ့ဦး (Grade-1၊ အထက-၂၊ လသာ)တို့၏ဖခင်၊ ဒေါ်သီသီခိုင်(ခ)မမော်(Panda Group of Companies)၏ချစ်လှစွာသောခင်ပွန်းသည် ၂၆-၂-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ဥသျှစ်ကန်သုသာန်၌ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူခြင်း
## ဟာဂျီမကူလ်စွမ်ဘီ(ခ) ဒေါ်အုန်းမေ
### အသက်(၇၀)

စစ်တွေမြို့နေ [အေဆန်းအလီ(ခ)ဦးသာဒိုး]၊ [ဒေါ်အာရာဘီ(ခ)ဒေါ်စံသာ]တို့၏သမီးထွေး၊ (ဗိုလ်မှူးသိန်းတင့်)၏ဇနီး၊ ဦးခင်ဇော်ရွှေ-ဒေါ်တင့်တင့်မေ၊ ဦးသိန်းလင်းထက်-မိုးချယ်ရီလွင်တို့၏မိခင်၊ ယဉ်မေဇော်၊ မျိုးတင့်ဇော်၊ ဖြိုးဝေလင်းတို့၏အဘွားသည် ၂၆-၂-၂၀၁၅ရက် ည ၈း၃၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၇-၂-၂၀၁၅ ရက်တွင် ဂျူမာနမာစ်အပြီး ဂျနာဇာဖတ်၍ ဒါဖနာပြုလုပ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
### သိက္ခာတော်ရသင်းထောက်ကြီး
## ဦးထွေး
### ကြည့်မြင်တိုင်နှစ်ခြင်းအသင်းတော်
### BROTHER HTWE
### သူနာပြုဆရာကြီး(ငြိမ်း)
### အသက်(၉၆)နှစ်

(ဦးဘမြိုင် - ဒေါ်တင်)တို့၏သား၊ သိက္ခာတော်ရသင်းထောက်ကြီးဦးထွေးသည် ၂၇-၂-၂၀၁၅ရက် (သောကြာနေ့) နံနက် ၃နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂-၃-၂၀၁၅ ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကြည့်မြင်တိုင်နှစ်ခြင်းအသင်းတော်

## ဒေါ်ကျင်နု (ဓနုဖြူ)
### အသက်(၉၆)နှစ်

ဓနုဖြူမြို့နေ (ဦးစိန်ခို-ဒေါ်ပန်းရီ)တို့၏ဒုတိယသမီးသည် ၂၆-၂-၂၀၁၅ ရက် (ကြာသပတေးနေ့) ညနေ ၆း၃၀ နာရီတွင် လမ်းမတော်မြို့နယ်၊ လှည်းတန်းလမ်း၊ အမှတ် ၈၃ နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၅ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဓနုဖြူအသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအကြောင်းအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

ဓနုဖြူအသင်း(ရန်ကုန်)

### ဘုရား၊ ရဟန်း ဒါယိကာမကြီး
## ဒေါ်ကွီး(ခ)ဒေါ်ကွီးလှိုင်
### (မော်လမြိုင်)
### အသက်(၇၉)နှစ်

သထုံမြို့နေ(ဦးစွေ့စိန်-ဒေါ်ကျင်ရွှေ)တို့၏သမီး၊ (ဦးပါရှင်-ဒေါ်ဘဏ်ရင်)၊ (ဒေါ်ချစ်မွေး-ဦးကွင်းစိန်)၊ (ဦးခင်မောင်-ဒေါ်ကြင်သန်း)တို့၏ညီမ၊ ဒေါ်လှိုင်-(ဦးဟန်တင်)၊ ဦးရန်ရှင်း-(ဒေါ်မြင့်မြင့်အေး)၊ ဒေါ်ကျင်ညွန့်-(ဦးသန်းဝေ)၊ ဒေါ်ချိုချိုလွင် - ကိုစီးဟောင်၊ ဦးသက်ရှင်း - ဒေါ်စိုးစိုးတို့၏ အစ်မ၊ (ဦးကက်လွင်)၏ဇနီး၊ ဦးဝင်းအောင်-ဒေါ်သက်ထားစု၊ (ဦးဝင်းမြင့်)၊ ဦးဝင်းနိုင်၊ (ဦးဝင်းမောင်)-ဒေါ်အေးအေးလွင်၊ ဒေါ်သင်းသင်းလွင်တို့၏မိခင်၊ ဝမ်ဝမ်း၊ နှင်းဦးလွင်တို့၏အဘွားသည် စမ်းချောင်းမြို့နယ်၊ မင်းလမ်း၊ အမှတ် ၂၄၊ (ငါးလွှာ) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စန်းရှင် (မုဒုံ)
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဆယ်သိန်းရပ်ကွက်၊ ကူစ္စသယလမ်း၊ သုမင်္ဂလာအိမ်ရာ(၂)၊အမှတ် ၆၊ အခန်း ၀၀၁နေ (ဦးမောင်ကြီး-ဒေါ်ငွေသင်)တို့၏သမီး၊ ဦးအောင်သန်းဦး-ဒေါ်ခင်သန်းဝေ၊ ဦးအေးမောင်(C/CK Trade Wind)-ဒေါ်ချိုမာဝင်း၊ (ဦးမင်းသိန်း)၊ (ဦးစန်းလှိုင်)တို့၏မိခင်၊ ဦးကျော်လှိုင်၏ချစ်လှစွာသောဇနီး၊ မောင်စိုးတင့်အောင် (Oil St-Johns Ship Management Co.Ltd.)-မဆွေလှိုင်ဦး၊ မသဉ္ဇာ(ထွေ/အုပ်၊ သင်္ဃန်းကျွန်း)၊ မောင်ကောင်းထက်မောင်(A/B Trade Wind)၊ မောင်ဝေယံထက်မောင်တို့၏အဘွား၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၇-၂-၂၀၁၅ရက်(သောကြာနေ့) နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်ကြည်ရှင် (ပုလောမြို့)
### အသင်းဝင်အမှတ်-၇၅၅
### အသက်(၇၃)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၂)ရပ်ကွက်၊ နှင်းဆီလမ်းနေ (ဦးထွန်းရှိန်)၏ဇနီးသည် ၂၀-၂-၂၀၁၅ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တသောဘိတ
### စိန်မင်္ဂလာကျောင်း၊ မြောက်ဥက္ကလာပ
### သက်တော်(၈၁)နှစ်၊ သိက္ခာတော်(၆၁)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ပုရွက်ဆိတ်ကုန်းရပ်ကွက်၊ စိန်မင်္ဂလာကျောင်းတိုက်၏အာဒိကမ္မိက ဦးစီးပဓာနနာယကဖြစ်တော်မူသော ဘဒ္ဒန္တသောဘိတ မဟာထေရ်မြတ်၊ လဇ္ဇီပေသလ သိက္ခာကာမ ဝိနယဂရုဖြစ်တော်မူသော ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်၊ ကပ်ချောင်းကျေးရွာနေ ခမည်းတော် ဦးဖိုးစိန်ဦး - မယ်တော် ဒေါ်ရှည်တို့၏သား ဘဒ္ဒန္တသောဘိတ မထေရ်မြတ်သည် (၁၃၇၆ခုနှစ် တပေါင်းလဆန်း ၈ရက်) ၂၅-၂-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၆း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၆ခုနှစ် တပေါင်းလဆန်း ၁၄ရက်) ၃-၃-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် စိန်မင်္ဂလာကျောင်းတိုက်မှကားများ ထွက်ခွာ၍ ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

စျာပနဖြစ်မြောက်ရေး
စိန်မင်္ဂလာကျောင်း တပည့်ဒါယကာ၊ ဒါယိကာမများ

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ရေကန် ဒါယိကာမကြီး
## ဒေါ်မြကြည် (စံသိန်းပွဲရုံ)
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၄လမ်း၊ အမှတ် ၄၀နေ (ရွှေကျင်ပွဲရုံ ပွဲစားကြီး ဦးမောင်လေး-ဒေါ်ရင်)တို့၏သမီး၊ (ဦးသိန်းမောင်-ဒေါ်အုန်းကြည်)၊ (ဦးသိန်း-ဒေါ်သန်းစိန်)တို့၏ညီမ၊(ဦးကြည်ဝင်း-ဒေါ်တင်ရီ)တို့၏အစ်မ၊ ဦးစန်းဝင်း-ဒေါ်နုနုယဉ်၊ ဦးအောင်ကျော်ဇော-ဒေါ်ယဉ်မေသိန်း၊ ဦးအောင်ကြည်တို့၏ကြီးကြီး၊ ကိုနေထွန်း၊ မချစ်စုရည်၊ မောင်ဆက်ဖြိုးဝေ၊ မဝတီကျော်ဇော၊ မဟန်သူအောင်၊ မနှင်းပွင့်အောင်၊ မဆုလာဒ်ပိုင်တို့၏အဘွားသည် ၂၆-၂-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၅ရက် (စနေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊လမ်း၊တံတား၊ရေကန်ဒါယိကာမကြီး
## ဒေါ်မြကြည်(စံသိန်းပွဲရုံ) အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၄လမ်း၊ အမှတ် ၄၀နေ (ရွှေကျင်ပွဲရုံ ပွဲစားကြီး ဦးမောင်လေး-ဒေါ်ရင်)တို့၏သမီး၊ (ဒေါ်အေးနွဲ့)၊ (ဦးအေးသိန်း)-ဒေါ်စောကြည်၊ (ဦးလှတင်)-ဒေါ်ဝင်းကြည်၊ ဒေါ်စိန်အေး၊ ဦးအေးသန်း-(ဒေါ်လှလှမြင့်)တို့၏အဒေါ်၊ ဦးဇော်မင်းအောင်-ဒေါ်မြင့်သန်းနွယ်(Pyi Hein Aung Co.,Ltd.)၊ ဦးတင်ထွန်းအောင်(N.Y)၊ ဦးဇော်ထွန်း(M.M.A မြောင်းမြ)-ဒေါ်စုလေးမေ၊ ဒေါ်နှင်းအေးကြည်(Golden Min Khaung Co.,Ltd.)၊ ဦးအောင်ခင်-ဒေါ်ညိုနွဲ့ဦး၊ ဦးဖြိုးဝေလင်း-ဒေါ်ကြည်ကြည်ဝင်းတို့၏အဘွား၊ မောင်ပြည့်ဟိန်းအောင်၊ မအိန္ဒြာအောင်၊ မောင်ပြည့်ဖြိုးထွန်း၊ မောင်ကောင်းပြည့်စုံ၊ မောင်သော်ထက်နိုင်၊ မငြိမ်းထက်အောင်၊ မထက်ထက်ဦးတို့၏ဘွားဘွားကြီးသည် ၂၆-၂-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၅ရက်(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သိန်းထွေး(ခ)(အဆိုတော်ဒေါ်အေးမိစံ)(မြင်းခြံမြို့)
### မိုးကုတ်ယောဂီ
### အသက်(၈၃)နှစ်

မြင်းခြံခရိုင်၊တောင်သာမြို့နယ်၊ ခြံကြီးကျေးရွာနေ ဦးဘိုးဘ-ဒေါ်ဖွားရင်တို့၏သမီး၊ ဦးအေး-ဒေါ်စောရင်တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ခေမာသီရိလမ်း၊ တိုက် ၄၉၇-၄၉၈၊ (၅-က)နေ ဒေါ်ခင်ဝင်းမာ(လက်ထောက်တိုင်းဒေသကြီး ဥပဒေအရာရှိ၊ အငြိမ်းစား)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဥပဒေချုပ်ရုံး၊ ဦးမောင်မောင်ညွန့်-ဒေါ်ကြည်ကြည်ညွန့်(PST Construction)၊ ဦးသန်းငွေး(ဧည့်လမ်းညွှန်)၊ ဦးဝင်းကိုကိုဦး-ဒေါ်သင်းသင်းအေးတို့၏ချစ်လှစွာသောမိခင်ကြီး၊ ဉူးက္ကန္ဒွေဘာသ၏ ရဟန်းအမကြီးသည် ၂၇-၂-၂၀၁၅ရက် (သောကြာနေ့) နံနက် ၃း၄၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးခင်ဝင်း
### အသက်(၆၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်နေ(ဦးမြခိုင်-ဒေါ်ကျင်သိန်း)တို့၏သား၊ ဦးအောင်မြင့်-ဒေါ်ခင်မေကြည်တို့၏သားသမက်၊ ဒေါ်ခိုင်ခိုင်မြင့်၏ခင်ပွန်း၊ ကိုကျော်ဇေယျ-မနန္ဒာဝင်းခိုင်၊ ဗိုလ်ကြီးဇေယျာဝင်းခိုင်-မခင်မီကျော်၊ ကိုရဲလူအောင်-မကေဇာဝင်းခိုင်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၆-၂-၂၀၁၅ရက်(ကြာသပတေးနေ့)ည ၁၀း၄၇နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၅ရက်(စနေနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (လှိုင်မြို့နယ်၊ သုခလမ်း၊ တိုက် ၁၉၆၊ ခြောက်လွှာ နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၃-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒုရဲအုပ်ဝေလင်းထက်
### (တာချီလိတ်ခရိုင်ရုံးဦးစီးဌာန)
### အသက်(၃၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ကုက္ကိုကုန်းကျေးရွာနေ ဦးစိုးမြင့်-ဒေါ်ကြည်တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၂၃) ရဲစခန်းဝင်း၊ လိုင်းအမှတ် ၇နေ တပ်ကြပ်မောင်မောင်စိုး-ဒေါ်ယဉ်မွေးတို့၏သားသမက်၊ ဒေါ်မီမီစိုး၏ချစ်လှစွာသောခင်ပွန်း၊ မမြဖူးသွင်၏ဖခင်သည် ၂၇-၂-၂၀၁၅ရက် (သောကြာနေ့)နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ရဟန်းဒါယကာကြီး
## ဦးစိုးဝင်း (CDC-34007)
### အသက်(၅၅)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင် ၁၃လမ်း၊ အမှတ် ၇၉၆နေ ဦးအေး(လ/ထ မန်နေဂျာ၊ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း) - ဒေါ်သန်းညွန့်တို့၏ သားကြီး၊ ဦးစိုးလွင်-ဒေါ်လှဝင်းတို့၏ သားသမက်၊ မကေခိုင်စိုးဝင်း၊ မောင်သီဟစိုးဝင်း၊ မောင်ရန်နောင်စိုးဝင်း၊ မောင်မင်းကိုကိုစိုး၊ မောင်မင်းညီညီစိုးတို့၏ဖခင်၊ မောင်အဂ္ဂစိုးဝင်း၊ မကြယ်စင်တို့၏အဘိုးသည် ၂၆-၂-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မြန်မာနိုင်ငံလို ဒီမိုကရေစီစတင်အုတ်မြစ်ချနေတဲ့ နိုင်ငံတစ်နိုင်ငံအတွက် မီဒီယာများရဲ့အခန်းကဏ္ဍဟာလည်း အလွန်ပဲအရေးကြီးပါတယ်။ အထူးသဖြင့် မီဒီယာများအနေနဲ့ မိမိဖော်ပြတဲ့သတင်းတွေအပေါ်မှာ တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း၊ မျှတစွာဖော်ပြခြင်း စတဲ့ မီဒီယာကျင့်ဝတ်များနဲ့ ပြည့်စုံဖို့ လိုအပ်ပါတယ်။ ဒါမှသာလျှင် ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့ ရေဒီယိုမိန့်ခွန်းမှ ကောက်နုတ်ချက်)

# ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအခွင့်အရေး ကာကွယ်ရေးဆွေးနွေး

ဗန်ကောက် ဖေဖော်ဝါရီ ၂၇

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ယနေ့နံနက်ပိုင်း ဒေသစံတော်ချိန် ၉ နာရီ မိနစ် ၂၀ တွင် Samut Sakom ခရိုင်ရှိ ခရိုင်ကျန်းမာရေးမြှင့်တင်မှုဆေးရုံသို့ရောက်ရှိကြရာ Samut Sakom ခရိုင်ပြည်နယ်အုပ်ချုပ်ရေးမှူး Acting Pol. Lt. Arthit Boonyasophat နှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဆေးရုံအစည်းအဝေးခန်းမ၌ Registered Nurse, Professional Level Ms. NAHATHAI CHULKARAT က ခရိုင်ကျန်းမာရေးမြှင့်တင်မှု ဆေးရုံဆိုင်ရာအချက်အလက်များ၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ်နှင့် ကျန်းမာရေးစီမံခန့်ခွဲမှု၊ အများပြည်သူနှင့်သက်ဆိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းခဲ့ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❒



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ထိုင်းနိုင်ငံမှ တာဝန်ရှိသူများ ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

## စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဆက်လက်ကျင်းပ

သတင်းနှင့်ဓာတ်ပုံ ကိုကိုစိုးညွန့်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

**၂၀၁၅ ခုနှစ် စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ ကရာတေးဒို၊ မြန်မာ့သိုင်း၊ ဘောလုံး၊ ဘတ်စကက်ဘော၊ ဖူဆယ်၊ အလေးမ၊ ပိုက်ကျော်ခြင်း၊ လက်ဝှေ့နှင့် ဘော်လီဘောပြိုင်ပွဲများကို နေပြည်တော်ရှိ သတ်မှတ်ထားသည့်နေရာများ၌ ယှဉ်ပြိုင်ကြသည်။**




မြန်မာ့သိုင်းစွမ်းရည်ပြပြိုင်ပွဲ၏ ပြကွက်တစ်ခု။

လက်ဝှေ့ပြိုင်ပွဲများကို မွန်းလွဲ ၂ နာရီတွင် ဝဏ္ဏသိဒ္ဓိလက်ဝှေ့ အားကစားရုံ၌ ကျင်းပရာ အမျိုးသမီး ဗိုလ်လုပွဲများ၌ ၄၅ ကီလိုတန်းတွင် နီနီကို (နေပြည်တော်)က လည်းကောင်း၊ ၄၈ ကီလိုတန်းတွင် သက်ထားစံ (ကရင်)ကလည်းကောင်း၊ ၅၁ကီလိုတန်းတွင် နှင်းမို့မို့နိုင်(ရှမ်း)ကလည်းကောင်း၊ ၅၄ ကီလိုတန်းတွင် နွယ်နီဦး(ပဲခူး)က လည်းကောင်း၊ ၆၀ကီလိုတန်းတွင် ဘယ်ရောနီကာ (ရှမ်း)က လည်းကောင်း အသီးသီး အနိုင်ရကာ ဗိုလ်စွဲကြပြီး အမျိုးသားအကြို ဗိုလ်လုပွဲစဉ်များလည်း ယှဉ်ပြိုင်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✻

## အရည်အချင်းစစ်စာမေးပွဲ Aptis Test ရမှတ်များနှင့် အဆင့်တူညီသော IELTS Band Score များကို ထုတ်ယူနိုင်ကြောင်း ကြေညာ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

နိုင်ငံတော်သမ္မတ၏ပညာတော်သင်ဆု ပထမအသုတ် လူတွေ့စာမေးပွဲကို ဖေဖော်ဝါရီ ၁၇ ရက်တွင် ရန်ကုန်မြို့၌ကျင်းပခဲ့ရာ စုစုပေါင်း ၁၃၈ ဦး ဝင်ရောက်ဖြေဆိုခဲ့ပါသည်။ လူတွေ့ဖြေဆိုသူများအနက် နိုင်ငံခြားတက္ကသိုလ်များသို့ လျှောက်ထားရာတွင် အသုံးပြုနိုင်ရန် Aptis Test ရမှတ်များနှင့် အဆင့်တူညီသော IELTS Band Score များကို ထုတ်ယူလိုသူများသည် ဗြိတိသျှကောင်စီ Exam Centre သို့ သွားရောက်၍သော်လည်းကောင်း၊ eiei.mon@mm.britishcouncil.org သို့ ဆက်သွယ်၍သော်လည်းကောင်း မတ်လ ၂ ရက်နေ့မှ စတင်ထုတ်ယူနိုင်ပါသည်။

ပညာတော်သင်ဆုနှင့် သက်ဆိုင်သောကြေညာချက်များကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.myanmar-education.edu.mm တွင် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာန

### ယနေ့ မာတိကာ

ဒီမိုကရေစီရှင်သန်ရေးအတွက် တည်ငြိမ်အေးချမ်းမှုကိုလိုလားကြောင်း စုပေါင်းဆန္ဒဖော်ထုတ်

စာမျက်နှာ » ၁၀

ဆင်စွယ်တင်သွင်းမှု တရုတ်တစ်နှစ်ကြာ ယာယီပိတ်ပင်


စာမျက်နှာ » ၁၄




R/488 မြန်မာ့အလင်းသတင်းစာတိုက်
မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ


## ဗုဒ္ဓဂယာ မြေမြတ်မဟာဗွဲ့ သာသနာ့ရောင်ဝါ ထွန်းလင်းစေဖို့ သာသနိက အဆောက်အအုံ လှူကြပါ





ပုံ မြို့ သိမ် ပုထိုး

## သစ္စာ
အာမခံ စိန်၊ ရွှေ၊ ပလပ်တီနမ် ဆိုင်

- ရောင်းသူနှင့် ဝယ်သူကြား သစ္စာတရားကို လက်ကိုင်ထား၍ ရောင်းချပေးနေသော သစ္စာရွှေဆိုင်မှ ဆိုင်သစ်ကြီးကို ထပ်မံဖွင့်လှစ်လိုက်ပါသည်။
- ဆိုင်သစ်ကြီးတွင် အရည်အသွေးမြင့် ခေတ်မီဆန်းပြားဒီဇိုင်းဆန်း ပလက်တီနမ်၊ စိန် နှင့် ရွှေထည် လက်ဝတ်ရတနာများကို တိကျမှန်ကန်သော Digital စက်မြင့်ချိန်တွယ်၍ ပစ္စည်းမှန် ၊ ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆိုင်(၁)- အမှတ် (၄၃၆)၊ မဟာဗန္ဓုလလမ်း၊ ၂၉-လမ်းထိပ်၊ ဖုန်း - ၀၁-၃၇၄၇၆၆၊ ၀၉-၄၄၇၂၀၇၇၇၇

ဆိုင်(၂)- အမှတ် (၅၃၀)၊ မဟာဗန္ဓုလလမ်း၊ ၂၇-လမ်းထိပ်၊ ဖုန်း - ၀၁-၂၄၆၁၂၀၊ ၀၉-၂၅၉၂၅၉၁၈၈

## ရွှေနဂါး
Scania, Volvo, Yutong
- ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်)
- ငွေဆောင် (နေ့စဉ်)

Ph: 209077, 209388, 09-73167000, 09-73168000

## ဦးမောင်မောင်ထွန်းမြင့်(ဆရာထွန်း)
၁။ အင်္ဂလိပ် ⟷ မြန်မာ ဘာသာပြန်လုပ်ငန်း
၂။ ဘာသာပြန် ဆိုနည်းသီအိုရီနှင့် သင်တန်း

## ရောင်းမည်
သင်္ဃန်းကျွန်းမြို့နယ်၊ ... နေထိုင်ရန်အခန်းများကို အမြန်ရောင်းမည်။ အဆင့်မြင့် ပြင်ဆင်ပြီး B.C.C ရရှိပြီးဖြစ်သည်။
ဖုန်း- 09-5401011, 09-73095677

## "ပိုင်စံ" (မြန်မာ)
နေ့ရောင်း မြန်မာ စာစီစာကုံး သင်တန်း
၅-တန်းမှ ၁၀-တန်းအထိ
(သင်တန်းလက်ခံချိန် 10:00 AM to 6:00 PM)
(သင်တန်းလက်ခံချိန် 4:00 PM to 7:00 PM)

## မြတ်ပညာ
မဂ္ဂဇင်း


အတွဲ ၁ ၊ အမှတ် ၃ ၊ ၂၀၁၅ ခုနှစ် ၊ ဖေဖော်ဝါရီလ

ဆရာဦးမြင့်ဦး(အောင်ပွဲဝင် ရှမဝေ)ဦးစီးတည်ထောင်၍ ဆရာမဒေါ်မြတ်သီတာဦး နှင့် ဆရာကြီးမံချစ် စီစဉ်သည်။

## မဟာအောင်မြေ ကိုယ်ပိုင်အထက်တန်းကျောင်း
( ၅တန်းမှ၁၀တန်းအထိ )

အဆင့်မြင့်ဘော်ဒါ၊ နေ့တက်ဘော်ဒါ၊ ထူးချွန်ရေးစာသင်ဝိုင်းများ





Computer Room · Language Lab · Library · Class Room · Science lab

09-252229991, 09-252229992, 09-252229993, 09-73033213


## အများသိစေရန်(သို့)မသက်ဆိုင်တော့ပါကြောင်း

ကျွန်တော် မောင်ဝင်းထွဋ်ဦး ၇/သဝတ(နိုင်)၀၆၇၉၀၇ ၏ဇနီး ၃/၁၁လမ်း၊ ရွှေမြိုင်သီရိရပ်ကွက်၊ မော်လမြိုင်မြို့နေ ဦးအေးမောင် ၁၀/မလမ(နိုင်)၀၃၁၄၂၈၊ ဒေါ်သိန်းကြည် ၁၀/မလမ(နိုင်)၀၃၁၄၂၉ တို့၏သမီး မကြည်ကြည်ဦး ၁၀/မလမ(နိုင်)၀၅၃၄၄၂ သည် ကျွန်တော်၏ခွင့်ပြုချက်မရရှိဘဲ အိမ်ပေါ်မှ ငွေကျပ်(၄၅)သိန်းကို မိမိသဘောအရ ယူဆောင်ပြီး ဆင်းသွားပါသဖြင့် ကျွန်တော်၏ ဇနီးအဖြစ်မှစွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သမျှကိစ္စအဝဝသည် ကျွန်တော်နှင့် လုံးဝ(လုံးဝ) မသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

နောက်နောင် ကျွန်တော်နှင့် ကျွန်တော့်မိဘများ၏ ဂုဏ်သိက္ခာညှိုးနွမ်းစေမည့် အပြုအမူ အပြောအဆိုပေါ်ပေါက်လာပါက တရားဥပဒေအရအရေးယူမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**မောင်ဝင်းထွဋ်ဦး**
**၇/သဝတ(နိုင်)၀၆၇၉၀၇**

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

[illegible]

[illegible]

## ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်

[illegible]

(Account No.061-301-06100921001)

(Account No.021-31-501798-9)

[illegible]


## ဟောဒိတ္ထူး
[illegible]

### ဗုဒ္ဓဂယာ ခရီးစဉ်
14ည 15ရက် ခရီးစဉ် [illegible]
7ည 8ရက် ခရီးစဉ် [illegible]

### ဘန်ကောက် ခရီးစဉ်
4ည 5ရက် ခရီးစဉ်
5ည 6ရက် ခရီးစဉ်

April -10, 12

[illegible] 01-377 814, 01-379 465 [illegible] 02-64959, 09-4311 5590

Hot Line: 09 320 777 99


## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အထက(၂)၊ ဆဋ္ဌမတန်း(င)မှဦးစိုးမင်းနိုင်-ဒေါ်ကျော့ကျော့ခိုင်တို့၏သား မောင်ပြည့်စုံဖြိုးအား မောင်ပိုင်ဆက်နိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ပိုင်ဆက်နိုင်**

## ဖခင်အမည်မှန်

လားရှိုးမြို့၊ ရပ်ကွက်(၁၀)နေ စိုင်းစိုးမိုး ၁၃/လရန(နိုင်)၁၅၇၇၃၉ ၏ ဖခင်အမည်မှန်မှာ ဦးစိုင်းမြင့်(ခ) ဦးအောင်ကျော်မြင့် ၁၃/လရန(နိုင်)၀၁၅၈၁၈ ဖြစ်ပါသည်။


Dictionary For All

သာကူန်
[illegible]

New


## အမည်မှန်

လားရှိုးမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(ဃ)မှ မောင်နေမျိုးကျော်၏ အမည်မှန်မှာမောင်တင်မျိုးကျော် ၁၃/လရန(နိုင်)၁၉၇၀၁၆ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၆)၊ သတ္တမတန်းမှ မနှင်းဝတ်ရည်၏ ဖခင်အမည်မှန်မှာ ဦးရှောက်ကန် ဖြစ်ပါသည်။


Yes!! English School

Always say Yes!! to English.

4 skill English classes

- Basic
- Elementary
- Intermediate
- Advanced
- IELTS,TOEFL, SAT

Starting On March 7,8,11,14,16,18,22,25,28.

Ph : 01-511778, 09-73033648


## ကန့်ကွက်နိုင်ပါကြောင်း

[illegible]

ဦးမိုးမြင့် B.Sc, H.G.P, R.L [illegible]

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁/၁ရွှေပေါက်ကံ)၊ မြေကွက်အမှတ် ၉၀၃၊ မြေကွက်တည်နေရာအမှတ် ၉၀၃၊ ပုလဲနွယ်ရီလမ်း၊ (တပ်ကြပ်ကြီးလက်သန်း) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် တပ်ကြပ်ကြီးလက်သန်းထံမှ အရပ်ကတိစာချုပ်ဖြင့်ရရှိသူ ဒေါ်ကြည်မာလတ် ၁၄/ညတန(နိုင်) ၀၄၁၀၁၆ မှ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး/ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

## အသိပေးကြေညာခြင်း

ဒဂုံ/မြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ မြေကွက်အမှတ် ၅၃၆၊ မြေကွက်တည်နေရာအမှတ်(၅၃၆)၊ တောင်သရက်လမ်း၊ ဒဂုံ/မြောက် ဦးခင်မောင်ဝင်း ၁၂/ကမရ(နိုင်)၀၄၃၁၄၇ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးခင်မောင်ဝင်းက ဂရန်ပျက်စီး/ခြကိုက်သွားပါ၍ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာများတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ဤဌာန၏လုပ်ထုံးလုပ်နည်းအရစိစစ်ပြီး ခွင့်ပြုပြီးဖြစ်ပါ၍ မူလဂရန်(မူရင်း) စာအုပ်အားပယ်ဖျက်လိုက်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

## ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်ကျော်မင်း (ညွှန်ကြားရေးမှူး- ငြိမ်း) ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ဒေါ်နန်းလေးသီတို့၏ သားငယ် မောင်ကေမင်းထက်သည် ၂၁-၂-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ **သူနာပြုနှင့်သားဖွားသင်တန်းကျောင်း စစ်တွေမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄)၊ မြေကွက်အမှတ် (၂၆၀)၊ မြေကွက်တည်နေရာအမှတ်(၂၆၀)၊ သိင်္ဂီ ၁လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒေါ်ရီရီမြင့် ၁၂/ဒဂန (နိုင်)၀၂၁၃၉၆၊ ဦးအောင်သန်း AA-၀၆၉၉၉၃ အမည်ပေါက် နှစ် ၆၀ ဂရန်မြေ အား အမည်ပေါက်ဒေါ်ရီရီမြင့်၊ ဦးအောင်သန်းနှစ်ဦးအနက်မှ ဦးအောင်သန်း ကွယ်လွန်သဖြင့် ဒေါ်မြမြ ၁၂/ဥကတ(နိုင်) ၀၃၉၂၇၉ က တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများတင်ပြပြီး ပူးတွဲပိုင်ရှင်ဒေါ်ရီရီမြင့်ထံမှ SP-၃၂၉၇၃/ ၁၉-၁၂-၂၀၁၄ ရသူ ဒေါ်သီတာမင်း ၁၂/ကမရ(နိုင်)၀၃၅၇၁၉ က ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

## အထူးဝမ်းနည်းကြေကွဲခြင်း
**မောင်မင်းမောင်သန့်**
**ပထမနှစ်၊ နည်းပညာတက္ကသိုလ်**
**အသက်(၁၈)နှစ်**

ဟသ်ာတမြို့နေ ဦးအောင်သက်ရှည်(ဒု-ညွှန်မှူး၊ကျေးလက်)-ဒေါ်ခင်လေးမြင့်(ဒု ဦးစီးမှူး၊ ကျေးလက်)တို့၏သား မောင်မင်းမောင်သန့်သည် ၁၁-၂-၂၀၁၅ရက်ည ၇:၀၀ နာရီတွင် လားရှိုးမြို့၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ဦးအောင်နိုင်(ဒုတိယအင်ဂျင်နီယာမှူးကြီး ရခိုင်ပြည်နယ် စည်ပင်၊ စစ်တွေမြို့) ဇနီးဒေါ်မြသီတာခိုင်**